
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ဈေးရဲ့- စာအုပ် ၄၄

စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၇၃၉/ ၂၀၀၂(၇)]

စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၇၉၁/ ၂၀၀၂(၉)]

■

ပုံနှိပ်
ပထမအကြိမ်
စာပေမွန်စာပေ၊ ဇွန်၊ ၁၉၇၀
ဒုတိယအကြိမ် (၅၀၀)
စာအုပ်ဈေး၊ ဒီဇင်ဘာ၊ ၂၀၀၃

အတွင်းပုံများ
ဦးဘကြည်

မျက်နှာဖုံး
မိုးဇင်

စာအုပ်ချုပ်
ဦးသိန်းထွန်း (ကျောက်မြောင်း)

ကွန်ပျူတာနှင့် အတွင်းဒီဇိုင်း
Minerva Graphic Design
အမှတ် ၁၀၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၃၇၂ ၀၆၈၊ ၅၃၇ ၂၁၃

■

ဦးသန်းဆွေ၊ စစ်သည်တော်စာပေ (၀၁၄၇၃)၊
အမှတ် ၁၁၃၁/ က၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်နီနီနိုင် (မြ ၀၇၁၃၅)၊ သီရိဓမ္မ ပုံနှိပ်တိုက်
အမှတ် ၁၉၊ ၉၀ လမ်း၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့်
ဒေါ်ခင်လှ (မြ ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် အတွင်းစာသားများကို ပုံနှိပ်သည်။

တစ်အုပ် (၆၅၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# တို့လူလေးများဆိုသလေး

ခင်မျိုးချစ်

(Emil and the Detectives)

by Erich Kastner

စာအုပ်ဈေး
အမှတ် ၈၀ (ဂျ)၊ ကမ္ဘောဇလမ်းသွယ် ၂၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၇ ၂၄၃၊ ၃၇၂ ၀၆၈

www.burmeseclassic.com

www.burmeseclassic.com

# တို့လူလေးများ ဆိုသလေး

(Emil And The Detectives)

(ခင်မျိုးချစ် ပြန်ဆိုသည်)

www.burmeseclassic.com

www.burmeseclassic.com

# တို့လူလေးများဆိုသလေး

ခင်မျိုးချစ်

(Emil and the Detectives)

by Erich Kastner

စာအုပ်ဈေး

အမှတ် ၈၀ (ဂျေ)၊ ကမ္ဘောဇလမ်းသွယ် ၂၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၃၇ ၂၃၃၊ ၃၇၂ ၀၆၈

www.burmeseclassic.com

www.burmeseclassic.com

# တို့လူလေးများ ဆိုသလေး

(Emil And The Detectives)

(ခင်မျိုးချစ် ပြန်ဆိုသည်)

www.burmeseclassic.com

www.burmeseclassic.com

'Emil and the Detectives' 'အီမယ်နှင့် စုံထောက်များ' ခေါ် ဝတ္ထုမှာ ဂျာမန်စာရေးဆရာကြီး Erich Kastner ရေးသား၍ ၁၉၂၈ ခုနှစ်တွင် ဂျာမနီပြည်၌ ထုတ်ဝေခဲ့ရာ ကလေးလူငယ်များ အလွန်နှစ်သက်ကြသည်။ အင်္ဂလိပ်ဘာသာပြန်၍ ၁၉၃၁ ခုနှစ်တွင် အင်္ဂလန်ပြည်တွင် ထုတ်ဝေပြီးနောက် ၁၉၅၉ ခုနှစ်၊ ၁၉၆၀၊ ၁၉၆၂–၆၃၊ ၁၉၆၄–၆၅၊ ၁၉၆၆ ခုနှစ်များတွင် ထပ်ခါထပ်ခါ ထုတ်ဝေခဲ့ရသည်။

Erich Kastner သည် ၁၈၉၉ ခုနှစ် ဒရက်စဒင်မြို့၌ မွေးဖွားသည်။ ယခုအခါ အသက် ၇၀ ကျော်ပြီ၊ ကဗျာများ ရေးသားရာ၌လည်း နာမည်ကြီးသည်။ ဝတ္ထုပေါင်းမြောက်မြားစွာ ရေးခဲ့သည်။

'အီမယ်နှင့် စုံထောက်များ' ဝတ္ထုမှာ တောမြို့ကလေးတစ်မြို့ ဆံပင်ကောက်ဆိုင်ရှင် မုဆိုးမကြီး၏သား အီမယ်ခေါ် သူငယ်ကလေးတစ်ဦး မီးရထားပေါ်တွင် ငွေခါးပိုက်နှိုက်ခံရ၍ အမေပေးလိုက်သောငွေများ ပျောက်သည်ကို အခြားကလေးများက ဝိုင်းကူညီစုံထောက်ကာ သူခိုးလည်းမိ၊ ပိုက်ဆံလည်း ပြန်ရအောင် လုပ်ကိုင်ကြပုံကို ဓာတ်လမ်းဖွဲ့ထားသည်။ ပျော်စရာလည်း ကောင်းသည်။ သည်းထိတ်ရင်ဖိုခန်းများလည်းပါသည်။ ကလေးတွေကို သနားစရာလည်း ကောင်းသည်၊ ညင်ညင်သာသာနှင့် ကလေးတွေ၏ အကျင့်စိတ်ဓာတ်များကိုလည်း ပြုပြင်၍ ပညာပေးသွားလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စစ်တစ်ရှဘီးက မစ္စစ်ဝပ်အား ခေါင်းလျှော်ပေးနေစဉ်

www.burmeseclassic.com

[ ၁ ]

## အီမယ် ခရီးသွားဖို့ပြင်ဆင်ခြင်း

အီမယ်၏ အမေ မစ္စစ်တစ်ရှာဘီးသည် လက်တစ်ဖက်တွင် ရေကရား၊ အခြားလက်တစ်ဖက်တွင် ခေါင်းလျှော်ရည်ပြည့်ထားသော ဇလုံအပြာကို တစ်ခုစီကိုင်ပြီး "အီမယ်ရေ အဲဟို ရေနွေးထည့်ထားတဲ့ ကရားကို တစ်ဆိတ် ဆွဲခဲ့စမ်းပါကွာ" ဟု ပြောရင်းဆိုရင်းပင် မီးဖိုခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားသည်။ အီမယ်လည်း ရေနွေးကရားကိုယူလာကာ နောက်ကလိုက်သွားသည်။

ဆိုင်ခန်းထဲတွင်ကား မိန်းမကြီးတစ်ယောက် ရေဇလုံအဖြူကြီးထဲ ခေါင်းစိုက်လျက် ထိုင်နေသည်။သူ၏ အရောင်ဖျော့ဖျော့ဆံပင်မှာ ဖိုးရိုးဖားရားနှင့် မျက်နှာပေါ်တွင် သိုးမွေးချည်ခင်များပမာ အုပ်နေသဖြင့် အီမယ်မှာ သူ့မျက်နှာကို မမြင်ရချေ။ မိန်းမကြီး ဘယ်သူဘယ်ဝါကိုလည်း မသိရချေ။ အီမယ်၏ အမေသည် မိန်းမကြီး၏ခေါင်းပေါ်သို့ ခေါင်းလျှော်ရေများ လောင်းချပြီး "ခေါင်းလျှော်ရေ သိပ်များပူနေသလား" ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မပူပါဘူး၊ အနေတော်ပါပဲ" ဟုပြန်ဖြေရာ အိမယ်၏အမေက တစ်ခေါင်းလုံး အဖြူဆံပင်ပြာမြုပ်တွေ ပွထလာအောင် နာနာလေး လက်နှင့် ပွတ်တိုက်ပေးလေသည်။

အိမယ်သည် မိန်းမကြီး၏အသံကြားရတော့မှ "ဟို လက်စသတ်တော့ မစွစ်ဝပ်ပါလား" ဟု ပြောလိုက်သည်။ မစွစ်ဝပ်သည် မုန့်ဆိုင်ရှင်၏ ဇနီးဖြစ်၍ အိမယ်နှင့် ကောင်းကောင်းသိသည်။ "မင်္ဂလာနံနက်ပါ မစွစ်ဝပ်" ဟု နှုတ်ဆက်ရင်း သူ့လက်ထဲက ရေချိုင့်ကို ရေဇလုံအောက်နားမှာ ချထားလိုက်သည်။

မစွစ်ဝပ်သည် ဆပ်ပြာမြုပ်တွေကြားထဲမှနေ၍ သူ့နှုတ်ခမ်း တရှူရှူလုပ်ကာ "အော် အိမယ်၊ မင်း ဘာလင်သွားမလို့ဆို၊ တယ်ဟန်ကျပါလား၊ မင်း သိပ်ကံကောင်းတဲ့ သူငယ်ပဲ" ဟု ပြောသည်။ သူ့အသံမှာ ပွအောင်ခေါက်ထားသည့် နွားနို့မလိုင်တွေ ပါးစပ်နှင့်တစ်လုံး စားနေရင်း ထွက်လာသည်နှင့် တူတော့သည်။ အိမယ်၏အမေသည် မစွစ်ဝပ်၏ဦးခေါင်းကို နာနာပွတ်ပေးရင်း "အမယ်– ဒါနဲ့များ သူက အစကတ မသွားချင်လိုက်သေးဘူး၊ ဒါပေမဲ့ ကျောင်းပိတ်တုန်း ဒီမှာ သူဘာလုပ်စရာရှိတာလိုက်လို့၊ ပြီးတော့လည်း သူ ဘာလင်မြို့ကြီးကို တစ်ခါမှ မရောက်ဖူးသေးဘူးလေ၊ ကျွန်မညီမ မာသာက အလည် ခဏခဏခေါ်နေသားပဲ။ သူတို့က ချောင်ချောင်လည်လည်၊ သူ့ယောကျ်ားက စာတိုက်မှာ အလုပ်လုပ်တယ်။ ကျွန်မတော့ အိမယ်နဲ့ လိုက်မသွားနိုင်ပါဘူးရှင်။ ကျောင်းပိတ်ရက် ရုံးပိတ်ရက်တွေမှာ အလုပ်က သိပ်ကျတယ်မဟုတ်လား၊ ပြီးတော့လည်း အိမယ်လည်း တစ်ယောက်တည်း သွားတတ်တာပါပဲ။ ငယ်တော့တာမှ မဟုတ်ဘဲ၊ သူ့ကိုယ်သူ နိုင်နိုင်ပါပြီ။ ဟိုရောက်ရင် ဘူတာက ကျွန်မအမေက ကြိုနေမှာပဲ၊ ပန်းဆိုင်နားက နေပြီး စောင့်နေမယ်တဲ့၊ သေသေချာချာမှာလိုက်တယ်" ဟု ပြောသည်။

ရေဇလုံထဲတွင် ခေါင်းနှစ်ထားလျက်သားရှိသော မစွစ်ဝပ်၏ အသံ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ "အို . . သူ ဘာလင်မှာ ပျော်မှာပါ၊ ကလေးတွေအတွက် ပျော်စရာကြီးပါပဲ။ မနှစ်က ကျွန်မတို့ဘောလုံးရိုက်အသင်းနဲ့ အလည်အပတ်သွားကြသေးတယ်၊ တကယ်ပါပဲရှင်၊ တကယ့်ကို ဆူညံတဲ့မြို့ကြီးပါပဲ၊ ညဆိုလည်း လမ်းမီးတွေ ထိန်နေလိုက်တာ၊ နေ့ကြောင်ကြောင်နဲ့ မခြားပါဘူး၊ သိလား– ပြီးတော့ လမ်းတွေကလည်း ကားတွေနဲ့ ရှုပ်နေတာပဲ၊ ကားတွေကလည်း များလိုက်တာ မပြောပါနဲ့တော့"

"နိုင်ငံခြား မော်တော်ကားတွေကော အများကြီးပဲလား" ဟု အီမယ်က အလောတကြီးမေးသည်။

"အဲဒါတော့ သိပေါင်ကွယ်" ဟု မစ္စစ်ဝပ်ကပြန်ပြောရင်း ပခုံးကိုတွန့်လိုက်ရာ နှာခေါင်းထဲ ဆပ်ပြာဝင်သွားသဖြင့် ချီးခနဲဖြစ်သွားသည်။

"အီမယ်ရေ– သွားပြီးပြင်ဆင်ချေဦးကွယ်၊ မင်းအခန်းထဲမှာ မင်းဖို့အင်္ကျီဝတ်စုံ သေသေချာချာ ထုတ်ပြီးထားတယ်၊ အဝတ်အစားလဲထားလိုက်၊ ဟောဒီ မစ္စစ်ဝပ် ဆံပင်လုပ်ပြီးရင် ညစာစားကြရအောင် ဟုတ်လား" ဟု အမေကပြောသည်။

"ဘယ်ရုပ်အင်္ကျီ ဝတ်ရမှာလဲအမေ"

"မင်းဝတ်ဖို့ရာအားလုံး မင်းအိပ်ရာပေါ်မှာ တင်ထားတယ်၊ သေသေချာချာ ခြေတွေလက်တွေ ဆေးလိုက်ဦးနော်၊ ပြီးတော့ ခြေအိပ်လည်း အတွင်းအပြင် မှန်အောင်စွပ် ကြားလား၊ ပြီးတော့ ဖိနပ်ကြိုးအသစ်တွေလည်း တွေ့လိမ့်မယ်၊ ကဲ– သွားသွား"

"ဟုတ်ကဲ့မေမေ" ဟု ပြောရင်း အီမယ် ထွက်လာခဲ့သည်။

မစ္စစ်ဝပ်သည် ခေါင်းလျှော်၍ ဆံပင်ပုံသွင်းပြီးလျှင် မှန်ထဲမှာ သူ့ကိုယ်သူ ကြည့် ကျေနပ်သည်နှင့် ပြန်သွားသည်။ မစ္စစ်တစ်ရှာဘီး အခန်းထဲသို့ ဝင်လာသောအခါ အီမယ်မှိုင်တွေချနေသည်ကို တွေ့ရသည်။

"တနင်္ဂနွေနေ့ အထူးဝတ်ဖို့ဆိုပြီး ဟောဒီဝတ်စုံတွေ ဘယ်သူ့ဖို့ စထွင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပါလိမ့်" ဟု အိမယ်က ရေရွတ်နေသည်။ သူ့အမေက "ဘာပြုလို့လဲ ကွဲ့" ဟုမေးရာ အိမယ်က "ဘာမှမပြုပါဘူး၊ အဲဒီလူ ဘယ်နေလဲဆိုတာ သိရင် သွားပြီး သေနတ်နဲ့ပစ်သတ်ချင်လို့ပါ" ဟု ပြန်ပြောသည်။

"အို- ဒုက္ခပါပဲ၊ ဘယ်တော့မှ အလိုမကျနိုင်ကြပါကလား၊ တချို့ ကလေးတွေမှာတော့ တနင်္ဂနွေနေ့ အထူးစပယ်ရှယ်ဝတ်ဖို့ ဝတ်စုံမရှိလို့ ဝတ် ချင်ကြလွန်းလို့၊ အဲလေ- လူတိုင်းမှာ ဒုက္ခကိုယ်စီနဲ့ချည်းပေါ့။ အော် ဒါထက် မေ့နေတော့မလို့၊ ညနေကျရင် မင်းဒေါ်ဒေါ် 'မာသာ' ဆီက အင်္ကျီချိတ် တောင်း၊ ဒီဝတ်စုံကို ချွတ်ပြီး သေသေချာချာ ချိတ်ထားနော်၊ မင်ဘီးနဲ့လည်း ပွတ်တိုက်လိုက်ဦး၊ နက်ဖြန်ကျတော့ မင်းနေ့တိုင်း ဝတ်နေကျ ဂျာစီအင်္ကျီပဲ ပြန်ဝတ်နိုင်ပါပြီ။ အဲဒီအင်္ကျီဝတ်လိုက်ရင် ပင်လယ်ဓားပြရုပ်တော့ ပေါက် သွားမှာပဲ။ ဒါပေမဲ့ မတတ်နိုင်ဘူးပေါ့၊ ကဲ-နေစမ်းပါဦး၊ ဘာများကျန်သေးလဲ၊ မင်းသားရေသေတ္တာထဲလည်း အစုံထည့်ပြီးပြီ။ မင်းဒေါ်ဒေါ်အတွက် ပန်းတွေ လည်း စည်းထုပ်ပြီးပြီ။ ညစာစားပြီးတော့မှ မင်းဘွားဘွားအတွက် ပိုက်ဆံ ပေးတော့မယ်။ ကဲ လာလာ ကိုလူပျိုရဲ့၊ စားချေ သောက်ချေကြဦးစို့" ဟု ပြောပြောဆိုဆိုနှင့်ပင် အိမယ်အား ပခုံးပေါ်လက်တင်ပြီး ရှေ့ကနေ တွန်းထုတ် ကာ မီးဖိုဆောင်သို့ ခေါ်လာခဲ့သည်။

ထိုညနေအဖို့ ညစာမှာ မာကရိုနီနှင့် ဒိန်ခဲ-ဝက်ပေါင်ဖြစ်၍ အိမယ် အလွန်ကြိုက်သည့် အစာဖြစ်သည်။ အိမယ်သည် မြိန်ရေရှက်ရေစားရင်း သူ့အမေကို တစ်ခါနှစ်ခါ လှမ်းကြည့်သည်။ သူခရီးမသွားခင် အစားတွေ နင်းသိပ်နေသည်ကို ကြိုက်မှကြိုက်ပါ့မလားဟု တွေးမိသည်။ သို့သော် အမေ မှာ သူ့ကို ဂရုစိုက်၍ ကြည့်မနေအားဘဲ စိတ်များနေပုံရသည်။

"ရောက်ရောက်ချင်း ပို့စကတ်လေးနဲ့ စာထည့်လိုက်နော်၊ မင်းသေတ္တာ အပေါ်ဆုံးမှာ ကတ်တစ်ခု အဆင်သင့်ထည့်ပေးလိုက်တယ်" ဟု အမေက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမယ်သည် "ဟုတ်ကဲ့" ဟုဖြေရင်း သူ့ဘောင်းဘီပေါ်ကျနေသည့် မာကရိုနီအစအနကလေးကို အမေမမြင်အောင် အသာပွတ်ချလိုက်သည်။ အမေမှာ အပြီးသတ် မှာစရာ ကြားစရာတွေ ပြောနေရသဖြင့် မမြင်လိုက်၍ တော်ပါသေးသည်။

"ဟို ရှိတဲ့ လူတွေအားလုံးကို မေမေက နှုတ်ဆက်လိုက်ပါတယ်၊ မေတ္တာပို့လိုက်ပါတယ်လို့ ပြောနော်။ ပြီးတော့ မင်းကိုယ်မင်း ဂရုစိုက်သိလား၊ ပြီးတော့ ဘာလင်ဆိုတာ မြို့တော်ကြီး။ ဒီက နျူးစဒပ်လို တောမြို့လေးနဲ့ မတူဘူး၊ ဒီမှာ တွေ့မြင်နေရတာမျိုးတွေ မဟုတ်ဘူး။ မင်းဦးလေး ရောဘတ်က တနင်္ဂနွေနေ့မှာ ပြတိုက်ကိုခေါ်သွားမယ်လို့ ပြောတယ်၊ လူကြီးတွေနဲ့ သွားတဲ့အခါ အစစ လိမ်လိမ်မာမာ ပြောဆိုနော်၊ တော်တော်ကြာ မေမေ့ သားကို ရိုင်းတယ်လို့ အပြောမခံရစေချင်ဘူး ကြားလား"

"ဟုတ်ကဲ့မေမေ စိတ်ချပါ" ဟု အိမယ်က ပြောသည်။

စားသောက်ပြီးလျှင် အပြင်ဘက်ခန်းထဲသို့ ထွက်လာပြီး မစ္စစ်တစ်ရှဘီးသည် ဗီရိုထဲက သံဖြူသေတ္တာလေးကိုယူ၍ ငွေကိုထုတ် ရေတွက်သည်။ ရေတွက်ပြီး စိတ်မကျေနပ်သကဲ့သို့ ခေါင်းခါပြီး ထပ်ရေတွက်ပြန်သည်။

"မနေ့ကဆိုင်ကို ဘယ်သူလာသေးလဲ မှတ်မိလား အိမယ်"

"မစ်– သောမတ်(စ်) ပါလာတယ်လေ၊ ပြီးတော့ မစ္စစ်ဟွန်းဘင် လာတယ်"

"အေး ငါထင်သားပဲ၊ ဒါပေမဲ့ ပိုက်ဆံလျော့နေပါလား" ဟု ပြောပြော ဆိုဆိုနှင့် စာရင်းစာအုပ်ကို ထုတ်ပြီး စိတ်တွက်နှင့် ဂဏန်းများ ပေါင်းကြည့်သည်။ "ဟုတ်တယ် ရှစ်ရှီလင်တောင် လျော့နေတယ်" ဟု ပြောသည်။

"မနက်က မီးသမားလာတယ်လေ" ဟု အိမယ်က သတိပေးသည်။

"ဪ ဟုတ်သားပဲ ဟုတ်ပြီ ဟုတ်ပြီ၊ ဒီလိုဆိုရင် မင်းပေးလိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ရှိလင်လျှော့နေတာပေါ့၊ ကံခေတာပဲကွာ” ဟုပြောရင်း သူ့စိတ်သူ ဖြေသည့် သဘောနှင့် လေချွန်လိုက်သည်။ ထို့နောက် ငွေစက္ကူသုံးချပ် သေတ္တာထဲက ထုတ်ယူလိုက်သည်။

“ဒီမှာကြည့်စမ်း အိမယ်၊ အားလုံးစုစုပေါင်း ခုနစ်ပေါင်ရှိတယ်။ ငါးပေါင်တန်က တစ်ချပ်နဲ့ တစ်ပေါင်တန်က နှစ်ချပ်၊ ခြောက်ပေါင်ကို မင်း ဘွားဘွား ပေးလိုက်၊ ခုတလော ငွေမပို့နိုင်တာ စိတ်မဆိုးပါနဲ့လို့ မေမေက မှာလိုက်တယ်လို့ ပြော–ကြားလား။ မေမေလည်း ငွေကျပ်နေလို့ပါလို့၊ ဒါပေမဲ့ ဒီတစ်ခါ နည်းနည်းလည်း ပိုပေးလိုက်တယ်။ ပြီးတော့လည်း မင်း ကိုယ်တိုင် ယူလာခဲ့ပါတယ်လို့ပြောနော်။ မေမေက မွေးမွေးလည်းပေးလိုက် ပါတယ်လို့၊ ကဲ မှတ်မိပြီလား။ ကျန်တဲ့ တစ်ပေါင်ကတော့ သားအတွက် ပဲ။ အိမ်အပြန်အတွက် ဆယ်ရှိလင်လောက် လိုလိမ့်မယ်၊ အဲဒါချန်ထား။ ပြီးတော့ လူကြီးတွေနဲ့ အတူတူသွားရင် စားကြသောက်ကြတဲ့အခါမှာ မင်း အတွက် ကျတာကို မင်းပိုက်ဆံနဲ့ပေး သိလား။ အိတ်ထဲမှာ ရှိလင်ပြားလေး တွေ အဆင်သင့်ထည့်ထားနော်၊ ဟောဒီမှာကြည့်၊ ဒေါ်ဒေါ်မာသာ ရေးလိုက် တဲ့စာ၊ စာအိတ်ထဲမှာ ငွေစက္ကူတွေ ထည့်ထားတယ်။ ဘုရားသခင်ကျေးဇူးနဲ့ ပျောက်တော့ မပျောက်စေနဲ့နော်” ဟုပြောရင်း ငွေစက္ကူကို အိတ်ထဲထည့်ပြီး အလယ်ကခေါက်၍ အိမယ်အား ပေးလိုက်သည်။

အိမယ်သည် ငွေကို ဘယ်မှာထားရမည်နည်းဟု စဉ်းစားပြီး သူ့အင်္ကျီ ညာဘက် အတွင်းအိတ် အောက်ဆုံးနားသို့ ထိုးထည့်လိုက်ပြီး အပြင်က စမ်းကြည့်သည်။ “ဒီလိုထည့်ထားရင် ဘယ်လိုလုပ်လို့မှ မကျနိုင်ပါဘူး” ဟု စိတ်ချလက်ချ ပြောသည်။

“အေး ဒါကပဟုတ်ပါရဲ့၊ မီးရထားပေါ်မှာ လူတွေ့တိုင်းကို ပိုက်ဆံတွေ ပါတဲ့အကြောင်း လျှောက်ပြောမနေနဲ့ဦး” ဟု သူ့အမေက သတိပေးသည်။

“ဟာဗျာ– အမေကလည်း၊ ကျွန်တော်ဒါလောက် မအပါဘူး” ဟု

www.burmeseclassic.com

www.burmeseclassic.com



အိမယ် က ခပ်ထန်ထန်လေး ပြန်ပြောသည်။

မစ္စစ်တစ်ရှာဘီးသည် သံသေတ္တာလေးထဲမှ ပိုက်ဆံတချို့တလေကို ယူ၍ သူ့ပိုက်ဆံအိတ်ထဲမှာထည့်သည်။ ထို့နောက် အိမယ်စီးရမည့် မီးရထားအချိန်သေချာအောင် သူ့ညီမဆီကစာကို တစ်ခါပြန်ကြည့်ပြန်သည်။

ငွေကလေးခုနစ်ပေါင်လောက်ကို ဤမျှလောက် ဇာဖွဲ့ မှာကြားနေရသလောဟု ပြောချင်ပြောကြပေလိမ့်မည်။ ဟုတ်ပေသည်။ တစ်လ ပေါင်တစ်ရာ၊ တစ်ထောင်ရသည့်သူများအဖို့ကား ခုနစ်ပေါင်လောက် သုံးစွဲပစ်လိုက်ဖို့ ဝန်လေးမည် မဟုတ်ပေ။ သို့သော် လူအများမှာ ဝင်ငွေနည်းကြသည်။ ဥပမာ တစ်ပတ်မှ သုံးဆယ့်ငါးရှိလင်လောက် ရသူများအဖို့ ခုနစ်ပေါင်ဆိုသည့်ငွေစုဆောင်းမိသည်ဆိုလျှင် အမြောက်အမြားကြီးဟု အောက်မေ့ရသည်၊ မယုံမရှိနှင့် တကယ်ပင်ဖြစ်သည်။

လက်ထဲ ငါးပေါင်မျှငွေသုံးစရာရှိလျှင် သူတို့ကိုယ်သူတို့ မိလီယန်နာသူဌေးကြီးတွေလို့ ထင်နေသူတွေ အများကြီးရှိသည်။ လူတစ်ယောက်တည်းမှာ ပေါင်တစ်သန်းလောက် လက်တွင် တကယ်ရှိသည်ဆိုသည်ကို သူတို့အဖို့ စိတ်ကူးအိပ်မက်ထဲမှာပင် မမက်တတ်အောင် ရှိရှာကြသည်။

အိမယ်၏ဖခင်မှာ ကွယ်လွန်ပြီဖြစ်၍ အမေမှာ သားအမိနှစ်ယောက် ဝမ်းစာအတွက် အလုပ်လုပ်ရသည်။ အမေသည် သူ့အိမ် အခန်းတစ်ခန်းကို ဆံပင်အလုပြင်ဆိုင်လုပ်ပြီး တစ်နေ့တစ်နေ့ ဆံပင်ညှပ်၊ ခေါင်းလျှော်၊ ဆံပင်မည်း–ညို–ရွှေဝါရောင်တို့ကို ပုံသွင်းပေးရသည်နှင့်ပင် အချိန်ကုန်လွန်ရသည်။ ဤနည်းဖြင့်ပင် အိမ်လခပေးဖို့ မီးဖိုးထင်းဖိုးသာမက သားအမိနှစ်ယောက် စားဝတ်နေရေးနှင့် အိမယ်၏ကျောင်းစရိတ် စာအုပ်ဖိုးများ ဖူလုံခဲ့သည်။

သို့သော် တစ်ခါတစ်ရံ အမေနေမကောင်း၍ ဆရာဝန်ခေါ်ရသည်၊ ဆေးဝယ်ရသည့် အခါများရှိသည်။ ထိုအခါမျိုးတွင် အိမယ်သည် မီးဖိုကိုလည်း ပြုစု၍ စားသောက်ရန် ချက်ပြုတ်ရသည်။ အမေအိပ်ရာပေါ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းများ ပြောင်အောင်တိုက်ထားသည်။ သို့မဟုတ်လျှင်လည်း အိမ်တစ်အိမ်လုံး မှောက်ပါပြီ၊ ပျက်စီးပါပြီဆိုပြီး နေမကောင်းဘဲနဲ့ အိပ်ရာက ထကာ လုပ်နေဦးမည်။

အီမယ် ဤသို့လုပ်ကိုင်နေသည်ကို တွေ့မြင်ရသော သင်တို့စိတ်တွင် အီမယ်သည် သားလိမ္မာ အမေ့သားလေးဟု ပြက်ရယ်ပြုပြီး ရယ်ချင်ရယ်ကြပေမည်လော မသိနိုင်ပေ။ သူ အမေ့ကို ချစ်သည်။ အမေသည် သူ့ကို အခြားသူငယ်များနည်းတူ ဝတ်စားနေထိုင်နိုင်စေရန် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရသည်ကို အီမယ်သိသည်။ သို့ကြောင့်ပင် သူလည်း စာကိုကြိုးစားသည်။ စာမကြိုးစားလျှင် သူတစ်ပါးစာအုပ်မှ ခိုးချလျှင် ကျောင်းပြေးလျှင် အီမယ်သည် အမေကို ကျေးဇူးကန်းရာ ရောက်မည်ဟု အောက်မေ့မိသည်။ အမေစိတ်မချမ်းသာမည့်ကိစ္စကို အီမယ်မပြုလုပ်လိုချေ။

မည်သို့ပင်ဖြစ်စေ အီမယ်သည် သူ့ကိုယ်သူ 'လူလိမ္မာလေး' ဟု ဂုဏ်ယူကာ အခြောက်တိုက် ကြွားနေသော သူငယ်မဟုတ်ချေ။ သူသည် အချို့သော ကလေးများကဲ့သို့ လူကြီးကလေးများလို အစဉ်အမြဲကောင်းနေသည့် သူငယ်မဟုတ်ချေ။ ချိုချဉ်တွေ ရှောင်တော့မည်၊ ရုပ်ရှင်မသွားတော့ပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမကာ ကြိုးစားပမ်းစားပြုနေကြသော သူများကဲ့သို့ပင် အီမယ်သည် 'လူကောင်းလေး' တစ်ယောက် ဖြစ်လာဖို့ကို အတော်ပင် ကြိုးစားရရှာသည်။ တစ်ခါတစ်ခါတွင် အီမယ်အဖို့ အစဉ်ကောင်းနေဖို့ မဖြစ်နိုင်လောက်အောင် ခဲယဉ်းသည်ကိုတွေ့ရသည်။ ဤသို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမကာ ကြိုးစား၍ နေခဲ့သည့်အတွက် အတန်းစာမေးပွဲများတွင် ထိပ်ဆုံးကနေအောင်သည့်အခါများ၌ကား သူကြိုးစားရကျိုးနပ်သည်ဟု ထင်မိသည်။ သူ့အမေက အလွန်ပင် သဘောကျရှာသည်။ သဘောကျ၍ တပြုံးပြုံးတွေ့ရှိသည်ကို အီမယ်တွေ့မြင်ရသောအခါ သူ့အမေ ပင်ပန်းကြီးစွာလုပ်ကိုင်ရသည်ကို သူပြန်၍ကျေးဇူးဆပ်ရသကဲ့သို့ဟု အောက်မေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် အီမယ်၏ အဖြစ်အပျက်ကို တစ်ဖန်ပြန်ကောက်ကြဦးစို့။

"ဟင်– တစ်ချက်ထိုးလို့ ငါးမိနစ်တောင် လွန်ပါပြီရော၊ ဘူတာရုံသွားကြမှပဲ၊ မီးရထားက နှစ်ချက်မထိုးခင်ထွက်တာ သိလား" ဟု အမေက ရေးကြီးသုတ်ပျာပြောသည်။

အီမယ်က "ကဲ ဒါဖြင့် လာလေဗျာ၊ သွားကြမယ်။ ကျွန်တော့်ဘာသာသွားရေအိတ်ကို ဆွဲပါ့မယ်၊ ပေး ပေး ဘယ်ရမလဲ" ဟု လူကြီးဟန်ပါပါနှင့် ထွက်လာခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



ဘူတာတွင် ရဲဆာဂျင် ဂျက်ဘားနှင့်တွေ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

## ရဲ နှုတ်ပိတ်နေခြင်း

အိမ်အပြင်သို့ရောက်လျှင် "ကဲ– မြင်းဆွဲဓာတ်ရထားရှည်ကြီးလာရင် ဘူတာအထိ စီးသွားကြရအောင်" ဟု အမေက ပြောသည်။

ပြောရင်းဆိုရင်းပင် မြင်းဆွဲဓာတ်ရထားရှည်လာသဖြင့် အိမယ်က လက်ပြ၍ ရပ်နိုင်းလိုက်သည်။

အကယ်၍ သင်တို့သည် 'မြင်းဆွဲဓာတ်ရထား'ကို မမြင်ဖူးလျှင် ဘယ်လိုနေသည်ကို တိုတိုပြောပြရဦးမည်။ ဓာတ်ရထားဆိုသည်မှာ မြို့တွင်းလမ်းပေါ် သံလမ်းများပေါ်တွင် လျှပ်စစ်ဖြင့်ပြေးသည့် ရထားရှည်ကြီး ဖြစ်သည်။ ထိုရထားမျိုးကိုပင် မြင်းနှင့် ဆွဲပြေးခြင်းဖြစ်သည်။

မြင်းဆွဲရထားကြီးနှင့် မြို့သူမြို့သားများ သွားလာနေရသည်ကို အိ

www.burmeseclassic.com

www.burmeseclassic.com



မယ်နှင့် သူငယ်ချင်းများက သူတို့မြို့ဂုဏ်သိမ်ငယ်သည်ဟု ထင်ကြသည်။ တစ်နေ့တွင် မြို့ကြီးပြကြီးများမှာကဲ့သို့ လျှပ်စစ်ဓာတ်အားနှင့်ပြေးသော ဓာတ်ရထားများ လိုချင်ကြသည်။ ရထားခေါင်မိုးပေါ်က ဓာတ်ကြိုးတွေနှင့်၊ မြေအောက်ကလည်း ဓာတ်ကြိုးတွေနှင့် ရထားကြီးမှာ ရှေ့တွင်မီးငါးလုံး၊ နောက်တွင် သုံးလုံးနှင့် ကျကျနန လှပလိမ့်မည်။ သို့ပေမင့် မြို့တော်ဝန်က ချူးစဒတ်မြို့ကလေးမှာ လမ်းတိုလေးတွေသာဖြစ်၍ မြင်းဆွဲရထားရှိလျှင်တော်လောက်ပြီဟု ဆိုသည်။ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားနှင့် ပြေးသော ဓာတ်ရထားများရမည့်အရေးကို စိတ်ကူးနေ၍လည်း အပိုသာဖြစ်ချေမည်။

မြင်းဆွဲရထားမှာ ရှေ့က ဘရိတ်လည်းမပါ၊ စတီယာရင်ဘီးလည်းမပါ၊ ရထားမောင်းသူက လက်ဝဲဘက်ဖြင့် မြင်းဇက်ကြိုးတွေကို လက်ယာဘက်က နှင်တံနှင့် "ဟဲ့ ရှေ့သွားစမ်း" ဟု တစ်ချက်အော်လိုက်သည်နှင့် ရထား စထွက်တော့သည်။

လမ်းမကြီးပေါ်တွင်နေသူဆိုလျှင် ရထားမောင်းသူနောက်နားက မှန်ကာကို လက်နှင့်ခေါက်၍ သူ့အိမ်ရှေ့တည့်တည့်မှာ ရပ်ခိုင်းနိုင်သည်။ ရထားမောင်းသူက "ဟိုး.. ရပ်" ဟုဆိုလိုက်လျှင် ရပ်တော့သည်။ ခုလို အဆင့်ဆင့်ရပ်ချင်သလို ရပ်သည်ကို ရထားပိုင်ရှင်ကုမ္ပဏီက ခွင့်ပြုသည်။ ခရီးသည်များကလည်း သဘောကျသည်။ ချူးစဒတ်မြို့ နေသူများသည် ရထားဆွဲသည့်မြင်းကစ၍ အားအားယားယားရှိကြသည်။ အလျှင်လိုလျှင် ကိုယ့်ဘာသာခြေလျင်သွားကြပေါ့။

အီမယ်တို့သားအမိသည် ဘူတာရုံမှဆင်းကြသည်။ အီမယ်သည် သူ့သားရေသေတ္တာကိုဆွဲ၍ စင်္ကြံပေါ်တက်လိုက်သည်နှင့် "ဟော့ ဘယ်သွားမလို့လဲကွ၊ ဆွစ်ဇာလန်ကိုလား" ဟု အသံသြကြီးနှင့် မေးသံကြား၍ ကြည့်လိုက်ရာ ရဲစာဇင် ဂျက်ကေးကို တွေ့ရသည်။

"မဟုတ်ပါဘူး၊ ကျွန်မသား ဘာလင်ကိုသွားပြီး ဆွေမျိုးတွေနဲ့ တစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လောက် သွားနေမလို့ပါ" ဟု အမေက ပြန်ပြောသည်။

အိမယ်သည် စာဇင်ဂျက်ကေးနှင့်ပတ်သက်၍ လိပ်ပြာမသန့်ဖြစ်နေသည်။ သူ့အသံကြားလျှင် ဖျားချင်သလိုဖြစ်မိသည်။

အိမယ်နှင့် သူငယ်ချင်းတစ်စုတို့သည် မကြာသေးခင်က မြစ်ကမ်းနားမြက်ခင်းပေါ်တွင် အားကစားလေ့ကျင့်ပြီး အိမ်အပြန် ဈေးခင်းနားသို့ ရောက်သောအခါ လမ်းလယ်ကောင်ရှိ မြို့စားကြီးချာလီ၏ ကျောက်ရုပ်ကြီးကို သက္ကလတ် ဦးထုပ်အနက်တစ်ခု ဆောင်းပေးကြသည်။ ထိုအရုပ်ကြီးကို 'မျက်နှာကောက်ချိတ်ချာလီ' ဟုအမည်ပေးကြသည်။ သို့နှင့် မကျေနပ်ကြသေး၊ အိမယ်မှာ ပုံဆွဲတော်သဖြင့် သူငယ်ချင်းများက တစ်ယောက်ပခုံးပေါ်တစ်ယောက်ဆင့်ပြီး သူ့ကို မြှောက်တင်ပေးကာ နှာခေါင်းကို နီရဲနေအောင် ဆေးခြယ်၍ နှုတ်ခမ်းမွေးမည်းမည်းကြီး ဆွဲပေးကြသည်။ အရုပ်ကြီးကို အချောသပ်နေကြစဉ် ဆာဂျင်ဂျက်ကေး လမ်းချိုးက လာနေသည်ကို မြင်သည်နှင့် သူတို့အားလုံး ကဆုန်ချ ပြေးခဲ့ရသည်။ သူတို့ကို ဆာဂျင်က မည်သူမည်ဝါ မှတ်မိများနေမလားဟု ထိတ်နေကြသည်။

ဆာဂျင်ဂျက်ကေးသည် အိမယ်ကို ထိုကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောဘဲ ခရီးလမ်း ချောချောမောမောရောက်ပါစေဟု ဆုမွန်ကောင်းပေးလိုက်သည်။ သူ့အမေကိုလည်း ကျန်းမာပါစေ၊ အလုပ်အကိုင်ကောင်းပါစေဟု နှုတ်ဆက်စကားပြောသည်။

သို့သော် အိမယ်မှာ စိတ်မအေးချေ။ ဘူတာရုံထဲသို့ သားရေအိတ်လက်ဆွဲ ဝင်လာခဲ့ရင်း ဒူးတုန်နေသည်။ သူ့စိတ်ထဲတွင် ဆာဂျင်က သူ့ကို တွေ့လျှင်တွေ့ချင်း "ဟော့ အိမယ် လက်မြှောက်လိုက်၊ မင်းကိုဖမ်းရမယ်" ဟု အော်လိုက်မည်ထင်ခဲ့သည်။ ယခုတော့ မဖမ်းသေး၊ ဘာလင်ကပြန်လာမှ ဖမ်းမယ်လို့များ စိတ်ကူးနေလေရော့သလား။

အမေသည် လက်မှတ်ပေါက်သွား၍ အိမယ်အတွက် လက်မှတ်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တတိယတန်း လက်မှတ်ပဲပေါ့။ သူ့အတွက် စကြိုလက်မှတ် တစ်စောင်ဝယ်သည်။ ထို့နောက် သူတို့သားအမိသည် လက်ယာဘက်က စင်္ကြံသို့ သွားကြသည်။ ချုံးစဒပ်မြို့ဘူတာရုံမှာ စင်္ကြံလေးခုရှိသည်။ သူတို့သည် ဘာလင်သို့ သွားမည့်ရထားကို စောင့်နေကြသည်။ မိနစ်အနည်းငယ်အတွင်းမှာ ရထားဆိုက်တော့မည်။

"ဘာတစ်ခုမှ ကျန်မနေခဲ့စေနဲ့နော် သိလား သားလေး၊ ပြီးတော့ ပန်းတွေပေါ်လည်း ဖင်ထိုင်မချနဲ့ဦး၊ အပေါ်က စင်ပေါ်တင်ပေးပါလို့ တစ်ယောက်ယောက်ကိုပြောပေါ့၊ ပြောလည်း ယဉ်ယဉ်ကျေးကျေးပြောနော် သိလား"

"ကိုယ့်ဘာသာ တင်နိုင်ပါတယ်၊ ကလေးမှမဟုတ်ဘဲနဲ့"

"အဲလေ ဒါဖြင့် ကိုယ့်ဘာသာပဲ ပန်းတွေကို စင်ပေါ်တင်ပေါ့၊ ပြီးတော့လည်း ဘူတာကိုကျော်သွားဦးမယ်၊ သားဆင်းရမှာက ဖရက်ဒြစ်လမ်းဘူတာနော် မှတ်ထားဦး၊ အဲဒီကို ၆ နာရီ ၁၇ မိနစ်မှာရောက်လိမ့်မယ်၊ ပြီးတော့ မရောက်ခင်လည်း ဆင်းမနေနဲ့ဦး၊ အဲဒီမရောက်ခင် တိရစ္ဆာန်ဥယျာဉ် ဘူတာ သိရဲ့လား၊ အဲဒီမှာ သွားမဆင်းနဲ့နော်"

"မပူပါနဲ့ အဘွားကြီးရယ်" ဟု အီမယ်က ကျီစယ်ပြောလိုက်သည်။

"ပြီးတော့ အမေ့ကိုပြောသလို လူတကာ ဒီလို ပြောမနေနဲ့ဦး၊ ပေါင်မုန့်ထုပ် စားပြီးရင် အမှိုက်တွေ မီးရထားကြမ်းပေါ် မပစ်နဲ့၊ အင်း- ပြီးတော့ ဘုရားသိကြား မ လို့ ပိုက်ဆံတွေလည်း ဖျောက်မပစ်နဲ့ဦး"

အမေက ပြောလိုက်မှ အီမယ်သတိရ၍ အလန့်တကြား သူ့အင်္ကျီအိတ်ကို စမ်းကြည့်ကာ သက်ပြင်းချ၍ "ဟူး- ရှိပါ့ဗျာ" ဟု ပြောလိုက်သည်။

အီမယ်သည် သူ့အမေလက်မောင်းကိုဆွဲ၍ ဘူတာရုံစင်္ကြံကို ခေါက်ခြံတုံ့ခေါက်ပြန် လျှောက်သည်။ သူက လူကြီးသူမဟန်နှင့် ပြောဖို့အလှည့်ရောက်လာလေပြီ။ "မေမေ အလုပ်တွေ နင်းလုပ်မနေနဲ့ဦးနော်၊ ကျွန်တော်မရှိတုန်း နေမကောင်းနေဦးမယ်၊ ကြည့်မယ့်သူလည်း ဘယ်သူမှမရှိဘဲနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျိုးဖြစ်ရင် ကျွန်တော်က လေယာဉ်ပျံနဲ့ပြန်လာခဲ့မှာ သိလား၊ ပြီးတော့လည်း စာရေးနော်" ဟုပြောပြီး သူ့အမေကို တစ်အားဖက်ကာ နှာခေါင်းပေါ် တည့်တည့် မွှေးလိုက်လေသည်။

ဘာလင်သို့ သွားမည့် အနေးရထားသည် မီးခိုးတွေ တချုပ်ချုပ် မှုတ်ထုတ်ကာ ဘူတာထဲသို့ဝင်လာသည်။ အီမယ်သည် သူ့အမေကို တစ်အားဖက်လိုက်ပြီး ရထားပေါ်သို့ တက်လိုက်သည်။ သားရေသေတ္တာမှာ သူနှင့်တစ်ပါတည်း ပါသွား၍ ပန်းနှင့်ပေါင်မုန့်ထုပ်ကိုကား သူ့အမေက အောက်ကနေ၍ လှမ်းပေးသည်။ နေရာလွတ်ရှိရဲ့လားဟု မေးရာ အီမယ်က ခေါင်းညိတ်လိုက်သည်။ အမေက "မှတ်ထားဦးနော်၊ ဖရီဒြစ်ဘူတာမှာ ဆင်းရမှာ" ဟု ထပ်ပြောလိုက်သေးသည်။ အီမယ်က ခေါင်းညိတ်သည်။

"ဘွားဘွားကို တွေ့အောင်ရှာနော်၊ ပန်းဆိုင်နားက စောင့်နေလိမ့်မယ်" အီမယ်က ခေါင်းညိတ်သည်။

"အေးနော်၊ ကောင်းကောင်းနေ၊ ကောင်းကောင်းသွား ကြားလားကောင်ကလေး"

အီမယ်ထပ်၍ ခေါင်းညိတ်ပြန်သည်။

"ပြီးတော့ ဒေါ်ဒေါ်မာသာရဲ့သမီး ညီမလေး ပိုနီနဲ့လည်း တည့်အောင်နေနော်၊ မင်းတို့ချင်း မှတ်မိမယ်တော့ မထင်ပါဘူး"

အီမယ်က ခေါင်းကိုသာ အတွင်ညိတ်သည်။

"ပြီးတော့ စာရေးသိလား"

"မေမေကလည်း ရေးပေါ့" ဟု အီမယ်က ထပ်ဆင့်ပြောလိုက်သည်။ ရထားသာ တော်တော်နှင့်မထွက်လျှင် သူတို့သားအမိ သည်လိုချည်း အချီအချ ပြောနေကြတော့မည် ထင်သည်။ ရထားက အချိန်မှန်ထွက်ရှာပေလို့ပဲ ဂါတ်ဗိုလ်က "အားလုံးအပေါ်တက်ကြ" ဟု အော်ပြောပြီး ရထားတံခါးတွေ ဆောင့်ပိတ်ကြရင်းပင် ရထားသည် ဘူတာမှ တဖြည်းဖြည်းခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စစ်တစ်ရှာဘီးသည် အဝေးသို့ရထားကွယ်ပျောက်သွားသည့်တိုင်အောင် လက်ကိုင်ပဝါပြကာ ကျန်ရစ်ခဲ့သည်။ သူချည်းတစ်ယောက်တည်း ဘူတာထဲမှထွက်လာခဲ့ရင်း ပဝါဖြူနှင့် မျက်လုံးထဲက မျက်ရည်စများကို တို့ပစ်လိုက်သည်။ မကြာမီပင် နေသာထိုင်သာရှိသွားသည်။ အသားဆိုင်ရှင်၏ဇနီး မစ္စစ်ဩဂတ်စတင် ဆံပင်လာ၍ပြင်ဖို့ ချိန်းထားသည်။ သူအိမ်ပြန်ရောက်လျှင် သူ့ကို အိမ်ပေါက်မှာ စောင့်နေသည်ကို တွေ့ရပေလိမ့်မည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

## သူစိမ်းတစ်ယောက်နှင့်တွေ့ခြင်း

မီးရထားထွက်လျှင် အီမယ်သည် ရထားတွဲတွင်းရှိ လူများကို ယဉ်ကျေးဖွယ်ရာနှုတ်ခွန်းဆက်ပြီး "ဒီခုံ ယူထားပြီးသားလားခင်ဗျာ" ဟု မေးသည်။ တကယ်ဆိုတော့ ခုံလွတ်နေမှန်း အီမယ်မြင်ပါသည်။ သို့သော် လူကြီးများကို ရိုသေသောအားဖြင့် မေးခြင်းသာဖြစ်သည်။

မိန်းမ ခပ်ဝဝကြီးတစ်ယောက်သည် ခြေထောက်ကျဉ်သဖြင့် ဖိနပ်ကိုချွတ်ကာ ခြေချောင်းတွေကို လိမ်ချိုးနေသည်။ သူ့နံဘေးက ထိုင်နေသူ အသက်ရှုကျပ်၍ တဟင်းဟင်း အသံထွက်နေသည့် ယောကျာ်းကြီး တစ်ယောက်ကို လှမ်း၍ပြောလိုက်သေးသည်။ "ခုခေတ်ယောကျာ်းကလေးတွေများ ခုလို ယဉ်ယဉ်ကျေးကျေး တွေ့ရခဲသားပဲ၊ ကျုပ်တို့ ငယ်ငယ်ကဆို ဒီ

www.burmeseclassic.com

www.burmeseclassic.com



လို ဘယ်ဟုတ်မလဲ"

အီမယ်အဖို့ သည်စကားမျိုး မဆန်းတော့ပါ။ ကြားဖူးပေါင်းများလှပါပြီ။ သို့ဖြစ်၍ ဘယ်လိုမျှ မအောက်မေ့ဘဲ လျစ်လျူရှုနေလိုက်သည်။ အချို့သူများသည် 'ဟိုအရင်တုန်းက' အချိန်များကို ပြန်လွမ်းသည်။ "ခုများ ဟိုအရင်တုန်းကလို မကောင်းပါဘူး" ဟူသောစကား အမြဲသုံးတတ်ကြသည်။ ရှုံ့ရှုံ့သည့် လေတောင်မှ "ဟိုအရင်တုန်းကဆိုရင် ပိုပြီးသန့်စင်သည်" ဟု ဆိုချင်ကြသည်။ ထိုစကားမျိုးကို ယုံကြည်ရန်လည်း မလိုပါ။ ဤသို့ပြောနေကြသူများသည် မုသားပြောနေကြသည်လည်း မဟုတ်၊ အမှန်ကို ပြောသည်ဟုလည်း မဆိုနိုင်ပေ။ ထိုသူများသည် လက်ရှိအခြေအနေကို မကျေနပ်၊ မတင်းတိမ်နိုင်ကြသဖြင့် သူတို့လက်ဝယ်ရှိနေသမျှကို အကောင်းမထင်၊ အခြားမှာရှိသည်ကိုသာ အကောင်းထင်နေကြခြင်းဖြစ်သည်။

အီမယ်သည် သူ့အင်္ကျီလက်ဝဲအိတ်ကို အပေါ်က စမ်းကြည့်ပြီး စာအိတ် ကျွတ်ခနဲ မြည်သံကြားရမှ စိတ်ကျေနပ်သွားသည်။ မီးရထားတွဲတွင် လိုက်ပါလာကြသူများမှာရိုးသားပုံ ရကြပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ သူခိုး၊ လူသတ်သမားနှင့်တူသူများ မမြင်မတွေ့ရပါ။ ပန်းနုသည်လို တဟင်းဟင်း အသက်ရှူနေသည့် ယောက်ျားကြီး၏တစ်ဖက်တွင် မိန်းမကြီး တစ်ယောက် သိုးမွေးစောင်တစ်ချောင်းထိုး ထိုးနေသည်။ အီမယ်၏နံဘေး ပြတင်းပေါက်နားတွင်ကား ဘောင်လာဦးထုပ်ဆောင်းထားသည့် ယောက်ျားကြီးတစ်ယောက် သတင်းစာဖတ်နေသည်။

ဘောင်လာဦးထုပ်နှင့်လူကြီးသည် သူဖတ်နေသော သတင်းစာကို အသာချ၍ အိတ်ထဲက ချော့ကလက်အပြားတစ်ခုထုတ်ပြီး "ရော့ သူငယ်လေး စားပါလားကွ" ဟုပြောသည်။

အီမယ်သည် သူ့ဦးထုပ်ကို ယဉ်ယဉ်ကျေးကျေး ချွတ်လိုက်ပြီး ခေါင်းကိုညွှတ်ကာ "ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည် အီမယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရှဘီး လို့ခေါ်ပါတယ်" ဟု ပြောသည်။

မီးရထားတွဲတွင်းရှိ လူများက အိမယ်၏အမူအရာကိုကြည့်၍ သဘောကျကာ ပြုံးကြသည်။ ဘောင်လာဦးထုပ် ဆောင်းထားသူကလည်း သူ့ဦးထုပ်ကို အိနြေကြီးနှင့် အသာမကာ "ခင်ဗျားနဲ့မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်နာမည်ကတော့ ဂရန်းဒီးပါတဲ့" ဟု တရိုတသေ ပြန်ပြောသည်။

ဖိနပ်ချွတ်ထားသည့် မိန်းမဝဝကြီးသည် အိမယ်ဘက်လှည့်၍ "မင်းတို့နေတဲ့ ချူးစဒတ်မြို့မှာ မစ္စတာကာဇယ် အခုထက်ထိ အထည်ဆိုင်ဖွင့်ထားတုန်းပဲလား" ဟု မေးသည်။

"ဟုတ်ကဲ့ခင်ဗျား၊ သူ့ကို သိတယ်လား၊ အခု အဲဒီအထည်ဆိုင် တည်ထားတဲ့မြေကွက်ကို ဝယ်လိုက်ပြီ ခင်ဗျ"

"ဩော် ဟုတ်လား၊ ဒါဖြင့်ပြောလိုက်စမ်းပါကွာ၊ မစ္စစ်ဂျေးကော့က မေးတယ်လို့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်တော်က အခုဘာလင်သွားမလို့ ခင်ဗျ"

"အေးလေ၊ ကိစ္စမရှိပါဘူး၊ မင်းအိမ်ပြန်ရောက်တော့သာ ပြောလိုက်ပါ" ဟုပြောပြီး သူ့ခြေချောင်းတွေ တွန့်လိမ်ချိုးနေပြန်သည်။ စကားပြောရင်း ရယ်မောရသည်နှင့် သူ့ဦးထုပ်တောင် မျက်လုံးတစ်ဖက်ပေါ်



ဘောင်လာဦးထုပ်နှင့် လူကြီး

www.burmeseclassic.com

www.burmeseclassic.com



စောင်းပြီး အုပ်သွားလိုက်သေးသည်။

"အော် မင်းက ဘာလင်သွားမယ်လား" ဟု မစ္စတာ ဂရန်းဒီးက မေးသည်။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့်ဘွားဘွားက ဖရက်ဒြစ်ဘူတာကနေ လာကြိုပါလိမ့်မယ်၊ ပန်းဆိုင်နားက စောင့်နေမယ်တဲ့" ဟု အီမယ်က ပြန်ဖြေရင်း သူ့အင်္ကျီအိတ်ကို စမ်းကြည့်ပြန်သည်။ စက္ကူသံကျွတ်ခနဲကြားရ၍ စိတ်ပူစရာ မရှိပြီ။

"မင်း ဘာလင်ကို ရောက်ဖူးလား" ဟု မစ္စတာ ဂရန်းဒီးက မေးပြန်သည်။

"ဟင့်အင်း မရောက်ဖူးပါဘူး" ဟု အီမယ်ကပြန်ဖြေသည်။

"ဟာ ဒါဖြင့် မင်းရောက်သွားရင် အံ့ဩစရာတွေချည်း ဖြစ်နေမှာပေါ့၊ အထပ်တစ်ရာရှိတဲ့ တိုက်ကြီးတွေ မြင်ဖူးလား၊ မမြင်ဖူးဘူးဟုတ်လား၊ အေးလေ မြင်ဖူးမှာမဟုတ်ဘူးလို့ထင်သားပဲ၊ မင်းဘာလင်ရောက်သွားရင်တော့ မြင်ရပါလိမ့်မယ်၊ လေတိုက်ရင်ပြိုကျမှာစိုးလို့ တချို့တိုက်ကြီးတွေကို မိုးနဲ့ ကပ်ချည်နှောင်ထားရတယ်သိရဲ့လား၊ ပြီးတော့ မင်းတစ်နေရာရာကို အရေးတကြီး သွားချင်ရင် နီးရာ စာတိုက်သွား၊ သူတို့က မင်းကို ပါဆယ်ထုပ်ပြီး ပြွန်လုံးထဲ ထည့်မှုတ်လိုက်ရင် မင်းသွားချင်တဲ့ဆီ တစ်ခါတည်းရောက်သွားရော"

"ပြီးတော့ ရှိသေးတယ်၊ မင်း ပိုက်ဆံကုန်နေတယ်ဆိုပါတော့၊ ဘဏ်တိုက်ကိုသွား၊ ပေါင်ငါးဆယ်လောက်တော့ ရနိုင်တယ်၊ မင်းခေါင်းထဲက ဦးနှောက်တွေတော့ ထုတ်ပြီး အပေါင်ထားခဲ့ရလိမ့်မယ်၊ အဲလေ မင်းဦးနှောက် မရှိဘဲတော့ ဘယ်မှာ အသက်ရှင်နေနိုင်ပါ့မလဲ၊ အလွန်ဆုံးတစ်ရက် နှစ်ရက်ပေါ့၊ ဒီတော့ ပေါင်ခြောက်ဆယ်နဲ့ ပြန်ရွေးယူပေါ့၊ ဆရာဝန်တွေကဆိုတာ သိပ်ဆေးစွမ်းထက်တာပဲကွာ၊ ဘယ်လောက် အံ့ဩစရာ ကောင်းတယ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



လဲ"ဟု စကားမဆုံးမီပင် ပန်းနာသည်နှင့်တူသော လူကြီးက–

"အင်း ခင်ဗျားလည်း ခင်ဗျားရဲ့ ဦးနှောက်ကို ဘဏ်မှာ ထားခဲ့ပြီထင်တယ်၊ ကလေးကို ဘယ့်နှယ် မဟုတ်တ်က ဟုတ်ကတွေ လျှောက်ပြောနေတာလဲ"ဟုပြောလိုက်သည်။

မစ္စစ်ဂျေးကော့သည် ခြေချောင်းတွေ လိမ်ချိုးသည်ကို ရပ်၍ ဘာများဖြစ်ဦးမှာပါလိမ့်ဟု စိတ်ဝင်စားကာ ကြည့်နေသည်။ သူ့နံဘေးက စောင်ထိုးနေသည့် မိန်းမကလည်း မော့ကြည့်သည်။

ဘောင်လာဦးထုပ်ဆောင်းထားသည့် လူကြီးမှာ စိတ်ဆိုးသွားပြီး ပန်းနာသည်နှင့်တူသည့် လူကြီးနှင့် အပြန်အလှန် စကားစစ်ထိုးကြသည်။ အီမယ်အဖို့ကား သူတို့နှစ်ဦးစကားများကို ဘယ်ဘက်ကမှ စိတ်မဝင်စားဘဲ



ရထားတွဲတွင် အီမယ်နှင့် အိပ်ပျော်နေသော မစ္စတာဂရန်းဒီး နှစ်ယောက်တည်းကျန်ခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင်ပါလာသည့် အသားသွတ်ပေါင်မုန့်ကိုထုတ်၍ စားသည်။ ဝက်အူချောင်းပါသည့် တတိယမြောက်ပေါင်မုန့်ကိုစားနေစဉ် ဘူတာကြီးတစ်ခုအတွင်းသို့ ရထားထိုးဆိုက်တော့သည်။ ဘူတာ၏အမည်ကို အီမယ် မမြင်လိုက်မိ၊ ပေါ်တယ်သမားများ ဘူတာစင်္ကြံပေါ် လူးလားခေါက်ပြန် လျှောက်ရင်း ဘာတွေ အော်နေကြသည်ကိုလည်း နားမလည်လိုက်ချေ။ ပန်းနာသည်နှင့်တူသော လူကြီး၊ စောင်ထိုးနေသည့် မိန်းမနှင့် မစ္စစ်ဂျေကော့တို့ အားလုံးဆင်းသွားကြသည်။ မစ္စစ်ဂျေကော့မှာ ဖိနပ်တော်တော်နှင့် ပြန်စီး၍မရသဖြင့် မီးရထားထွက်သည့်အခါ ကံကောင်း၍ ပြန်ပါမသွားတော့။

"မစ္စတာကာဇယ်ကို သတိရပါတယ်လို့ ပြောလိုက်ပါဟော့" ဟု ကသုတ်ကရက်ဆင်းရင်း အီမယ်ကိုလှမ်းမှာလိုက်ရာ အီမယ်က ခေါင်းညိတ်သည်။

သူတို့အားလုံးဆင်းသွားကြလျှင် အီမယ်နှင့်ဘောင်လာဦးထုပ် ဆောင်းထားသူ လူကြီးနှစ်ယောက်တည်း ရထားတွဲတွင် ကျန်ခဲ့သည်။ အီမယ်စိတ်တွင် စိုးရိမ်လာမိသည်။ ဒီလူကြီးသည် ချော့ကလက်စားဖို့ပေးပြီး တစ်ခါမဟုတ်ကဟုတ်ကတွေပြောကာ အီမယ်ကို အရူးလုပ်သည်။ အီမယ်သည် အိတ်ထဲက ငွေရှိမှရှိသေးရဲ့လားဟု ပြန်စစ်ဆေးကြည့်လိုက်ချင်သည်။ သို့သော် မစ္စတာ ဂရန်းဒီးနှင့် နှစ်ယောက်တည်းဖြစ်နေသဖြင့် ငွေကိုအပြင်မထုတ်ရဲဖြစ်နေသည်။ သို့ကြောင့် ရထားထွက်လျှင်ထွက်ချင်း အိမ်သာထဲသွားကာ ငွေကိုထုတ်ပြီး ရေတွက်သည်။ စေ့စေ့ငင်ငရှိနေသည်ကို တွေ့ရသည်။ ဘယ်လိုလုပ်ပြီး ဒါထက်သေချာအောင် သိမ်းရပါမည်နည်းဟု စဉ်းစားရာ အင်္ကျီကော်လာအောက်နားတွင် ပင်ချိတ်တစ်ချောင်းပါလာသည်ကို သတိရ၍ ထိုပင်ချိတ်နှင့် စာအိတ်ရော ငွေစက္ကူသုံးချပ်ရော ပေါက်အောင်ထိုးပြီး အိတ်အတွင်းအတွင်းခံအသားနှင့် ကျကျနနတွယ်ထားလိုက်သည်။

"ကဲ ဒီလိုဆိုရင် ဘယ်လိုမှမပျောက်နိုင်တော့ပါဘူး" ဟု စိတ်ထဲတွေး

www.burmeseclassic.com

www.burmeseclassic.com



ကာ ရထားတွဲသို့ ပြန်သွားသည်။

မစ္စတာ ဂရန်းဒီးမှာ ထောင့်ထိုင်ခုံတွင်ထိုင်၍ အိပ်ပျော်နေသကဲ့သို့ မှိန်းနေသည်။ အီမယ်သည် သူ့အားစကားပြောရန်မလိုတော့သဖြင့် ပြတင်းပေါက်မှနေ၍ ငေးကြည့်နေသည်။ လမ်းတစ်လျှောက်လုံးမှာ သစ်ပင်တွေ၊ လေရဟာတ်စက်တွေ၊ မြက်ခင်းတွေ၊ စက်ရုံတွေ၊ နွားတွေ မီးရထားကို လက်ပြကြသည်။ လယ်ကွင်းအလုပ်ဆင်းနေသူ လယ်သမားတွေကို မီးရထားပေါ်မှနေ၍မြင်ရသည်မှာ ဓာတ်ပြားကြီးတစ်ချပ်ကို ဓာတ်စက်ပေါ် တင်လှည့်လိုက်သကဲ့သို့ ဗိုးခနဲ ဗိုးခနဲနှင့် ခုမြင် ခုပျောက်တွေ့ရသည်။ ဒါတွေကို ကြည့်နေရသည်မှာ ကြာတော့ ငြီးငွေ့လာပြန်သည်။

မစ္စတာ ဂရန်းဒီးအိပ်ပျော်ပြီး ဟောက်များနေလိုက်သေးသည်။ အီမယ်သည် နေရာမှထ၍ တွဲထဲမှာပင် လမ်းလျှောက်ချင်သည်။ သို့သော် မစ္စတာ ဂရန်းဒီး နိုးသွားမှာစိုးသည်။

သည်လိုတော့လည်း သူမလုပ်ချင်၊ သို့ဖြစ်၍ လူကြီးအိပ်နေသည့်ခုံနှင့် မျက်နှာချင်းဆိုင်ခုံမှာပင် နောက်မှီထိုင်ပြီး သူ့မျက်နှာကို သေသေချာချာကြည့်သည်။ "ဒီလူကြီးကလည်း ဦးထုပ်အမြဲဆောင်းထားတာက ဆန်းသားပဲ" ဟုတွေးမိသည်။ သူ့မျက်နှာခပ်ရှည်ရှည်နှင့် နှုတ်ခမ်းမွေးမည်းမည်းရှိသည်။ နှုတ်ခမ်းတစ်ဖက်တစ်ချက်တွင် အရေတွန့်တွေ အများကြီးရှိသည်။ နားရွက်ပါးလွှာ၍ ကားထွက်နေသည်။

ဂျူး– အီမယ်ထခုန်မိသည်။ သူအိပ်ပျော်သွားတော့မလို့ နည်းနည်းလိုတော့သည်။ သည်လိုဆိုလျှင် မဖြစ်ချေဘူး။ ရထားတွဲထဲ တစ်ယောက်ယောက် တက်လာလျှင် ကောင်းမှာပဲဟု အောက်မေ့မိသည်။ ဘောင်လာဦးထုပ်ဆောင်းထားသူနှင့်ချည်း မနေချင်ပေ။ ရထားသည် ဘူတာစဉ်လျှောက်ရပ်သွားသော်လည်း မည်သူတစ်ဦးတစ်ယောက်မှ တက်မလာချေ။ အခုမှ လေးနာရီထိုးသေးသည်။ ဘာလင်ရောက်ဖို့ နောက်ထပ်နှစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



ရထားစီးရဦးမည်။ အိမယ်သည် သူ့ခြေထောက်ကို ဆိတ်သည်။ သည်နည်းဖြင့် စာသင်ခန်းထဲတွင် သမိုင်းသင်ချိန်၌ အိပ်မငိုက်အောင် လုပ်လျှင် မျက်လုံး ကျယ်သည်။ ထို့နောက် သူ့နမဝမ်းကွဲ ပိုနီ၏ရုပ်ပုံ ဘယ်လိုများ နေမည်နည်း ဟု စဉ်းစားနေသည်။ တစ်ခါက ဘွားဘွား၊ ဒေါ်ဒေါ်မာတို့နှင့်အတူ ဈေးစဒတ်ကို ပိုနီလိုက်လာသဖြင့် မြင်ဖူးသည်။ သို့သော် ကြာလှလေပြီ။ သို့ဖြစ်၍ သူ့မျက်နှာကို စိတ်ကူးကြည့်၍မရ။ မြင်လျှင်လည်း မှတ်မိတော့မည် မဟုတ် ဟု အိမယ်ထင်မိသည်။

ထိုစဉ်အခါတုန်းက ပိုနီက အိမယ်ကို ဘောက်ဆင်ချရအောင်ဟု စိန်ခေါ်လိုက်သေးသည်။ အိမယ်က သူ့ထက် လူကောင်ကြီးပြီး အားကောင်းသည်ဖြစ်၍ အိမယ်က အားချင်းမမျှဟု ဆိုကာ ငြင်းသည်။ တစ်ချီလောက် များချလိုက်ရလျှင် ကောင်မလေးမျိုးတော့လား၊ မှုန့်မှုန့်ညက်ညက် ကြေသွားလို့ ဖွန်းနှင့်တောင် ခြစ်ယူနေရလိမ့်ဦးမည်။ သို့သော် မချောလေးက ထပ်ကာထပ်ကာ ချရအောင်ဟု စိန်ခေါ်လို့ချည်းနေသည်။ သူ့အမေက ကြားရပြင်းကပ်လာ၍ တော်တော့ဆိုမှပဲ နားအေးလေတော့သည်။

အူး ဟူး ဟူး အိမယ် အိပ်ငိုက်သွားပြန်ပြီ။ ခုံပေါ်ကတောင် လိမ့်ကျတော့မလို့၊ ကံကောင်းလို့။ သူ့ကိုယ်သူ ဆွဲဆိတ်၊ သူ့လက်သည်းတွေနှင့် ခြေထောက်ကို တစ်အားကုတ်ခြစ်နေရသည်မှာ အသားတွေ ညိုမည်းနေတော့မည်ဟု သူထင်မိသည်။ သို့ပေမယ့် အိပ်ငိုက်မျဉ်း၍သာ နေတော့သည်။ သူ့ရှေ့က ထိုင်ခုံပေါ်တွင် တပ်ထားသည့် ကြယ်သီးများကိုရေတွက်သည်။ သည်ဘက်ကနေ၍ ရေတွက်သော် နှစ်ဆယ့်လေးခုရှိသည်။ ဟိုဘက်ကနေ၍ ရေတွက်သောခါ နှစ်ဆယ့်သုံးခုသာရှိသဖြင့် ဘာကြောင့်ပါလိမ့်ဟု နောက်မှ စဉ်းစားနေရင်း အိပ်ပျော်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

## ထမင်းလုံးတစ္ဆေခြောက်ခံရခြင်း

အိမယ်၏စိတ်ထဲတွင် မီးရထားကြီးသည် ဝိုင်းကြီးပတ်ပတ်စုတ်မောင်းနေသည်ဟု ထင်ရ၏။ ကလေးကစားသည့် မီးရထားစက်ဝိုင်းပုံ သံလမ်းပေါ်မှာ လျှောက်ပြေးနေသည်နှင့်ပဲ တူသေးတော့သည်။

ပြတင်းပေါက်သို့ ခေါင်းပြူကြည့်လိုက်သောအခါ မီးရထားစက်ခေါင်းကြီးသည် နောက်ဆုံးလူစီးတွဲအနားကပ်၍ လာနေသည်ကိုမြင်ရသည်။ ခွေးကလေး ကိုယ့်အမြီးကိုယ် ပြန်ကစားသလို စက်ခေါင်းကြီးက တမင်ဆော့နေသည်နှင့် တူတော့သည်။ စက်ဝန်းသဏ္ဍာန် သံလမ်းမည်းမည်းကြီးအတွင်း၌ကား သစ်ပင်များနှင့် ဖန်ဖြင့် ဆောက်လုပ်ထားသော လေရူဘတ်စက် တစ်လုံးနှင့် အထပ်နှစ်ရာခန့်ရှိသော တိုက်ကြီးတစ်လုံးမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမယ်သည် ဘယ်နှနာရီများထိုးပြီလဲဟု အိတ်ထဲက နာရီကိုထုတ်ရာ နှိုက်ရင်း– နှိုက်ရင်း– နှိုက်ရင်း တော်တော်နှင့်မရ၊ ရမည့်ရတော့ သူတို့ အိမ်ဧည့်ခန်းမှာ ချိတ်ထားသည့် နာရီကြီးဖြစ်နေသည်။ နာရီဒိုင်ခွက်ပေါ်၌ကား 'တစ်နာရီ မိုင်တစ်ရာငါးဆယ်၊ ဘေးအန္တရာယ်ရှိသည်။ ကြမ်းပေါ်မှာ တံထွေး မထွေးပါနှင့်' ဟု ရေးထားသည်။

အိမယ်သည် ပြတင်းပေါက်မှ ခေါင်းပြူ၍ကြည့်ရာ မီးရထားစက်ခေါင်းကြီးသည် နောက်ဆုံးရထားတွဲနားသို့ကပ်၍ လာနေပြီ၊ မကြာခင် ဝင်တိုက်မိကြတော့မည်ဖြစ်၍ ထိုင်ကြည့်မနေနိုင်တော့ဘဲ နေရာမှထ တံခါးဖွင့်ပြီး ခြေတင်သည့် ပျဉ်ချပ်ပေါ်တွင် သတိကြီးစွာနှင့်နင်းကာ တဖြည်းဖြည်း ခေါင်းတွဲဆီသို့ လျှောက်သွားသည်။ မီးရထားမောင်းသမား အိပ်ပျော်နေသည် ထင်သည်။

အိမယ်သည် မီးရထားတွဲပြတင်းပေါက်များကို လှမ်းကြည့်သော်လည်း လူတစ်ဦးတစ်ယောက်မှ မတွေ့ရချေ။ မီးရထားတစ်ခုလုံးမှာ သူနှင့် ဘောင်လာဦးထုပ်ဆောင်းသူ နှစ်ယောက်တည်းရှိကြသည်။ ကြည့်ဂါဦး ဘောင်လာဦးထုပ်ကြီးကလည်း ချော့ကလက်နှင့် လုပ်ထားတာပါလား၊ လူကြီးက ဦးထုပ်နှုတ်ခမ်းကိုများ ဖဲ့စားနေလိုက်ချေသေးသည်။ အိမယ်က ပြတင်းပေါက်ကို လက်နှင့်ခေါက်၍ ခေါင်းတွဲဆီကို လက်ညှိုးထိုးပြသည်။ လူကြီးက ရယ်မောပြီး ချော့ကလက်ကိုသာ ဖဲ့စားပြီး သူ့ဗိုက်ပုတ်ပြသည်။ 'စားလို့သိပ်ကောင်းတာပဲ' ဟု ဆိုချင်သည်ထင်ပါရဲ့။

အိမယ်သည် တရွေ့ရွေ့တွယ်ကပ်သွားရင်း ကျောက်မီးသွေးတွဲသို့ ရောက်သွားရာ မနည်းအားစိုက် တွယ်တက်၍ စက်ခေါင်းမောင်းသူအနား ရောက်အောင်သွားသည်။ စက်ခေါင်းမောင်းသူမှာ မြင်းရထားခုံမျိုးတစ်ခုပေါ်မှာထိုင်၍ မြင်းဇက်ကြိုးများ လက်တစ်ဖက်က ကိုင်ကာ အခြားလက် တစ်ဖက်က တံဖျာတံကိုကိုင်ပြီး မီးရထားတွဲတွေကို မြင်းဆွဲနေသကဲ့သို့ မောင်းနေ

www.burmeseclassic.com



သည်။ သေသေချာချာကြည့်တော့လည်း ဟုတ်သည်။ မီးရထားကို မြင်းတွေဆွဲနေသည်။ မြင်းမှ ကိုးကောင်တောင်ပါကလား၊ စက်ခေါင်းနှင့် စက်ကြိုးတပ်ထားသည်။ မြင်းများ၏ခြေထောက်များတွင် ငွေရောင်စက်ဘီးများတပ်ထား၍ သံလမ်းပေါ်တွင် သီချင်းဆန်းတစ်ပုဒ်သီဆိုကာ ပြေးနေကြသည်။

အီမယ်သည် မြင်းများမောင်းနေသူကို လှုပ်နှိုးပြီး "ရပ်ပါဦး၊ ရပ်ပါဦး၊ တိုက်မိကုန်တော့မှာပဲ" ဟုအော်ပြောရင်းကြည့်လိုက်သောအခါ ရထားမောင်းသူမှာ ဆာဂျင်ဂျက်ကေးဖြစ်နေသည်။ ဆာဂျင်ဂျက်ကေးသည် အီမယ်အား ဒူးရှသောမျက်လုံးများနှင့်ကြည့်ပြီး အမြောက်ပစ်သလို အသံကြီးနှင့် မေးသည်။

"မြို့စားကြီးကျောက်ရုပ်ကို နှုတ်ခမ်းမွေးတပ်တာ ဘယ်သူလဲဟေ့"

"ကျွန်တော်လုပ်မိပါတယ်ခင်ဗျာ"

အီမယ်က ဝန်ခံသည်။

"မင်းနဲ့ ဘယ်သူပါသေးသလဲ"

"ဒါတော့ မပြောနိုင်ဘူးခင်ဗျ"

"ဒါဖြင့် ဟောသည်လို ဝိုင်းကြီးပတ်ပတ် အမြဲမောင်းနေရမှာပဲ" ဟု ပြောပြောဆိုဆိုနှင့် ဆာဂျင်သည် မြင်းများကို တံဖျာနှင့်တို့လိုက်ရာ မြင်းများသည် ပတတ်ရပ်၍ ကဆုန်ချကာပြေးလျှင် နောက်ဆုံးမီးရထားတွဲကို မီလုမီခင် ဖြစ်သွားပြန်သည်။ နောက်ဆုံးမီးရထားတွဲထိပ်ပေါ်တွင် မစ္စစ်ဂျေးကော့မှာ သေရတော့မလို ကြောက်လန့်ကာနှင့် ထိုင်လျက်သားရှိသည်။ သူ့ခြေချောင်းတွေကို လှမ်း၍လှမ်း၍ကိုက်နေသော မြင်းများကို ဖိနပ်နှင့် ဖော့ယမ်းနေသည်။

"ငွေတစ်ပေါင်ပေးပါ့မယ်ဗျာ၊ ရပ်ပါ" ဟု အီမယ်က ပြောသည်။

"မဟုတ်တာတွေ ပြောမနေနှင့်" ဟု ဂျက်ကေးက အော်ပြောရင်း မြင်းတွေကို တစ်အားရိုက်ကာ ဘီလူးစီးသလို မောင်းပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမယ်သည် ရှေ့ဆက်မနေရဲတော့ပြီဖြစ်၍ ရထားပေါ်မှခုန်ချလေ
တော့ရာ တောင်ဆင်ခြေလျှောတစ်လျှောက် အခါနှစ်ဆယ်မျှ ကျွမ်းလိုမ့်ကာ
ကျဆင်းသွားလေသည်။ တော်ပါသေး၏။ သူ့မှာ ဘာမှအနာတရမဖြစ်ပါ။
အိမယ်သည် ခဏမျှလဲကျနေရာတွင် လျှောင်းနေရင်း မီးရထားဆီသို့ လှမ်း
ကြည့်သည်။ မီးရထားလည်း ရပ်နေသည်။ မြင်းကိုးကောင်မှာ အိမယ်ဘက်
သို့ ခေါင်းလှည့်ကြည့်နေကြသည်။ ဆာဂျင်ဂျက်ကေးသည် ထခုန်ပြီး တံဖျာ
နှင့် မြင်းများကိုရိုက်ကာ–

"သူ့နောက်လိုက်စမ်း၊ သူ့နောက်လိုက်စမ်း" ဟု အော်လိုက်သည်။
မြင်းများလည်း တောင်ဆင်ခြေလျှောဘက်သို့လှည့်၍ တစ်အားဆင်းလာကြ



အိမယ်၏ အိပ်မက်ထဲမှ ပြေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ရာ သူတို့နောက်က မီးရထားတွဲများမှာ ကြက်ပေါင်ဘောလုံးများပမာ ခုန်ပေါက် မြောက်တက်နေတော့သည်။

အီမယ်မှာ ဘာမျှ စဉ်းစားမနေနိုင်တော့ဘဲ ခြေထောက်နှင့်ပြေးနိုင်သရွေ့ သုတ်ခြေတင်လေတော့သည်။ မြက်ခင်းကို ဖြတ်ပြေးကာ သစ်ပင်များနှင့် ချောင်းကလေးကို ဖြတ်ကျော်ခဲ့ပြီး တိုက်အမြင့်ကြီးဆီသို့ တစ်အားသုတ်လေတော့သည်။ မီးရထားသည် သူ့နောက်က အပြေးလိုက်ရာ သစ်ပင်များမှာ မီးခြစ်ဆံပမာ ကြေမွကျန်ခဲ့သည်။ ဝက်သစ်ချပင်ကြီး တစ်ပင်ထီးထီးကျန်နေခဲ့ရာ၊ ထိုသစ်ပင်ထိပ်ပေါ်တွင် လေတိုက်၍ သစ်ကိုင်းတွေယိမ်းတိုင်း ဟိုမှသည်မှ ယိမ်းနေသူကား မိန်းမဝဝကြီး မစ္စစ်ဂျေးကော့ဖြစ်သည်။ ဖိနပ်စီးလို့ မရလို့တဲ့၊ တကြော်ကြော်အော်လို့။

အီမယ်သည် သည်တိုက်မြင့်မြင့်ကြီးဆီသို့ ပြေးသွားသည်။ အဝင်ဝရှိ အမည်းရောင်တံခါးကြီးကို အတင်းတွန်းဖွင့်ပြီး ဝင်သွားသည်။ သူ့မှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ မောလည်းမောလှပြီဖြစ်သည်။ အေးအေးဆေးဆေး တစ်နေရာမှာ နားနေချင်သည်။ သို့သော် သူရပ်၍ မနေရဲချေ။ မီးရထားကြီးမှာ သူ့နောက်က တဂျုတ်ဂျုတ် တဂျက်ဂျက်နှင့် ခုတ်မောင်းကာ လိုက်လာနေသည်။ တိုက်ကြီး၏ အပြင်ဘက်နံရံတွင် ကပ်တပ်ထားသည့် အရေးပေါ်လှေကားတစ်ခုတွေ့ရာ အီမယ်သည် ဘာမှစဉ်းစားမနေတော့ဘဲ ပြေးတက်သည်။ အီမယ်မှာ အားကစားဘက်၌ ချွန်သူဖြစ်၍ တော်ပါသေးသည်။ အီမယ်သည် ပြေးတက်သွားရင်း အထပ်တွေကို ရေတွက်သွားသည်။ အထပ်ငါးဆယ်ရောက်မှ အောက်သို့ ငုံ့ကြည့်သည်။ သစ်ပင်များမှာ ငယ်ငယ်ကလေးတွေဖြစ်နေသည်။ မှန်နှင့်ဆောက်ထားသည့် လေရဟတ်စက်မှာ ငယ်လွန်း၍ မှတ်တောင်မမှတ်မိတော့ချေ။

တစ်ဖန် နောက်လှည့်ကြည့်လိုက်ပြန်တော့ မီးရထားကြီးသည် သူ့နောက်က တက်လိုက်လာသည်ကို အီမယ် မြင်ရပြန်သည်။ "လိုက်လာပုံက

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားကို သံလမ်းခင်းထားတာကျနေတာပဲလား" အီမယ်သည် အပေါ်ကို သာ အပြေးလုတက်တော့သည်။ ဟင်– အထပ်တစ်ရာတောင်ကျော်သွားပြီ... တစ်ရာ့နှစ်ဆယ်၊ တစ်ရာ့လေးဆယ်၊ တစ်ရာ့ခြောက်ဆယ်၊ တစ်ရာ့ရှစ်ဆယ်၊ တစ်ရာ့ကိုးဆယ်၊ နှစ်ရာ၊ ဟင်– ထိပ်ဆုံးရောက်နေပါပေါ့လား။ အီမယ် ခေါင်မိုးပေါ် ခြေချလိုက်ပြီး နောက်ဘာလုပ်ရပါ့မလဲဟု စဉ်းစားနေသည်။

မြင်းများသည် ဟီလျက် သူ့နောက်က ရောက်နေပြန်ပြီ။ သူသည် တစ်ဖက်ဝေးရာသို့ ပြေးလိုက်သည်။ နောက်ဆုံးကြံရာမရတော့သဖြင့် အီမယ် သည် အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ယူ၍ ဖြန့်ခါလိုက်သည်။

မြင်းများလည်း ချွေးရွှဲရွှဲနှင့် မီးရထားကြီးနောက်က တဂျုံးဂျုံး ဆွဲကာ သူ့နောက်ကိုမှီလာသည်နှင့်တစ်ပြိုင်နက် အီမယ်သည် အသင့်ဖြန့်ထားသော လက်ကိုင်ပဝါလေးကို ခေါင်းပေါ်မှာ အသာ လက်နှင့် လေထီးပမာအုပ်ပြီး ခုန်ချလိုက်လေသည်။ သူ့နားထဲတွင် မီးရထားကြီးသည် တိုက်ကြီးထိပ်က မီးခိုးခေါင်းတိုင်များကို တိုက်ချသံကြားလိုက်ရပြီး မြက်ခင်းပေါ်တွင် ပုံလျက်သား အီးစနဲ ကျသွားတော့သည်။

အီမယ်သည် ခဏမျှမျက်စိမှိတ်ပြီး အပန်းဖြေနေလိုက်သည်။ ဤသို့ တစ်ခဏမျှ ငြိမ်ငြိမ်ကလေးနေရသည်မှာ အိပ်မက်ကောင်းကလေးမက်နေရ သကဲ့သို့ စည်းစိမ်ရှိလှသည်။ သို့သော် စိုးရိမ်စိတ်က မကင်းနိုင်သေးသဖြင့် မျက်လုံးဖွင့်ကာ တိုက်ကြီးခေါင်မိုးဆီသို့ လှမ်းကြည့်ရပြန်သည်။

ကြည့်မိ၍သာ တော်တော့သည်။ မြင်းကိုးကောင်လုံးပင် ထီးကိုယ်စီ ဖွင့်ကာ ဆာဂျင်ဂျက်ကေးကလည်း ထီးတစ်ချောင်းနှင့် မြင်းများကို အတင်း မောင်းနှင်နေသည်။ မြင်းများသည် နောက်သို့ ဖင်ချထိုင်လုနီးနီး ဆုတ်၍ အားယူကာ တိုက်ခေါင်မိုးပေါ်မှ ခုန်ချသည်ကို အချိန်မီ မြင်လိုက်ရသည်။ သူတို့နောက်က မီးရထားတွဲကြီးမှာလည်း ပျံလျက်သားပါလာသည်။

အီမယ်သည် မီးရထားကြီးရော မြင်းတွေပါ တဖြည်းဖြည်းနီးကပ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်အမျှ ပုံသဏ္ဌာန်မှာ ကြီး၍ ကြီး၍လာသည်ကို မြင်ရသည်။

အီမယ်သည် ကပျာကယာ လူးလဲထ၍ မြက်ခင်းကိုဖြတ်ကာ ရဟာတ်စက်ဆီသို့ပြေးပြန်သည်။ ရဟာတ်စက်မှာ မှန်ဖြင့်ဆောက်ထားသဖြင့် အတွင်းသို့ လှမ်းကြည့်လိုက်ရာတွင် သူ့အမေ မစ္စစ်ဩဂတ်စတင်ကို ခေါင်းလျှော်ပေးနေသည်ကို မြင်ရသဖြင့် အံ့ဩသွားသည်။

"ဘုရားသခင်ကျူးဇူးတော်ပဲ၊ တော်ပါသေးရဲ့"ဟု အောက်မေ့၍ အီမယ်သည် နောက်ဖေးပေါက်မှနေ၍ ပြေးဝင်လိုက်သည်။

"မေမေကျွန်တော်ဘယ်နှယ်လုပ်ရမလဲ"ဟု အလန့်တကြားမေးသည်။

သူ့အမေသည် လုပ်လက်စအလုပ်ကို ဆက်ပြီး ခပ်အေးအေးလုပ်ကာ "ဘာဖြစ်လာပြန်တာလဲ သားရဲ့"ဟု မေးသည်။

"ဟိုမှာ ကြည့်စမ်းပါဦး"ဟု အီမယ်က အော်ပြောသည်။ မစ္စစ်တစ်ရှဘီးသည် ခေါင်းငုံ၍ကြည့်လိုက်ရာ မှန်နံရံမှနေ၍ အထင်းသားမြင်ရသည်ကား မြင်းတွေဆွဲလျက် ခုတ်မောင်းလာသည့် မီးရထားကြီးပေတည်း။ သူတို့သည် မြက်ခင်းကိုဖြတ်ကာ လေရဟာတ်စက်ဆီသို့ ကဆုန်ချလျက်နေကြသည်။

အမေသည် အံ့ဩလျက် "ဟင် ဆာဂျင်ဂျက်ကေးကြီးပါလား" ဟု အော်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော့်ကို လိုက်ဖမ်းနေတယ်"

"သားက ဘာလုပ်မိလို့ သူက လိုက်ဖမ်းနေရတာလဲ"

"ဟိုတစ်နေ့က မြို့စားကြီး ချာလီရဲ့ကျောက်ရုပ်မျက်နှာပေါ်မှာ နှုတ်ခမ်းမွေးတားမိလို့"

"သြော် နှုတ်ခမ်းမွေးဟာပဲတော်၊ မျက်နှာပေါ်မှာ မတားရင် ဘယ်နေရာ သွားတားရမှာတဲ့တုံးတော်"ဟု မစ္စစ်ဩဂတ်စတင်က ရယ်မောပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ တခြားဘယ်နေရာမှ တားလို့မဖြစ်တာကြီးကိုများ၊ အဲဒါ ကျွန်တော်နဲ့ ဒီပြင် ဘယ်သူပါသေးလဲလို့ စစ်နေတယ်၊ ကျွန်တော် မပြောဘူး" ဟု အီမယ်က ပြောသည်။

"အေး ဘာလို့ပြောရမှာလဲ၊ ကိုယ့်အချင်းချင်းကွယ်ရာမှာ ပြန်မတိုင်တော့ရဘူး၊ သားလုပ်တာ မှန်တယ်၊ ဒါပေမဲ့ ခုဘယ်နှယ့်လုပ်ကြမလဲ" ဟု အမေက ပြောသည်။

ထိုအခါ မစ္စစ်သြဂတ်စတင်က "စက်မောင်းလိုက်ပေါ့" ဟု ပြောသည်။

အီမယ်၏အမေသည် စားပွဲနံဘေးက လီဗာကို လက်နှင့်နှိပ်လိုက်ရာ ရဟတ်စက်မှ ပန်ကာဒလက်များသည် နေရောင်တွင် တလက်လက်တောက်နေတော့ရာ မြင်းများမျက်စိစူး၍ ရှေ့ဆက်မသွားတော့ဘဲ ပတတ်ရပ် ခုန်နေသည်။ ဆာဂျင်ဂျက်ကေး ဆဲရေးရေရွတ်သံမှာ မှန်နံရံများကိုပင် ဖောက်၍ကြားရသည်။ သို့သော် မြင်းများ ရှေ့မတိုးကြချေ။

"ကဲ တော်လောက်ပါပြီ၊ ကျွန်မ ဆံပင်သာ ဆက်လျှော်ပေးပါတော့၊ အီမယ်အဖို့ စိတ်အေးရပါပြီ" ဟု မစ္စစ်သြဂတ်စတင်က ပြောသည်။

အီမယ်၏အမေသည် မစ္စစ်သြဂတ်စတင်ကို ဆက်၍ခေါင်းလျှော်ပေးသည်။ အီမယ်သည် စားပွဲနံဘေးက မှန်ကုလားထိုင်ပေါ်တွင်ထိုင်၍ အေးအေးဆေးဆေး လေချွန်နေသည်။ "ဟန်ကျလိုက်တာ၊ မေမေ ဒီအထဲရှိမှန်းသိရင် ဟိုး မိုးထိမျှော်စင်တိုက်ကြီး မတက်ပါဘူးဗျာ၊ ကြောက်စရာကောင်းလိုက်တာ လွန်ပါရော" ဟု အီမယ်က ရယ်မောပြုံးရွှင်ကာပြောသည်။

"အံမယ်– ဒါထက် မင်းအကျီ၊ဝတ်စုံအသစ်ကြီး စုတ်များလာခဲ့သေးလား၊ ပြီးတော့ ပိုက်ဆံတွေကောအိတ်ထဲရှိသေးရဲ့လား" ဟု သူ့အမေကမေးလိုက်သောအခါ အီမယ်သည် အထိတ်တလန့်နှင့်သတိရကာ တုန်လှုပ်၍အသွား ထိုင်ခုံပေါ်မှ အောက်သို့ဝုန်းခနဲကျသွားသည်နှင့် လန့်နိုးလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

## သူခိုးလိုက်ပွဲကြီးစပြီ

မီးရထားကြီး ဘူတာတစ်ခုမှ စထွက်နေခိုက်မှာပင် အိမယ်နိုးလာသောအခါ သူ့ကိုယ်သူ ကြမ်းပေါ်တွင် ပုံလျက်သားဖြစ်နေသည်သာမက ကြောက်ဒူး ဆတ်ဆတ်တုန်နေသည်ကို တွေ့ရတော့သည်။ အိပ်ပျော်ပြီး ခုံပေါ်ကကျတာ ဖြစ်မှာပဲဟု တွေးမိသည်။ ဘာကြောင့်မှန်းမသိ၊ သူ့ရင်ထဲမှာ ဝန်းပဲ တူထုသလို တဒိန်းဒိန်း ခုန်နေသည်။ အစတွင် သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း မသိ၊ နောက်မှ တဖြည်းဖြည်း သတိပြန်လည်ကာ "သြော်၊ ငါ ဘာလင်သွားမလို့ပဲ၊ အခု မီးရထားတွဲအခန်းထဲမှာ ဘောင်လာဦးထုပ်ဆောင်းထားတဲ့ လူကြီးနဲ့အတူ စီးလာကြတာပဲ၊ သူလည်း အိပ်ပျော်နေတာပဲ" ဟု ပြန်တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘောင်လာဦးထုပ်ဆောင်းသည့် လူကြီး" ဟု စိတ်ထဲမှာ တွေးရလိုက်သည်နှင့် အားလုံးသတိပြန်ရသည်။ အိမယ်သည် လူးလဲထထိုင်ပြီး မျက်စိများ ပွတ်သပ်ကြည့်သည်။ ဘောင်လာဦးထုပ်ဆောင်းသည့် လူကြီးကို မတွေ့ရတော့ချေ။ အိမယ်သည် အားယူ၍ ခပ်ဖြည်းဖြည်း မတ်တတ်ထသည်။ ကတုန်ကရီ ဖြစ်နေသည်။ ပြီးလျှင် လုပ်နေကျဖြစ်နေသည့်အတိုင်း ဘောင်းဘီနှင့် အင်္ကျီကို ဖုတ်ဖက်ခါရင်း ပိုက်ဆံကို သွားသတိရသည်။ ရှိမှ ရှိသေးရဲ့လားဟုတွေးမိပြီး မတော်တဆ ပျောက်များသွားမည်ကို မတွေးရဲတော့ချေ။ အိမယ်သည် တံခါးကိုမှီပြီး ကိုယ့်လက်ကိုပင် ကိုယ်မသယ်ချင်တော့ဘဲ သူ့ရှေ့တည့်တည့်က မကြာသေးမီကပင် ဂရန်းဒီးဆိုသူ ဘောင်လာဦးထုပ်ဆောင်းထားသည့် လူကြီးအိပ်ပျော်ပြီး ဟောက်တောင် နေသေးသည့်နေရာ ထိုင်ခုံကိုသာ စိုက်ကြည့်နေသည်။ ယခုတော့ ထိုလူကြီးမရှိတော့ပြီ။

"ငါအိပ်ပျော်နေတုန်း သူ့ဘာသာ ဆင်းသွားတာနဲ့ပဲ အကျိုးနည်းပါပြီလို့ ထင်ချင်ရာတွေ လျှောက်ထင်နေတာ မကောင်းပါဘူး" ဟု အိမယ် တွေးလိုက်ပြန်သည်။ မှန်ပေသည်။ လူတွေအားလုံး အိမယ်ဆင်းမည့် ဖရတ်ဒြစ်ဘူတာအထိ သွားကြမည့် ခရီးသည်တွေချည်း ဘယ်ဟုတ်နိုင်ပါ့မလဲ၊ အိမယ်သည် သူ့ပိုက်ဆံကို ကျကျနန အတွင်းအိတ်ထဲမှာ ချိတ်နှင့်ထိုးထားသည်မို့ ရှိမှာပါပဲ၊ မပျောက်နိုင်ပါဘူးလေ၊ ညာဘက်ကအိတ်ထဲ အသာလက်နှိုက်ပြီး စမ်းကြည့်လိုက်ရင် တွေ့မှာပေါ့ဟု သူ့ကိုယ်သူစိတ်အားတင်းရင်း သူ့လက်သည် ခပ်ဖြည်းဖြည်း ရွေ့သွားကာ အင်္ကျီအိတ်ဆီသို့ ရောက်သွားလေသည်။ ထို့နောက် လက်နှင့် အသာစမ်းကြည့်လိုက်တော့သည်။

ဘာဆိုဘာမှ မရှိတော့ပါ။ ပျောက်ခြင်းမလှ ပျောက်လေပြီ။

အိမယ်သည် အင်္ကျီအိတ်ကို ထောင့်ကြားမကျန် လျှောက်၍ နှိုက်တော့သည်။ အခြားအိတ်များထဲလည်း နှိုက်ကြည့်သည်။ ငွေစက္ကူ ပွတ်ပွတ်သံ လုံးဝ ထွက်မလာတော့ချေ။ နောက်ဆုံးတစ်ချီ အတွင်းအိတ်ကို လှန်လှော

www.burmeseclassic.com

www.burmeseclassic.com



နိုက်ပြန်သည်။ ပါးစပ်ကလည်း အော်မိသည်။ တွယ်ချိတ်မှာ ရှိနေသေးသည်။ ပြန်ချိတ်မထား၍ အိမယ်၏လက်ကို ထိုးမိသည်။ စိုက်လျက်သားဖြစ်သော တွယ်ချိတ်ကို ဆွဲနုတ်လိုက်သောအခါ သွေးသီးပေါက်ကလေး စို့ထွက်လာသည်။

အိမယ်သည် ပဝါဖြူနှင့် လက်ကိုပတ်ရင်း မျက်ရည်ပေါက်များ နှာခေါင်းပေါ် စီးကျလာသည်။ အပ်စူးတာနာ၍ ငိုမိသည် မဟုတ်ပါ။ ဒါလောက် အသေးအဖွဲလေးတွေကြောင့် ဘယ်ငိုလိမ့်မလဲ၊ ကလေးမှ မဟုတ်တာ။ မကြာသေးမီက လမ်းမီးတိုင်ကို ခေါင်းနှင့် ဝင်ဆောင့်မိလိုက်တာ မီးတိုင်တောင် လဲကျသွားမည်လား ထင်လာသည်။ သူ့နဖူးမှာ ယခုထိ ပွန်းပဲ့ရာရှိသေးသည်။ ဒါတောင်မှ သူ မငိုနိုင်ခဲ့ချေ။

ယခု သူမျက်ရည်ကျသည်မှာ ငွေပျောက်ဆုံးသွားပြီး အမေ စိတ်မချမ်းမသာဖြစ်မည်ကြောင့်ဖြစ်သည်။ သူ့အမေမှာ လပေါင်းများစွာ ထိုငွေခုနစ်ပေါင်ရအောင် စုဆောင်းပြီး သူ့ကို ဘာလင်မြို့တော်သို့ ပို့လိုက်သည်။ အကျိုးအကြောင်းတွေကို သူသိပါလျက်နှင့် ယခုတော့ သူမီးရထားပေါ်မှာ အိပ်ပျော်ပြီး ငွေတွေဖျောက်ပစ်လိုက်ပြီး အိပ်ပျော်ပြီး အိပ်မက်တွေ ကိုးရိုးကားရား မက်နေစဉ်မှာ ဘောင်လာဦးထုပ်ဆောင်းထားသူလူကြီးက သူ့အိတ်ထဲက ငွေကို နိုက်ယူလိုက်ဟန်တူသည်။ သည်အဖြစ်မျိုးမှာ ဘယ်သူမဆို ငိုချင်ပေမည်။ ဘယ်သို့ လုပ်ရမည်နည်း။ ဘာလင်အထိသွားပြီး ဘွားဘွားကို ဘယ်လို ပြောရပါမည်နည်း။

"ကျွန်တော်ရောက်လာပြီ ဘွားဘွား၊ ရောက်ရောက်ချင်းပဲ ပြောရတော့မှာပဲ၊ ပိုက်ဆံတော့မပါခဲ့ဘူး၊ ကျွန်တော် အိမ်ပြန်ရင်တောင်မှ ဘွားဘွားက အပြန်စရိတ် ပေးလိုက်ရလိမ့်မယ်" အိမယ် ဤသို့ပြောရမည်လော။ အိမယ် မပြောနိုင်ပါချေ။ သို့သော် ငွေတွေအားလုံး ပျောက်သွားလေပြီ။ ဘွားဘွားလည်း တစ်ပြားမှရတော့မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ပြီး ဘွားဘွားတို့ဆီမှာ အိမယ်နေရမည်နည်း။ အိမ်ကို မပြန်နိုင်တော့ပြီ။ "ဟိုလူယုတ်မာကြီးက ချောကလက်ကလေးပေးပြီး သူ့ဟာသူတော့ အိပ်ချင်ယောင်ဆောင်နေပြီးတော့ ငါ့အိတ်ထဲကငွေကို နှိုက်ယူသွားတယ်၊ ခက်တာပဲ၊ ဒုက္ခတော့ အကြီးအကျယ်ရောက်ပါပြီ"

အိမယ်သည် မျက်ရည်များပြန်ဆည်ပြီး ဟိုဟိုသည်သည်ကြည့်သည်။ အရေးပေါ်သံကြိုးကိုဆွဲလျှင် မီးရထားရပ်သွားပြီး ဂါတ်ဗိုလ်က ဘာဖြစ်လို့လဲ ဟု လာကြည့်လိမ့်မည်။

"ဘာဖြစ်တာလဲဟေ့" ဟုဂါတ်ဗိုလ်ကမေးလျှင် အိမယ်က "ကျွန်တော့်ပိုက်ဆံပျောက်သွားလို့ခင်ဗျာ" ဟု ပြန်ဖြေမည်။ ဂါတ်ဗိုလ်က "ဩော် ဟုတ်လား၊ ဒါဖြင့် နောက်ကို မပျောက်အောင် ကောင်းကောင်းထားပေါ့" ဟုသာ ဆိုပြီး အိမယ်၏ နေရပ်လိပ်စာများကို ယူလိမ့်မည်။

"မင်းအမေဆီ အကြောင်းကြားရမှာပေါ့ကွာ၊ အကြောင်းမလုံလောက်ပဲ အရေးပေါ် သံကြိုးကိုဆွဲတာ၊ ဒဏ်ငွေ (၅)ပေါင် မင်းအမေက ပေးရမှာပေါ့၊ ကဲ ကဲ ရထားထဲ ပြန်တက်၊ မြန်မြန် မြန်မြန်" ဟု ပြောလိမ့်မည်။

အိမယ်သည် သို့ကလို တွေးတောပြီး အရေးပေါ်သံကြိုးကိုလည်း မဆွဲဖြစ်တော့ချေ။ အကယ်၍သာ အမြန်ရထားဆိုလျှင် တောက်လျှောက် စကြံ့မှ ဂါတ်တွဲအထိလျှောက်သွားပြီး အကြောင်းကြားတိုင်တန်းနိုင်မည်။ အိမယ်စီးလာသည့် ရထားမှာ အနေးရထားဖြစ်၍ ဘူတာမှာ ရထားရပ်မှ အခြားတွဲသို့သွား၍ဖြစ်သည်။ ရထားရပ်အောင်စောင့်နေရလျှင် ဘောင်လာဦးထုပ်ဆောင်းထားသည့်လူကြီးမှာ အဝေးကြီးရောက်နေတော့မည်။ ထိုလူကြီး ဘယ်အချိန်က မီးရထားမှဆင်းသွားသည်ဟု အိမယ် မသိလိုက်ရချေ။ အချိန်လည်း ဘယ်လောက်ရှိပြီဟုမသိ၊ ဘာလင်ရောက်ဖို့ ဘယ်လောက်လိုသေးသနည်းဟု အိမယ်တွေးမိသည်။

မီးရထားပြတင်းပေါက်မှနေ၍ကြည့်လျှင် တိုက်အိမ်းတွေ ပန်းဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်အိမ်တွေ ကျပ်ခိုးတွေနှင့် ညစ်ပတ်နေသော မီးခိုးခေါင်းတိုင်နီနီရဲရဲတွေကို လည်း မြင်ရသည်။ ဘာလင်မြို့ကြီးဆိုတာ ဒါပဲထင်ပါရဲ့၊ ရထားဆိုက်လျှင် ဂါတ်ဗိုလ်ဆီသွားပြီး တိုင်ဦးမှထင်ပါရဲ့၊ ဂါတ်ဗိုလ်ကလည်း ရဲကိုတိုင်မှာပါပဲ။

အလိုလေး– ရဲကိုတိုင်ရင်တော့ ခက်ချေတော့မှာပါပဲ။ ဆာဂျင်ဂျက်ကေး သည်အကြောင်းကိုကြားတော့မှာပါပဲ၊ သူကြားရင်တော့ ကျောက်ရုပ်ကြီးကိစ္စ ကို တစ်ခါပြန်ဖော်တော့မှာပဲ။ သူကပြောမှာပေါ့ "အင်း အင်း အီမယ်တစ်ရှဘီး ဆိုတဲ့ကောင်လေးများတော့ ငါမယုံပါဘူး၊ နျူးစဒတ်မြို့ကျက်သရေဆောင် ကျောက်ရုပ်ကြီးကို မျက်နှာပျက်အောင် မြေဖြူနဲ့ခြစ်တယ်၊ ပြီးတော့ ဘာလင် သွားရင်း လမ်းမှာငွေပျောက်တယ်လို့ လာတိုင်တယ်၊ ဟုတ်လား၊ သူ့မှာငွေ ခုနစ်ပေါင် အိတ်ထဲပါတယ်ဆိုတာ တို့ဘယ်လိုလုပ် ယုံရမှာလဲ၊ ကျောက်ရုပ် ကြီးမျက်နှာကိုတောင် ဖျက်ဆီးသေးတယ်၊ ဒီလိုမဟုတ်ကဟုတ်က ကြံကြီး စည်ရာ ပြောတတ်မယ့်ဟာလေးပဲ။ ငွေကိုတစ်နေရာရာမှာ ဝှက်ထားသလား၊ မျိုပဲ ချလိုက်သလားမှမသိတာ၊ အလကားပါ၊ ဘယ်သူခိုးသွားလဲဆိုတာ အချိန်ကုန်ခံပြီး လိုက်ဖမ်းမနေကြပါနဲ့၊ သူခိုး တခြားရှာနေစရာမလိုပါဘူး၊ သူပဲ နေမှာပါ၊ သူ့သာ ဖမ်းလိုက်ကြပါဗျာ"

သည်လိုဆိုလျှင် သာ၍ပင်ခက်ဦးတော့မည်။ ရဲကို သွားတိုင်လို့လည်း မဖြစ်တော့ပါကလား။

အီမယ်သည် စင်ပေါ်ကသူ့သားရေသေတ္တာကို ဆွဲချပြီး ဦးထုပ်ဆောင်း၊ တွယ်ချိတ်ကို ကော်လာမှာ ကျကျနနပြန်ထိုးပြီး ရထားမှဆင်းဖို့ပြင်သည်။ နောက်ဆက်ပြီး ဘာလုပ်ရမည်ကို မသိသော်လည်း ရထားတွဲတွင်းမှာ ကြာ ကြာ ဆက်မနေနိုင်တော့ပြီ။ ရထားလည်း အရှိန်သတ်ကာ နှေးလာသည်။ အီမယ် ပြတင်းပေါက်မှ ခေါင်းပြူကြည့်ရာ မီးရထားလမ်းတွေ အများကြီး တလက်လက်တောက်နေသည်ကို မြင်ရသည်။ စကြိတွေကလည်း အများ ကြီးပါလား၊ ဝန်စည်သယ်သူတွေ မီးရထားဘေးတွင် ကပ်ကာ ဟိုမှ သည်မှ

www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားပြီး ရထားဆင်းမည့်သူများကို အထုပ်အပိုး ကူညီချပေးနေကြသည်။

စကြိုအထက်နားတွင် 'တိရစ္ဆာန်ဥယျာဉ်ဘူတာ' ဟု ရေးထားသည်ကို တွေ့ရသည်။ ရထားတွဲတံခါးများပွင့်ထွက်၍ လူများဆင်းကြသည်။ အချို့မှာ လာကြိုသူများကို လက်ပြနှုတ်ဆက်နေကြသည်။

အီမယ်သည် ပြတင်းပေါက်မှ ခေါင်းပြူထွက်ကာ ဂါတ်ဗိုလ်ကို တွေ့လိုတွေ့ငြား ကြည့်ပြန်သည်။ ခပ်ဝေးဝေးတွင် မီးရထားမှဆင်းသွားသူတွေကြားထဲ၌ ဘောင်လာဦးထုပ်ကို မြင်လိုက်သည်နှင့် အီမယ်က "ဟင် မစ္စတာဂရန်းဒီးပါလား" ဟု ရေရွတ်မိသည်။ အမှန်မှာ သူရထားပေါ်က မဆင်းသေးဘဲ ရထားရပ်နေခိုက် တွဲပြောင်းစီးလိုက်လာဟန်တူသည်။ သို့ဖြစ်လျှင် အီမယ် အိပ်ပျော်နေစဉ် ဘူတာတစ်ခုမှာ ရထားရပ်သေးဟန်တူသည်။

အီမယ်သည် ဘာမှထပ်စဉ်းစားမနေတော့ဘဲ စကြိုပေါ် ခုန်ဆင်းလိုက်သည်။ သြော် ပန်းစည်း မေ့ကျန်ခဲ့ပြန်ပြီ။ တော်ပါသေးရဲ့၊ တစ်ခေါက်ပြန်ယူဖို့ အချိန်ရသေးသည်။ ပန်းစည်းကို ဆွဲယူပြီး ရထားပေါ်က မြန်မြန် ပြန်ဆင်းရသည်။

အီမယ်သည် လက်တစ်ဖက်က သားရေသေတ္တာ၊ တစ်ဖက်က ပန်းစည်းကိုကိုင်၍ ထွက်ပေါက်ဆီသို့ သုတ်ခြေတင်သည်။ အထွက်တွင် ရထားမှ ဆင်းသူတွေ ကျပ်ခဲနေသဖြင့် မလှုပ်နိုင်၊ မရွေ့နိုင်ဖြစ်နေသည်။ ထိုသို့တိုးဝှေ့နေစဉ် အီမယ်သည် ဘောင်လာဦးထုပ်ကို မျက်ခြည်ပြတ်သွားသည်။ သို့သော် အီမယ်သည် လူတွေခြေထောက်ကြားထဲတွင် သူ့သားရေသေတ္တာနှင့် တိုးဝှေ့ပြီး အတင်းသွားရာ ဘောင်လာဦးထုပ်ကို ပြန်တွေ့ရသည်။ "ဟင် ဘောင်လာဦးထုပ်နဲ့လူက နှစ်ယောက်တောင်မှပါလား"

အရေးထဲတွင် သားရေသေတ္တာက လေးလှသည်။ သူ့ကြောင့် မြန်မြန် မပြေးနိုင်သော်လည်း တစ်နေရာချထားခဲ့လျှင် လူခိုးသွားမည်စိုးရိမ်သေးသည်။ သည်လိုနှင့်ပင် အီမယ်သည် ဘောင်လာဦးထုပ်နှင့်လူကို မီလာသည်။ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်နေ၍ ဘယ်သူက သူခိုးလေလဲဟု စဉ်းစားရပြန်သည်။ တစ်ယောက်မှာ အရပ်ပုလွန်းသည်။ သူမဟုတ်နိုင်ချေ။

အီမယ်သည် လူတွေကြားထဲ တွန့်လိမ်တိုးဝှေ့ကာ လူနီလူရိုင်းများ ရှန်သူသားကောင်ကို လိုက်သလို နောက်ကလိုက်သည်။ ဘောင်လာဦးထုပ်နှင့်လူကြီး ထွက်ပေါက်တန်းကို ကျော်ပြီး ခပ်သုတ်သုတ်ထွက်သွားသည်။

"နေနှင့်ဦးပေါ့ကွာ သူခိုးစုတ်တော့ မိအောင်ကိုဖမ်းမယ်" ဟု အီမယ် စိတ်ထဲက ကြုံးဝါး၍ လက်မှတ်စစ်ကို လက်မှတ်ပေးခဲ့ပြီး သားရေသေတ္တာကို လက်ပြောင်းဆွဲ၊ ပန်းစည်းကို ချိုင်းကြားညှပ်ကာ စကြိုလှေကားကို အပြေးဆင်းလိုက်လေသည်။

"ကဲ-တွေ့ကြရောပေါ့ကွာ" ဟု စိတ်ထဲက ထပ်မံကြုံးဝါးလိုက်ပြန်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

## ဓာတ်ရထားပေါ်ဝယ်

အီမယ်သည် ဘောင်လာဦးထုပ်ဆောင်းသူ လူကြီးဆီကို တစ်အားပြေးတဲ့ပြီး "ကျွန်တော့်ပိုက်ဆံ ပြန်ပေးဗျ" ဟု အော်လိုက်ချင်သည်။ သည်လိုလုပ်လို့ကော ဂရန်းဒီးဆိုသည့် လူကြီးက ယဉ်ကျေးဖွယ်ရာနှင့် "အေး ရော့ရော့၊ သူငယ်လေးရဲ့ပိုက်ဆံ ဒီဟာမဟုတ်လား၊ ခုလိုဖြစ်ရတာ ဝမ်းနည်းပါတယ်၊ နောက်ဒီလိုမလုပ်တော့ပါဘူး" ဟု ပြန်ပြောမည့် လူကြီးမျိုးမဟုတ်ချေ။ မဖြစ်ပါဘူး၊ ဒီလိုလွယ်လွယ်နှင့် ဘယ်မှာရပ့ါမလဲ။

ယခုအချိန်တွင် သူ့ကို မြင်နေရပြီဖြစ်၍ မျက်ခြည်မပြတ်ဖို့အရေးကြီးသည်။ အီမယ်သည် မိန်းမဝဝကြီးနောက်နားကကွယ်နေရင်း နံဘေးဇစ်ဖက်ထစ်ချက်ကို အလစ်မပေးဘဲ ကြည့်သည်။ ဘောင်လာဦးထုပ်ဆောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးနှင့် အိမယ် နီးကပ်လာလေပြီ၊ နောက် ဘယ်လိုဖြစ်မည်ကို သူမရွေး တတ်တော့ချေ။ ထွက်ပေါက်တံခါးမကြီးသို့ရောက်လျှင် လူကြီးသည် လူအုပ်ထဲတွင် တစ်ယောက်ယောက်ကို ရှာနေသကဲ့သို့ ပြန် လှည့်ကြည့် လှည့်ကြည့်လုပ်သည်။ အိမယ်သည် သူ့ကိုမမြင်ရအောင် ကွယ်နေသည်။ သို့သော် မိန်းမဝဝကြီးလည်း အထွက်တံခါးဝနား နီးကပ်လာနေပြီ။ အိမယ်သည် ထိုမိန်းမကြီးထံ အကူအညီတောင်းရလျှင် ကောင်းမလားတွေးမိသည်။ သို့သော် မိန်းမကြီးက အိမယ်ပြောသည်ကို ယုံကြည်ပါမည်လော။ ယုံကြည်၍ ဟိုလူကြီးကို လိုက်ပြောသည့်တိုင်အောင် လူကြီးက "အစ်မရယ်၊ ကလေးဆိုကပိုက်ဆံကို ကျွန်တော်က ခိုးမတဲ့လားခင်ဗျာ" ဟု ပြောလိုက်ရုံမျှနှင့် ကိစ္စပြီးတော့မည်။ အနီးရှိလူတွေက အိမယ်ကို ဝိုင်းကြည့်ကြပြီး "ဟင်– မကောင်းလိုက်တာလွန်ရော၊ ဒီအရွယ်ကောင်ကလေးက မဟုတ်ကဟုတ်က လုပ်ကြံပြောတတ်လိုက်တာ၊ ခုကာလ ကလေးများ ကောင်းကိုမကောင်းဘူး" ဟု ဆိုကြလိမ့်မည်။ သည်လိုတွေးမိလျှင် အိမယ်မှာ မေးခိုက်ခိုက်တုန်အောင် ကြောက်သွားတော့သည်။

ထိုအခိုက်တွင် ဘောင်လာဦးထုပ်နှင့်လူကြီးသည် ရှေ့သို့စိုက်စိုက် သွားကာ လမ်းမပေါ်ရောက်သွားသည်။ အိမယ်သည် သားရေသေတ္တာ ခဏချ၍ ဘယ်ဘက်ဆီသွားသနည်းဟု လှမ်းကြည့်သည်။ သူ့လက်မောင်း အောင့်လာပြီ၊ သားရေသေတ္တာကလည်း လေးလှသည်။ လူကြီးသည် လမ်းကို ခပ်ဖြည်းဖြည်းဖြတ်သွားသည်။ တစ်ချက်လှည့်ကြည့်လိုက်ပြီး စိတ်ချလက်ချ ဆက်သွားသည်။

ရထားတွဲနှစ်ခုတွဲထားသော နံပါတ် ၁၇၇ ဓာတ်ရထားသည် တစ်ဖက် မှတ်တိုင်တွင်ရပ်သည်။ လူကြီးသည် ခဏမျှရပ်တန့်နေပြီး ရှေ့တွဲတွင် တက်ကာ ပြတင်းပေါက်နားမှာ ထိုင်သည်။

အိမယ်သည် သားရေသေတ္တာကိုဆွဲယူပြီး ခေါင်းကိုငုံ့ကာ လမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြေးဖြတ်၍ ဓာတ်ရထား မထွက်မီကလေးမှာပင် ခြေနင်းခုံပေါ် သားရေသေတ္တာကို ပစ်တင်၍ ခုန်တက်လိုက်သည်။ အသက်ရှူများမှားအောင် မောသော်လည်း အောင်ပြီ အောင်ပြီ တော်ပါသေးသည်။

နောက်ပြီး ဘာလုပ်ရမည်နည်းဟု အီမယ်စဉ်းစားသည်။ အကယ်၍များ သူခိုးက ဓာတ်ရထားသွားနေတုန်း ခုန်များချလိုက်လျှင် ပိုက်ဆံတော့ ဆုံးပါပြီ။ သားရေသေတ္တာက တစ်ဖက်နဲ့ သူ့နောက် လိုက်ခုန်ချရမှာကလည်း မသေကောင်း မပျောက်ကောင်းပါကလား။

ဓာတ်ရထားသွားနေစဉ် နံဘေးမှာ မော်တော်ကားများသည် အချို့ဟွန်းသံပေးလျက်၊ အချို့မှာ ဘရိတ်အုပ်သံ တကျိကျိနှင့်ဖြတ်၍ ဖြတ်၍ သွားသည်ကို အီမယ်မြင်ရသည်။ ညာဘက်လက်ပြသူကပြ၊ ဘယ်ဘက်လက်ပြသူကပြနှင့် အချို့မှာ လမ်းချိုးများထဲသို့ ချိုးဝင်သွားကြသည်။ သူတို့နောက်က ကားတွေ တစီတတန်းကြီး လိုက်လာကြသည်။ အသံဗလံတွေကလည်း ပြောမပြနိုင်အောင် ဆူညံလှသည်။ စင်္ကြံပေါ်တွင် လူတွေ ရေးကြီးသုတ်ပျာနှင့် သွားနေကြသည်။ လမ်းဆုံများတွင် ကုန်တင်ကား၊ လော်ရီကား၊ ဓာတ်ရထားနှင့် နှစ်ဆင့် ဘတ်စ်ကားကြီးများသည် လမ်းမကြီးထဲသို့ ချိုးဝင်လာကြသည်။ လမ်းထောင့်တိုင်းမှာပင် သတင်းစာ ရောင်းသည့်ဆိုင် များများရှိ၍ သတင်းစာရောင်းသူများက သတင်းခေါင်းစဉ်များကို အော်လျက် ရောင်းနေကြသည်။ အီမယ် ဘယ်ဘက်ကိုပဲကြည့်ကြည့် ပန်း၊ သစ်သီး၊ စာအုပ်၊ အဝတ်အထည်၊ အတွင်းခံပိုးထည်၊ ရွှေနာရီ စသည့် ကုန်ပစ္စည်းများဖြင့် ပြင်ဆင်ထားသော ဆိုင်ခန်းများ မြင်ရသည်။ တိုက်တာများမှာ မိုးထိလုမျှ မြင့်မားသည်။

ဩော်.. ဘာလင်မြို့ကြီးဆိုတာ ဒါပဲကိုး။ ကြည့်စရာ ရှုစရာတွေကို အေးအေးဆေးဆေးရပ်ကြည့်ရလျှင် ကောင်းမှာပဲဟု အီမယ် ထင်မိသည်။ သို့ပေမယ့် မဖြစ်သေးဘူး၊ သူ့ပိုက်ဆံခိုးသွားသည့်လူကြီးက ဓာတ်ရထား

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်တွဲထဲမှာထိုင်လျက်ပါလာသည်။ ဓာတ်ရထားပေါ်က သူဘယ်အချိန်ဆင်းပြီး လူအုပ်ထဲ ပျောက်သွားလိုက်လျှင်ဖြင့် ကိစ္စချောတော့မည်။

သည်လောက်ရှုပ်ပွေသည့် လမ်းတွေထဲကို အိမယ်ဘယ်နည်းနှင့်မှ လိုက်ဂတ်တော့မည် မဟုတ်ချေ။ ပြောရင်းဆိုရင်းပင် အိမယ်၏စိတ်တွင် ဟိုလူကြီး ဆင်းများသွားလေပြီလားဟု စိုးရိမ်တကြီးဖြစ်မိပြန်သည်။ ပြတင်းပေါက်က ခေါင်းပြူ၍လှမ်းကြည့်သော်လည်း မမြင်ရသဖြင့် ထိုလူကြီးပဲ ပါလာလေသလား၊ ဆင်းပဲ သွားလေပြီလားဟု မသိရဘဲ ရမ်းပြီး လိုက်ရတော့မည်ဟု အိမယ် အောက်မေ့မိသည်။ ပြီးတော့ သည်ရထားက ဘယ်အထိ သွားမှာပါလိမ့်။

ဤသို့ အမျိုးမျိုးတွေးတောရင်းပင် အိမယ်၏စိတ်ထဲတွင် ဖရက်ဒြစ်ဘူတာ၌ သူ့ဘွားဘွားသည် ပန်းဆိုင်နားက ရပ်လျက် ကြို့နေရှာတော့မည်။ သူ့မြေးကဖြင့် ၁၇၇ နံပါတ် ဓာတ်ရထားနှင့် ဒုက္ခတွေ ဗရပွေဖြင့် ဘာလင်မြို့ကြီးထိ လှည့်ပတ်သွားနေသည်ကိုများသိလျှင် ဘွားဘွား ဘာများပြောရှာမည်နည်း။

အိမယ်တက်စီးပြီးမှ ပထမအကြိမ် ဓာတ်ရထားရပ်သည်။ အိမယ်သည် ရှေ့က ရထားတွဲကို စိုက်ကြည့်နေရာ၊ မည်သူမှဆင်းသည်ကို မမြင်ရ။ တက်သူတွေသာ များသည်။ လူများသည် အိမယ်ကို တွန်းထိုး၍ဝင်ထိုင်ကြသည်။ လူတစ်ယောက်က အိမယ်ကို လမ်းပိတ်ထားရပါမည်လောဟု ဆူသေးသည်။ "ဒီပြင်လူတွေလည်း မင်းလိုပဲ ပြန်ချင်ကြတာပဲ" ဟု ငေါက်ငန်းလိုက်သေးသည်။

လက်မှတ်စစ်က ခေါင်းလောင်းတီးလိုက်ရာ ဓာတ်ရထားပြန်ထွက်သည်။ အိမယ်မှာ လူတွေကြားထဲ ညှပ်နေသည်။ တစ်ယောက်က သူ့ခြေထောက်ကို တက်နင်းသည်။ လက်မှတ်စစ် သူ့ဆီလာနေသည်ကို မြင်သောအခါ "ဒုက္ခပဲ၊ ပိုက်ဆံမပေးနိုင်ရင်တော့ ငါ့ကိုမောင်းချတော့မှာပဲ၊ အဲဒါမှ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စချောတော့မှာပဲ" ဟု တွေးနေမိသည်။ သူ့ဘေးက ခရီးသည်တွေထဲက သူ့ကို ဘယ်သူများ ပိုက်ဆံချေးပါ့မလဲဟု လျှောက်ကြည့်မိသည်။ သို့သော် လူအများသည် သူတို့ကိစ္စနှင့်သူတို့ ဘယ်သူ့ကိုမှ ဂရုစိုက်အားကြဟန် မတူကြချေ။ တစ်ယောက်က သတင်းစာဖတ်နေသည်။ လူနှစ်ယောက်က ဘဏ်ဓားပြတိုက်မှုတစ်ခုကို ဆွေးနွေးနေကြသည်။ တစ်ယောက်က ပြောသည်။ "သူတို့က ဉမင်လိုဏ်ခေါင်းတူးပြီး ဘဏ်အတွင်းထဲရောက်အောင် ဝင်တာဆိုကိုး၊ အာမခံသံမဏိသေတ္တာတွေထဲရှိတဲ့ ရတနာတွေ အကုန်ယူသွားသတဲ့၊ တန်ဖိုးသိန်းပေါင်း တော်တော်များများ ပါသွားတယ်ဆိုပဲ"

ထိုအခါ အခြားတစ်ယောက်က "အဲဒီ တချို့သံမဏိအာမခံသေတ္တာတွေထဲ ဘာတွေရှိတယ်ဆိုတာ သိနိုင်ဖို့ခက်သားပဲ၊ ပစ္စည်းအပ်တဲ့လူတွေက သူတို့အပ်တဲ့အထုပ်ထဲမှာ ဘာတွေပါတယ်ဆိုတာ ဘဏ်ကိုပြောပြဖို့လိုတာမှ မဟုတ်ဘဲ" ဟု ပြောပြန်သည်။

"အင်း– ဒါလည်း ဟုတ်တာပဲ၊ ဘာမှအဖိုးမတန်တဲ့စာချုပ်တွေနဲ့ ငွေညည်သုတ်ဖွန်းတွေ သွားထည့်ထား၊ ပြီးတော့ ရွှေတွေစိန်တွေထည့်ထားတယ်လို့လည်း ပြောနိုင်တာပဲ" ဟု သူ့မိတ်ဆွေကပြောပြီး နှစ်ယောက်သား ရယ်မောကြသည်။

အီမယ်၏စိတ်တွင်ကား "ငါ့အကြောင်းပြောပြရင်လည်း ဒီလိုပဲနေမှာပဲ၊ ကိုလူကြီး ငါ့ဆီက ငွေခုနစ်ပေါင်ခိုးသွားပါတယ်ဆိုလို့ ဘယ်သူမှ ယုံမှာမဟုတ်ဘူး။ သူခိုးက ငါ့ကို လိမ်ပြောနေတာပါ၊ သူယူတာက တစ်ရှီလင်သုံးပဲနိတည်းပါလို့များဆိုလေမလား၊ အဲဒါမှဒုက္ခပါပဲ" ဟု အောက်မေ့သည်။

ထိုအတောအတွင်း လက်မှတ်စစ်လိုက်လာ၍ "လက်မှတ်မယူရသေးတဲ့လူ ရှိသေးသလား" ဟုမေးသည်။ အီမယ်၏ဘေးက ခရီးသည်များသည် ပိုက်ဆံပေးကြရာ အပေါက်ဖောက်ထားသော စက္ကူအဖြူပြားကလေးများ ကိုယ်စီ ရသွားကြသည်။ အီမယ်၏အလှည့်ရောက်သောအခါ လက်မှတ်စစ်

www.burmeseclassic.com

www.burmeseclassic.com



က "ဘယ်မှာလဲ မင့်လက်မှတ်ဖိုး" ဟုမေးလျှင် အီမယ်က "ကျွန်တော်ပိုက်ဆံကျပျောက်ခဲ့လို့ပါခင်ဗျာ" ဟု ပြန်ပြောလိုက်သည်။ သူခိုးခိုးခံရသည်ဟု ပြောလျှင် ယုံမည်မဟုတ်ဟု အီမယ်ထင်မိသည်။

"ဩော် ပိုက်ဆံပျောက်တယ်လား၊ ဒီလိုပဲ မင်းတို့ပြောတတ်ကြတာပဲ၊ ငါခဏခဏ ကြားရဖူးတာ များလှပါပြီ၊ ကဲ ဒါဖြင့် ဘယ်အထိ မင်းသွားမှာလဲ"

"အဲ အဲ ဒါတော့ ကျွန်တော်မသိဘူးခင်ဗျာ"

"ကဲ ဒါဖြင့် နောက်မှတ်တိုင်ကျတော့ ဘယ်ထိသွားမယ်ဆိုတာ စဉ်းစားဦးပေါ့"

"ဒီလိုတော့ မလုပ်ပါနဲ့ခင်ဗျာ၊ ခဏတော့ နေပါရစေဦး၊ တောင်းပန်ပါရစေ၊ မဆင်းပါရစေနဲ့"

"ဟေ့– ဆင်းဆိုရင် ဆင်းကွ၊ နားလည်ရဲ့လား"

"ကဲပါကွာ၊ ဒီကလေးကို လက်မှတ်တစ်စောင် ဆုတ်ပေးလိုက်စမ်းပါ" ဟု သတင်းစာဖတ်နေသူ ခရီးသည်တစ်ဦးက ပြောပြောဆိုဆိုနှင့် ပိုက်ဆံ ယုတ်ပေးသည်။

အီမယ်မှာ လက်မှတ်ရသွားတော့သည်။ လက်မှတ်စစ်မှာ မကျေချမ်းနိုင်သေးဘဲ "တစ်နေ့တစ်နေ့ ဒီလိုလျှောက်ညာနေတဲ့ ကောင်လေးတွေ အများကြီးပဲ၊ မေးလိုက်ရင် ပိုက်ဆံပျောက်လို့တဲ့။ သူတို့သက်သက် လုလည်လုပ်တာ၊ လူကြီးလည်း လှည့်ထွက်သွားရော၊ သူတို့ကပဲ ပြောင်ရလှောင်ရတာနဲ့၊ သိပ်လူပါးဝတဲ့ကောင်လေးတွေ" ဟုပြောရာ သတင်းစာဖတ်နေသူ လူကြီးက "ဒီသူငယ်ကတော့ ဒီလိုဟုတ်ဟန်မတူပါဘူး" ဟု ပြန်ပြောသည်။

အီမယ်က "ကျွန်တော်ဒီလိုမဟုတ်ပါဘူးခင်ဗျာ၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ ကူညီသူခရီးသည်က "ကိစ္စမရှိပါဘူးကွယ်" ဟု ပြောပြီး သူ့သတင်းစာ သူပြန်ဖတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရထားရပ်ပြန်လျှင် အိမယ်သည် သူခိုးများ ဆင်းလေမည်လားဟု ပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်ရပြန်သည်။ "မဆင်းသေးဘူး၊ မဆင်းသေးဘူး"

ဓာတ်ရထားပြန်ထွက်လျှင် အိမယ်က သတင်းစာဖတ်နေသူအား "ခင်ဗျားရဲ့လိပ်စာ ပေးပါလားခင်ဗျာ" ဟု ပြောရာ သူက "ဘာလုပ်ဖို့တုံး" ဟု မေးသည်။ အိမယ်က "ခင်ဗျား အခုလက်မှတ်ဝယ်ပေးလိုက်တာကို ပြန်ပေးချင်လို့ပါ၊ ကျွန်တော်ပိုက်ဆံရတော့ ပြန်ပေးပါ့မယ်၊ အခုတစ်ပတ်လုံး ကျွန်တော် ဘာလင်မှာ ရှိနေမှာပဲ၊ ကျွန်တော့်နာမည်က အိမယ်တစ်ရှာဘီးလို့ခေါ်ပါတယ်၊ နျူးစဒပ်မြို့က လာတာပါ" ဟု ပြန်ပြောသည်။

"ဒုက္ခရှာမနေပါနဲ့ကွာ၊ လက်မှတ်ဖိုး ပိုက်ဆံပေးပြီးတာ ပြီးပြီပဲ၊ ပိုက်ဆံထပ်ယူဦးမလား" ဟု လူကြီးကပြောသည်။

"အို မယူချင်ပါဘူးခင်ဗျာ၊ ကျေးဇူးတင်ပါတယ်၊ ပိုက်ဆံထပ်ယူလို့ ဘယ်ဖြစ်ပါ့မလဲ" ဟု အိမယ်က မြန်မြန်ထက်ထက်ပင် ပြန်ပြောလိုက်သည်။

"ဒီလိုဆိုလည်း ပြီးရောပေါ့" ဟု လူကြီးကပြော၍ သူ့သတင်းစာသူ ပြန်ဖတ်နေသည်။

ဓာတ်ရထားသည် ရပ်လိုက် သွားလိုက်နှင့်ပင် သွားမြဲဆက်သွားနေသည်။ သူတို့ယခုဓာတ်ရထားနှင့် သွားနေသောလမ်းမကြီးမှာ ကိုင်ဇာရိပ်သာဟု ခေါ်မှန်း အိမယ်သိရသည်။ သို့သော် ဘယ်ဆီရောက်နေသည်ကိုကား အိမယ်မသိရချေ။ သူခိုးမှာ ရှေ့ရထားတွဲတွင်ပါလာသည်။ သူ့အနားပတ်သည်တွင် သူခိုးတွေချည့်များလေလော မသိနိုင်ချေ။ လူတွေအဖို့မှာ ဘာဖြစ်နေနေ စိတ်ဝင်စားပုံ မပေါ်ကြ။ သူ့ကို လက်မှတ်ဝယ်ပေးသည့် လူကြီးသည် သူ့သတင်းစာကို သူဆက်ဖတ်နေသည်။ အိမယ်မှာ ဘာကြောင့် ပိုက်ဆံမပါဖြစ်ရသည်ကို မေးမြန်းဖော်မှ မရချေ။

အိမယ်မှာ မြို့တော်ကြီးအလယ်ကောင် လူတွေကြားထဲတွင် စိတ်အား

www.burmeseclassic.com

www.burmeseclassic.com



ငယ်မိသည်။ သူ့မှာပိုက်ဆံမပါသည်ကို ဘယ်သူမှဂရုတစိုက်မေးမြန်းသူတစ်ဦးမှ မရှိကြချေ။ အီမယ်ဘယ်သွားလို့ ဘယ်လာရမှန်းမသိသည်ကိုလည်း ဘယ်သူကမှ စိတ်ဝင်စားကြဟန်မတူချေ။ ဘာလင်မြို့တော်ကြီးတွင် လူပေါင်း လေးသန်းမျှရှိမည်။ အီမယ်လို ကောင်ကလေးတစ်ကောင် ဘာဖြစ်နေသည်ကို ဘယ်သူတစ်ဦးတစ်ယောက်မှ ဂရုမစိုက်ကြပါကလား။

မြို့ကြီးပြကြီးဆိုတော့ လူတွေဟာ သူတို့ဒုက္ခနှင့်သူတို့ အလုပ်ရှုပ်နေကြသဖြင့် တခြားသူတွေ ဘာဖြစ်နေသည်ကို အချိန်ကုန်ခံ မေးမြန်းမနေနိုင်ကြဘဲ ရှိကြသည်။ သူတို့ကို သွားပြောလျှင် တစ်ခဏလောက် နားထောင်ပြီး "ဖြစ်မှဖြစ်ရလေ" ဟုလောက်သာ ပြောချင်ပြောကြမည်။ သူတို့စိတ်ထဲမှာကား "ဘုရားရေ ငါ့ကို လာဒုက္ခပေးမနေပါနဲ့" ဟု ပြောချင်ကြမည်။

အီမယ်သည် အထီးကျန်ဖြစ်ကာ စိတ်အားငယ်လှသည်။ နောင် ဘယ်လိုများဖြစ်ဦးမှာလဲဟု တွေးပူပင်နေမိသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

**ပန်းဆိုင်ဘေးတွင်စောင့်သူ**

ကိုင်ဇာရိပ်သာ လမ်းမကြီးတစ်လျှောက် ပြေးနေသော နံပါတ် ၁၇၇ ဓာတ်ရထားပေါ်တွင် အီမယ်မှာ ဘယ်ဆီဘယ်ကမ်းဆိုက်မည်မသိ ပါသွားနေသည့်အချိန်တွင် သူ့ဘွားဘွားနှင့် ညီမဝမ်းကွဲ ပိုနီတို့မှာ ဖရက်ဒြစ်ဘူတာတွင် စောင့်ကြိုနေကြသည်။ သူတို့မြေးအဘွားသည် ပြောထားသည့်အတိုင်းပင် ပန်းဆိုင်နားမှာရပ်၍ စောင့်နေကြသည်။ မီးရထားဆိုက်၍ လူတွေ တစ်စုပြီး တစ်စု သူတို့အနား ဖြတ်သွားနေရာ အီမယ်ကို မတွေ့ရသဖြင့် နာရီကိုသာ မော့၍ ခဏခဏကြည့်နေကြသည်။

"အီမယ်က သိပ်များထွားနေလို့ ကျွန်မတို့ မမှတ်မိလိုက်တာနဲ့၊ ဒီအနားက ဖြတ်သွားလေပြီလားမသိတာ" ဟု ပိုနီက သူ့ဘိုင်စကယ် အသစ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ရှေ့တိုးနောက်ငင်လုပ်ရင်း ပြောသည်။ ဘိုင်စကယ်ကို ဘူတာရုံ ယူလာခဲ့ဖို့ မကောင်းသော်လည်း ပိုနီက ယူခဲ့ချင်သည်ဟု အထပ်ထပ်ပြော သဖြင့် ဘွားဘွားက "ကဲ ဒါဖြင့်လည်းယူခဲ့၊ သိပ်ခက်တဲ့ဟာမလေးပဲ" ဟု ပြောလိုက်သည်။

ပိုနီမှာ ပြုံးပြုံးရွှင်ရွှင်နှင့် ဘိုင်စကယ်ကို ယူလာခဲ့တော့သည်။ ပြောင် လက်နေသည့် ဘိုင်စကယ်ကလေးကို အိမယ်မြင်လျှင် ဘယ်လောက်အားကျ လိုက်မလဲဟု အောက်မေ့မိသည်။ "သူနဲ့သိတဲ့ သူငယ်ချင်းတွေထဲမှာ ဘယ်သူ မှ ဒီလိုဘိုင်စကယ်အသစ်ကလေး ရှိမှာမဟုတ်ပါဘူး" ဟု ပြောလိုက်သေး သည်။

ဘွားဘွားသည် စောင့်နေရင်း စိတ်ပူလာသည်။ "ဒီကောင်လေး ဘာ များ ဖြစ်နေပါလိမ့်မလဲ၊ ရထားလည်း ဝင်လာပြီးရောပေ့၊ အခုခြောက်နာရီထိုး လို့ မိနစ်နှစ်ဆယ်တောင်လွန်သွားပြီ" ဟု ပြောနေသည်။

အတန်ကြာလျှင် ပိုနီအား ဘွားဘွားက သွားမေးမြန်းခိုင်းလိုက်ရာ ပိုနီသည် သူ့ဘိုင်စကယ်ကို ဆွဲ၍သွားသည်။ လက်မှတ်စစ်ရပ်နေသည့် ဝင်း ခြံကာအနီးသို့ရောက်လျှင် "နျူစဒပ်ကလာတဲ့ ရထား ဘာဖြစ်လို့ မရောက် သေးတာလဲ၊ နောက်ကျလှချည်လား" ဟု မေးသည်။

လက်မှတ်စစ်က "နျူစဒပ်က လာတဲ့ရထားလား၊ ဟုတ်တယ်၊ ခြောက် နာရီဆယ်မိနစ်မှာ ဆိုက်တယ်လေ၊ ဆိုက်ပြီးသွားပါပကော" ဟု လက်မှတ် ဖောက်သည့် ပလိုင်ယာကို ဝင့်ကာ ဝင့်ကာနှင့် ပြန်ဖြေသည်။

"ဟင် ဟုတ်လား၊ တကယ်နော်၊ ကျွန်မနဲ့ ဘွားဘွားတို့ဖြင့် ပန်းဆိုင် နားကနေပြီး စောင့်ရတာ ကြာလှပြီ၊ ကျွန်မမောင် ဝမ်းကွဲ အိမယ်ကို လာကြို တာ"

"ကောင်းပဗျား ကြားရတာ ဝမ်းသာလိုက်တာ" ဟု လက်မှတ်စစ်က ပြောင်ချော်ချော်ပြောလိုက်ရာ ပိုနီက "အောင်မယ် လူကြီးက ဘာများ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာနေရတာလဲ" ဟု ပြောရင်း ဘိုင်စကယ်ခေါင်းလောင်းလေးကို လက်နှင့် တီးလိုက်ရာ အသံမြည်သွားသည်။

လက်မှတ်စစ်သည် ဘာမှပြန်မပြောဘဲ ပိုနီကို ကျောခိုင်းနေလိုက်သည်။

"ရှင်ဟာ လူထူးလူဆန်းကြီးပဲ၊ ကဲ–သွားတော့မယ်" ဟု ပိုနီက ဒေါပါပါနှင့်ပြောလိုက်ရာ ဘေး၌ရပ်နေသည့် လူများက ပြုံးကြသဖြင့် လက်မှတ်စစ်မှာလည်း စိတ်ဆိုးသွားပုံရသည်။ ပိုနီသည် ဘိုင်စကယ်ကိုတွန်း၍ ပန်းဆိုင်သို့ ပြန်လာခဲ့သည်။

"မီးရထားဝင်ပြီးတာ ကြာလှပြီတဲ့ ဘွားဘွားရဲ့" ဟု ပိုနီက ဘွားဘွားကို ပြန်ပြောသည်။

"ဒါဖြင့် အီမယ် ဘာများဖြစ်နေပါလိမ့်၊ သူမလာနိုင်လည်း သူ့အမေက ကြေးနန်းရိုက်မှာပါပဲ၊ နေပါဦး၊ သူ့ကို သေသေချာချာ လမ်းညွှန်ထားရက်



အီမယ်အား ဘူတာတွင် လိုက်ရှာနေသော ပိုနီ

www.burmeseclassic.com

www.burmeseclassic.com



သားနဲ့မျှား ဘူတာများမှားပြီး ဆင်းလေသလားမသိပါဘူး"

"အဲဒါနေမှာပါပဲ၊ ကောင်လေးတွေဆိုတာ တုံးဘိခြင်းပဲ၊ ဘူတာ မှား ဆင်းတာ ဖြစ်မှာပဲ" ဟုပိုနီက တထစ်ချ ပြောလိုက်သည်။

သူတို့မြေးအဘွားသည် အိမယ် ပေါ်လာလိုလာငြား ငါးမိနစ်ခန့် ထပ် စောင့်ကြပြီးနောက် "တို့ တခြား ဘာလုပ်စရာရှိတာလိုက်လို့" ဟု ဆိုပြီး နောက်ထပ်ငါးမိနစ် ထပ်စောင့်ကြသေးသည်။

နောက်ဆုံးတွင် ပိုနီက "နောက်ထပ်စောင့်လို့ကော ဘာထူးဦးမှာလဲ ဘွားဘွား၊ ဒါထက် တခြားပန်းဆိုင်များရှိသေးသလား" ဟုမေးရာ ဘွားဘွား က "အေးလေ ရှိလိုရှိငြား လိုက်ကြည့်ချေဦး၊ မြန်မြန်လည်း ပြန်လာခဲ့" ဟု ပြောလိုက်သည်နှင့် ပိုနီသည် ဘိုင်စကယ်ဖြင့် တစ်ပတ်လျှောက်ကြည့်သည်။ သို့သော် တခြားပန်းဆိုင်ဟူ၍ မတွေ့ရချေ။ ပစ္စည်းသယ်သမားများကို မေး ရာတွင် ဘူတာရုံနားတွင် ပန်းဆိုင်တစ်ဆိုင်သာရှိသည်ဟု သေချာပေါက် ပြောသည်။

ပိုနီသည် ဘွားဘွားဆီပြန်သွားပြီး "ဒီပြင် ဘယ်ပန်းဆိုင်မှ မရှိဘူး ဘွားဘွား၊ ကျွန်မလည်း ရှိမယ်မထင်ပါဘူး၊ အင်း နေပါဦး၊ ဘာပြောမလို့ပါ လိမ့်၊ ဪ သိပြီ သိပြီ၊ နျူစဒပ်က မီးရထားနောက်တစ်စင်း ၈ နာရီ သုံး ဆယ့်သုံးမိနစ်မှာပဲ ရှိတော့တယ်။ ဒီတော့ ကျွန်မဘိုင်စကယ်နဲ့ လာကြိုမယ် လေ၊ အဲဒီတစ်ခါမှပါမလာရင်တော့ သူ့တော့လား စာရေးပြီး ကောင်းကောင်း ဆူလိုက်ဦးမယ်" ဟု ပြောသည်။

"အို ခက်တာပဲ၊ ဒုက္ခပါပဲ၊ အဲဒါမှ ဒုက္ခပဲ" ဟု ဘွားဘွားက စိတ်ပူပဟန် နှင့်ပြောသည်။ ဘွားဘွား စိတ်အနှောင့်အယှက်ဖြစ်လာသည့်အခါ၊ စိတ် တက်ကြွသည့်အခါမျိုးတွင် စကားတစ်လုံးကိုထပ်ခါထပ်ခါပြောတတ်သည်။ သူတို့မြေးအဘွား အိမ်ဘက်သို့လှည့်ပြီး ဖြည်းဖြည်းပြန်လာခဲ့ရင်း ပိုနီက "ဘွားဘွား ဘိုင်စကယ်ရှေ့က လက်တန်းပေါ်မှာ စီးမလား" ဟုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ၊ ဒီကောင်မလေးကလည်း မတော်မတည့်" ဟု ပြော လိုက်သည်။

"မတော်မတည့်မဟုတ်ပါဘူး ဘွားဘွားရဲ့၊ ဘွားဘွားဆိုရင် ဟို အာ ဘဆိုတဲ့ ကောင်လေးထက် ပိုမလေးပါဘူး၊ သူတောင် စီးသေးတာပဲ"

"ဟင်းနော်– မိပိုနီ၊ နောက်တစ်ခါ ဒါမျိုးမကြားရစေနဲ့၊ နင့်အဖေကို ဆိုင်စကယ် တစ်ခါတည်း ယူသိမ်းထားလို့ ပြောလိုက်မယ် သိရဲ့လား"

"အို ဘွားဘွားကလည်း သိပ်ဆိုးတာပဲ" ဟု ပိုနီက စိတ်ကောက် ကောက်နှင့် ပြန်ပြောသည်။

သူတို့မြေးအဘွားသည် ၁၅၊ ရှူးမင်းလမ်းရှိ သူတို့အိမ်သို့ ပြန်ရောက် လာအခါ ပိုနီ၏မိဘများ တကြောင့်ကြကြနှင့် စောင့်နေကြသည်ကို တွေ့ရ သည်။ အီမယ်ပါမလာဘူး ကြားရသောအခါ၌ကား ပို၍စိတ်ပူသွားကြပြီး ဘွင် မစ္စတာဟိန်းဘိုးက ဈူးစဒပ်ရှိ အီမယ်၏အမေထံ ကြေးနန်းရိုက်မည်ဟု ဆိုသည်။ သူ့မိန်းမက တားထားသည်။

"မလုပ်ပါနဲ့တော်၊ သူ့အမေ စိုးရိမ်ကြီးပြီး သေမလောက်ဖြစ်သွားရှာပါ ဦးမယ်၊ ရှစ်နာရီလောက်ကျတော့ ဘူတာရုံသွားပြီး ကြည့်သေးတာပေါ့၊ နောက်ရထားနဲ့ ပါချင်ပါလာမှာပါ" ဟု ပြောသည်။

"အင်းပါ၊ ကောင်းပါရဲ့၊ ဒါပေမဲ့ ငါတော့ စိတ်မပူဘဲ မနေနိုင်ဘူး။ ဒါမျိုး ငါမကြိုက်ပါဘူး၊ နည်းနည်းကလေးမှ မကြိုက်ဘူး" ဟု ဘွားဘွားက ညည်းညည်းညူညူပြောသည်။

ပိုနီက ခေါင်းတခါခါနှင့် "ဟုတ်တယ်၊ နည်းနည်းလေးမှမကြိုက်ဘူး" ရေရွတ်နေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဟွန်းနှင့်   ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

**မော်တော်ဟွန်းနှင့် ကောင်ကလေး**

ဓာတ်ရထားသည် ကိုင်ဇာရိပ်သာလမ်းမှ ဘရောင်တင်နာလမ်းသို့ ချိုးခင်လိုက်လျှင် ဘောင်လာဦးထုပ်ဆောင်းထားသူသည် ရထားပေါ်မှဆင်းသွားသည်။ အိမယ်သည် သူ့သားရေသေတ္တာနှင့် ပန်းစည်းကိုကောက်ယူတဲ့ပြီး သူ့ကိုလက်မှတ်ယူပေးသည့်လူကြီးကို "ကျေးဇူးပါပဲ" ဟု ထပ်ပြောပြီး ဆင်းလေသည်။ ဓာတ်ရထားထွက်သွားလျှင် ဘောင်လာဦးထုပ်နှင့် လူကြီးသည် ရှေ့တည့်တည့်က စကြံပေါ်တွင် ခဏရပ်နားနေပြီး အစားအသောက်ဆိုင်ရှေ့လှေကားကို တက်သွားသည်။

သည်ကရှေ့ အိမယ်မှာ တကယ့်စုံထောက်ကြီး သူခိုးနောက်က လိုက်သလို သတိကြီးစွာနှင့် လုပ်ရတော့မည်။ သူ့ဘောပတ်ဝန်းကျင်ကိုတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲကြည့် အကဲခတ်ရာ၊ လမ်းထောင့်တွင် သတင်းစာဆိုင်တစ်ဆိုင်ကို မြင်သည်။ ထိုဆိုင်နားက ကွယ်၍စောင့်ကြည့်လျှင် အဲတော်ဖြစ်မည်ဟု အောက်မေ့၍ ထိုဆိုင်ဆီသို့ ခပ်သုတ်သုတ်သွားသည်။ လေးလှသည့် သားရေသေတ္တာကို အသာချ၍ ဦးထုပ်ကိုချွတ်ကာ ဘာလုပ်ရပါမည်နည်းဟု စဉ်းစားသည်။

ဘောင်လာဦးထုပ်နှင့်လူကြီးသည် အစားအသောက်ဆိုင်ထဲဝင်၍ သံတန်းကာထားသည့်အနားက စားပွဲတွင် ဝင်ထိုင်သည်။ သူ့နေရာမှနေ၍ လမ်းကို ကောင်းကောင်းမြင်ရသည်။လူကြီးသည် စီးကရက် အေးအေး ဆေးဆေး သောက်နေသည်။ ကြည့်ပါဦးတော့၊ သူခိုးကဖြင့် ဟန်ကျပန်ကျနှင့် ပျော်လို့၊ အခိုးခံရသည့်လူမှာသာ ဒုက္ခရောက်နေတော့သည်ဟု အီမယ် တွေးမိကာ အတော်ပင် မြင်ပြင်းကပ်သွားမိသည်။ ယခုမှာ သူခိုးက ပြေးလွှားပုန်း ရှောင်မနေရဘဲ အီမယ်မှာသာ သတင်းစာဆိုင်အကွယ်မှာ ပုန်းနေလေခြင်းဟု စိတ်ဆိုးမိသည်။

လူကြီးကို စောင့်ကြည့်နေရလေလေ၊ အီမယ်ခံပြင်းလာလေဖြစ်သည်။ ယခု အဖျော်ယမကာ တစ်ဖန်ခွက် မှာသောက်ပြီး နောက်ထပ်စီးကရက် တစ်လိပ် သောက်နေပြန်ပြီ။ သို့သော် ဒါက တော်သေးသည်။ သူထသွားပြန် လျှင် အီမယ်မှာ သားရေအိတ်တစ်ဖက် ပန်းစည်းတစ်ဖက်နှင့် သူ့နောက်က လိုက်ရဦးတော့မည်။ သည်လူကြီးထိုင်နေသရွေ့ အီမယ်မှာလည်း ရပ်၍နေနိုင် သေးသည်။ သူမသွားမချင်း အီမယ်စောင့်ကြည့်နေမည်။ ဘယ်လောက် ကြာကြာ သူ့မေးစေ့မှာ မုတ်ဆိတ်မွေးတွေပေါက်လာသည့်တိုင် စောင့်ရ စောင့် ရ စောင့်မည်။ သို့ပေမင့် ခက်သေးသည်။ သူ့ကို ရဲသားတစ်ယောက်ကများ လာပြီး "မင်းဘာလုပ်နေတာလဲ" ဟု မေးလျှင် ဘယ်နှယ့်လုပ်ရပါမည်နည်း။

"ယောင်လည်လည်နဲ့ ဘာလုပ်နေမှန်းမသိဘူး၊ အလစ်အိတ်မလို့ထင် တယ်" ဟူ၍များပြောပြီး "လာ လိုက်ခဲ့ ကောင်းကောင်းမလိုက်ရင် လက်

www.burmeseclassic.com

www.burmeseclassic.com



ထိတ် ခတ်ရလိမ့်မယ်” ဟုဆိုလျှင် ခက်ချေတော့မည်။

ဤသို့ သို့လော သို့လော တွေးတောနေစဉ် မော်တော်ဟွန်းသံ၊ သူ့နောက်ကကြားသဖြင့် လန့်ကာ ထခုန်မိသည်။ ကြည့်လိုက်သောအခါ သူငယ်လေးတစ်ယောက် ရယ်မောကာ မတ်တတ်ရပ်နေသည်ကို တွေ့ရသည်။

“ကိစ္စမရှိပါဘူးလေ စိတ်မဆိုးပါနဲ့” ဟုပြောသည်။

“ငါ့နောက်တည့်တည့်က မော်တော်ကားရောက်လာတယ် ထင်လိုက်တာ” ဟု အီမယ်က ပြန်ပြောသည်။

“တော်တော် န တဲ့အကောင်၊ မင်း ဒီအရပ်က မဟုတ်ဘူး ထင်တယ်၊ နို့မဟုတ်ရင် ငါ့ကို သိမှာပေါ့၊ ငါ့ဘောင်းဘီအိတ်ထဲမှာ မော်တော်ဟွန်းတစ်ခု အမြဲထည့်ထားတယ်။ မော်တော်ဟွန်းနဲ့ကောင်လေးဆိုတာ ငါ့ကို လူတိုင်းသိကြတာပဲ”

“ငါ ဒီကမဟုတ်ပါဘူး၊ ချူစဒပ်ကပါ။ အခုမှဘူတာရုံက ဆင်းလာတာ” ဟု အီမယ်ကပြောသည်။

“အိုး– ဒါဖြင့် တောက လာတာပေါ့၊ ဒါကြောင့်ကိုး၊ ဝတ်ထားလိုက်တဲ့ ဝတ်စုံကြီးကလည်း ဖြစ်နေလိုက်ထာ”

“ဟေ့ ဘာပြောတာလဲကွ၊ မင်း ထပ်ပြောရဲ ပြောစမ်း၊ ငါမင်းကိုချမယ်” ဟု အီမယ်က ဒေါပွပွနှင့်ဆိုလိုက်သည်။

မော်တော်ဟွန်းနှင့် သူငယ်က “ဟေ့ ဟေ့ နေပါဦး၊ ဒါလောက်လည်း ဒေါမပွပါနဲ့၊ ပူပူအိုက်အိုက်ကြီးထဲ ထိုးရကြိတ်ရတာ မကောင်းပါဘူး၊ မင်း ချချင်ရင်တော့လည်း ငါက မငြင်းပါဘူး” ဟု ခပ်အေးအေးပင်ပြန်ပြောသည်။

အီမယ်က “အေးပါကွာ၊ ဒါဖြင့်လည်း ပြီးရောပေါ့၊ နောက်များမှ ချချင်လည်း ချကြသေးတာပေါ့၊ အခုတော့ ငါ့မှာလည်းအချိန်မရှိပါဘူး” ဟု ပြောပြီး အစားအစွဲသောက်ဆိုင်ဘက်ကို မစ္စတာဂရန်းဒီး ရှိမှရှိသေးရဲ့လားဟု လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဟွန်းနှင့် သူငယ်က "မင်းကသာ အချိန်မရှိဘူးဆိုတာ၊ မင်းကြည့်ရတာဖြင့် အချိန်တွေ အများကြီးရှိသလိုပါပဲလား၊ သားရေသေတ္တာကြီးကတစ်ဖက်၊ ပန်းမုန်လာထုပ်ကြီးကတစ်ဖက်နဲ့ ဒီနားမှာ မယောင်မလည်လုပ်နေတာပဲ၊ တစ်ယောက်တည်း တူတူပုန်းတမ်း ကစားနေတာနဲ့ တူတာပဲ။ ရေးကြီးသုတ်ပျာလည်း ရှိပုံမပေါ်ပါဘူး" ဟုပြောသည်။

"အမှန်ပြော်ရရင်ကွာ၊ ငါ သူခိုးလိုက်ချောင်းနေတာကွ"

"ဟင် ဘာပြောတယ်၊ သူခိုးချောင်းတယ်၊ ဘယ်သူ့ဆီက ဘာခိုးတဲ့သူခိုးလဲကွ၊ ပြောစမ်းပါဦး"

"ဘယ်သူ့ဆီကရမလဲကွ၊ ငါ့ဆီကပေါ့" ဟု အိမယ်က တခမ်းတနားစကားစလိုက်သည်။ "သူခိုးက မီးရထားတွဲထဲမှာ ငါအိပ်ပျော်နေတုန်း ငါ့အိတ်ထဲက ငွေခုနစ်ပေါင်ကို နှိုက်သွားတယ်။ ငွေက ဘာလင်မှာနေတဲ့ ငါ့ဘွားဘွားဖို့ ယူလာတာ၊ သူခိုးက ငွေကိုနှိုက်ယူပြီး နောက်ဆုံးနားက တွဲပြောင်းစီးတယ်၊ ပြီးတော့ တီရစ္ဆန်ဥယျာဉ်ဘူတာမှာ ဆင်းတာ မြင်လိုက်တာနဲ့ အဲဒီကတည်းက ငါသူ့နောက်က လိုက်ချောင်းတာ ခုထိပဲ။ သူစာတ်ရထားတက်စီးပြီး အခု ဟိုဆိုင်ထဲမှာ ဝင်စားနေတယ်၊ ကြည့်လေ၊ ဘယ်လောက်ဟန်ကျနေလိုက်သလဲ၊ စားသောက်နေလိုက်တာ အကျပဲ၊ မြင်လား၊ ဟိုမှာ ဘောင်လာဦးထုပ်ဆောင်းထားတဲ့လူကြီးပေါ့"

"ဟာ မင်းဥစ္စာ ပျော်စရာကြီးပဲ၊ ရုပ်ရှင်ထဲကလိုပါပဲလား၊ ပြီးတော့ မင်းဘယ်လိုလုပ်မှာလဲ" ဟု သူငယ်လေးက မေးသည်။

"မသိဘူးကွာ၊ သူ့နောက်က မျက်ခြည်မပြတ် လိုက်နေရမှာပဲ" ဟု အိမယ်က ပြန်ပြောသည်။

"ဟိုနားမှာ ရဲသားတစ်ယောက်ရှိတယ်၊ သွားပြောပါလား၊ သူက သူခိုးဖမ်းပေးနိုင်တာပေါ့"

"ဒီလိုလည်း မဖြစ်ဘူးကွာ၊ ခက်တာက နျူစဒပ်တုန်းက ငါ တစ်ခုလုပ်

www.burmeseclassic.com

www.burmeseclassic.com



မိထားတဲ့ အမှုက ရှိနေတယ်၊ ချုစဒပ်က ရဲတွေကလည်း ခုလောက်ရှိရင် ငါ့နောက်က လိုက်ကြမှာပဲ” ဟု အီမယ်က ဖြောင့်ချက်ပေးသည်။

“ဪ၊ ဒီလိုလား”

“အေးကွာ၊ ဘွားဘွားတော့ ဖရက်ဒြစ်ဘူတာကနေပြီး ကြိုနေရှာတော့မှာပဲ” ဟု အီမယ်ကပြောသည်။

မော်တော်ဟွန်းနှင့် သူငယ်သည် ခဏမျှ စဉ်းစားနေပြီး “တကယ်သူခိုး လိုက်ချောင်းပြီး မိများမိရင် ပျော်စရာကြီးပဲကွာ၊ ဟော့– ငါမင်းကို ကူညီမယ်ကွာ၊ မင်းသဘောတူရင်ပေါ့လေ”

“ကူညီရင်တော့ သိပ်ဝမ်းသာမှာပေါ့ကွာ” ဟု အီမယ်က အားရပါးရ ပြန်ပြောလိုက်သည်။

“ဒါဖြင့် ကိစ္စပြီးတာပဲ၊ ဒါထက် ငါ့နာမည်က ဂူးစတပ် လို့ ခေါ်တယ်”

“ငါ့နာမည်က အီမယ် တဲ့”

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် အတော်ပင် အလွမ်းသင့်သွားကြသည်။

ဂူးစတပ်က ပြောသည်။ “ကဲ ဒါဖြင့် အလုပ်မြန်မြန် စကြမှပဲ၊ ဒီလို ချည်းရပ်နေလို့ အလကားပဲ၊ ဒီလူကြီး မျက်ခြည်ပြတ်လို့မဖြစ်ဘူး၊ မင်းမှာ ပိုက်ဆံ ကျန်သေးရဲ့လား”

“တစ်ပြားတစ်စေ့တောင်မရှိဘူး”

ဂူးစတပ်သည် မော်တော်ဟွန်း တွတ်လိုက်သည်။ သူစဉ်းစားရကျပ်နေသည့်အခါ သည်လိုလုပ်လိုက်လျှင် ဉာဏ်ထွက်လာနေကျဖြစ်သည်။ သည်တစ်ခါ ဘယ်ကမှ ဉာဏ်ထွက်မလာချေ။

“ဒီလိုဆိုရင် မင်းသူငယ်ချင်းတွေခေါ်ပြီး အကူအညီတောင်းပေးမလား” ဟု အီမယ်က အကြံပေးသည်။

ဂူးစတပ်က “အေး၊ ဒီအကြံကောင်းတယ်၊ လမ်းလျှောက်ပြီး မော်တော်

www.burmeseclassic.com

www.burmeseclassic.com



ဟွန်းတွတ်လိုက်ရင် တို့လူစုတွေ ဘာဖြစ်တာလဲလို့ ထွက်လာကြမှာပဲ” ဟု ပြောသည်။

အိမယ်က “ဒါဖြင့် လုပ်ကွာ၊ သိပ်လည်းမကြာစေနဲ့၊ ဟိုလူကြီးက တစ်ခါထွက်သွားစြန်ရင် ငါက နောက်ကလိုက်ရဦးမှာ၊ ဒီတော့ မင်းနဲ့ငါ ပြန်မတွေ့ဘဲ ဖြစ်နေဦးမယ်” ဟု ပြောသည်။

ဂူးစတပ်က “အေး ဟုတ်တယ်၊ ငါမြန်မြန်လုပ်ပါ့မယ်၊ စိတ်ချပါ၊ မင်း လူကြီးလည်း ကြက်ဥတွေ ဘာတွေစားနေတယ်၊ တော်တော်နဲ့ထွက်မလာ သေးပါဘူး။ ကဲ– ချယ်ရီယို အိမယ်၊ နိပ်တာပဲကွာ၊ ဒီလိုစွန့်စားခန်းမျိုးလုပ် ချင်တာကြာပြီ၊ ပျော်စရာကြီးပဲ” ဟု ပြောပြီး သုတ်ခြေတင်လေသည်။

အိမယ် စိတ်အားတက်သွားမိသည်။ ငွေပျောက်သည်မှာ ကံဆိုးသည် ဆိုရသော်လည်း မည်သူမဆို ကြုံချင်ကြုံရတတ်သည်။ သို့ပေမယ့် ဒီလိုကြုံ ရသည့်အတွက် ယခုလို မိတ်ဆွေတွေ ဝိုင်းဝန်းကူညီကြမည်ဆိုပါက တစ်မျိုး ဝမ်းသာစရာဖြစ်သည်။ အိမယ်သည် သူခိုးကိုစောင့်ကြည့်နေသည်။ သူခိုး သည် အစားအသောက် ကျကျနန မှာစားသည်။ အိမယ်၏အမေ မစားရက် မသောက်ရက် စုဆောင်းထားသည့်ပိုက်ဆံနှင့် စားသောက်နေတာပဲ ဖြစ်ရ မည်။ အိမယ်၏စိတ်၌ကား ဂူးစတပ်ပြန်မလာမီ လူကြီးထွက်သွားမည်ကို သာ စိုးရိမ်နေသည်။

မစ္စတာ ဂရန်းဒီးသည် စားသောက်ဆိုင်တွင်းတွင် အတော်ကြာထိုင်နေ သဖြင့် အိမယ်အဖို့ ဟန်ကျသွားသည်။ အကယ်၍သာ သူ့ကို လိုက်ချောင်း နေမှန်းသိလျှင် (တတ်နိုင် ဖြစ်နိုင်လျှင်) လေယာဉ်ပျံစင်းလုံးငှားပြီး ထွက်ပြေး ချင်ပေလိမ့်မည်။

ဆယ်မိနစ်ခန့်ကြာလျှင် မော်တော်ဟွန်းသံ အိမယ်ကြားရသည်။ သူ ငယ်လေး နှစ်ဆယ်အစိတ်ခန့် လမ်းပေါ်မှ ဆင်းလျှောက်လာကြသည်။ သူတို့ ရှေ့က ဂူးစတပ် ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာရောင်းသည့် ဆိုင်နားရောက်လျှင် ဂူးစတပ်က "ရပ်လိုက်" ဟု အမိန့်ပေးလိုက်သည်။ "ကဲ ဘယ့်နှယ့်ရှိစ" ဟု ဂူးစတပ်က အီမယ်ကို ခပ်ကြွားကြွားမေးလိုက်ရာ အီမယ်မှာ ပြုံးရွှင်နေသည်။

"ဟာ သိပ်နိပ်တာပါပဲလား" ဟု အီမယ်ကပြော၍ ဂူးစတပ်၏ နံရိုးကြားထဲ သူ့လက်နှင့် ကလိလိုက်သည်။

ဂူးစတပ်က သူ့လူတွေအား ဤသို့ကြေညာသည်။

"ဟေ့ ကိုယ့်လူတို့ ဒီမှာ နျူးစဒပ်မြို့က အီမယ်ဆိုတာ သူပဲ။ ဟိုမှာ သူ့ဆီက ငွေခိုးတဲ့လူပဲ၊ တွေ့လား။ ဆိုင်ရှေ့သံတန်းကာထားတဲ့အနားမှာ



'သူက ပရော်ဖက်ဆာပဲ' ဟု ဂူးစတပ်က အီမယ်နှင့် မိတ်ဆက်ပေးသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတာ။ ဘောင်လာဦးထုပ်အနက်ဆောင်းလို့ မြင်လား၊ သူ့ကို ခိုးထုပ်ခိုးထည်နဲ့လွတ်သွားမယ်များဆိုရင် ကောင်းရောပေါ့ကွာ၊ ဒီတော့ တို့တစ်တွေအပေါ်မှာ အများကြီးတည်တယ်၊ နားလည်လား"

"တို့ သူ့ကို မိအောင် ဖမ်းမှာပေါ့ကွ ဂူးစတပ်ရ" ဟု ကော်ကိုင်းမျက်မှန်တပ်ထားသည့် သူငယ်က ပြောသည်။

"သူက ပရော်ဖက်ဆာပဲ" ဟု ဂူးစတပ်က အီမယ်နှင့် မိတ်ဆက်ပေးသည်။

ပရော်ဖက်ဆာက "ကဲ ဒါဖြင့် အလုပ်စကြမယ်၊ တို့အားလုံးမှာ ပိုက်ဆံဘယ်လောက်ရှိလဲ" ဟု မေးသည်။ သူငယ်လေးများသည် အိတ်တွေကိုကိုယ်စီလှန်လှောထုတ်ကာ အီမယ်၏ ဦးထုပ်ထဲ ပစ်ထည့်ကြသည်။ ဖိုးအင်္ဂါခေါ်သည့် သူငယ်လေးမှာ တစ်ရှီလင် လုံးလုံးထည့်ပေးသည်။ သူ့ကို ပိုက်ဆံရေထွက်ခိုင်းသဖြင့် သဘောကျကာ ခုန်ဆွခုန်ဆွလုပ်နေတော့သည်။

ဖိုးအင်္ဂါသည် ပိုက်ဆံများရေတွက်ပြီး "တို့မှာ အားလုံးငါးရှီလင် ရှစ်ပဲနီရှိတယ်။ ဒါရန်ပုံငွေပဲ၊ တို့တစ်တွေ သုံးစုခွဲပြီး ဝေပြီး ယူထားရမယ်။ ဒါမှတကွဲတပြားဖြစ်ရင် လက်ထဲ ပိုက်ဆံရှိနေအောင် ဟုတ်လား" ဟု ပြောသည်။

"ကောင်းပြီ" ဟု ပရော်ဖက်ဆာက ပြော၍ အီမယ်နှင့်သူ တစ်ယောက်နှစ်ရှီလင်စီ ခွဲယူကြသည်။ ဂူးစတပ်မှာ ကျန်တစ်ရှီလင်နှင့် ရှစ်ပဲနီကို ယူသည်။

"ကျေးဇူးပါပဲကွာ၊ သူခိုးပြန်မိရင် ငါပြန်ပေးနိုင်ပါလိမ့်မယ်၊ တို့ဘာလုပ်ရမလဲ၊ ဟောဒီသားရေသေတ္တာနဲ့ ပန်းစည်းကြီးကို ချထားလို့ရရင်ကောင်းမှာပဲ၊ ပြေးရလွှားရတဲ့အထဲမှာ သူတို့က တစ်မှော်ပဲ" ဟု အီမယ်က ပြောသည်။

ဂူးစတပ်က "ဒါဖြင့် ငါ့ပေးထားကွ၊ ဟိုအစားအသောက်ဆိုင်ထဲက ကောင်တာမှာသွားပြီး ခဏအပ်ထားလိုက်မယ်၊ ဟိုလူကြီးကိုလည်း သေသေချာချာကြည့်ရရော" ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာ "ဟော့ ကြည့်လည်းလုပ်နော်၊ ဟိုလူမိုက်ကြီးက သူ့နောက် လိုက်နေမှန်းသိရင် တို့ကို ဒုက္ခပေးလိမ့်မယ်ကွ" ဟု သတိပေးသည်။

"အောင်မယ်ကွာ ငါက ဒီလောက် မအသေးပါဘူး" ဟု ဂူးစတပ်က ပြောပြီး အိမယ်၏ပစ္စည်းများကို သယ်ယူသွားသည်။

ဂူးစတပ်ပြန်လာ၍ "ဟိုလူကြီးမျက်နှာကလည်းကွာ၊ ဖြစ်နေလိုက်တာ၊ မင်းပစ္စည်းတွေအတွက်တော့ စိတ်ချ အိမယ်ရေ၊ တို့ကိစ္စပြီးလို့ လိုချင်မှ ပြန်ယူရင်ရတယ်" ဟု ပြောသည်။

အိမယ်က "တို့ ဘယ်လို တိုက်ပွဲဆင်မယ်ဆိုတာ တိုင်ပင်ကြရအောင်၊ ဒါပေမဲ့ ဒီမှာ လူတွေအများကြီး ဝိုင်းကြည့်နေတော့ မဖြစ်ဘူး" ဟုပြောသည်။

ထိုအခါ ပရော်ဖက်ဆာက "ဒါဖြင့် နစ်ကိုလပန်းခြံထဲသွားကြရအောင်၊ ဒီအနားမှာတင်ပဲ။ ဟိုလူကြီးကို စောင့်ကြည့်နေရအောင်၊ ဒီနေရာမှာ လူနှစ်ယောက်ထားခဲ့မယ်၊ ပြီးတော့ လမ်းပေါ်မှာ အစောင့်ခြောက်ယောက် ချထားခဲ့မယ်၊ အကြောင်းထူးရင် တစ်ယောက်ကနေတစ်ယောက် သတင်းပို့သွားနိုင်မယ်၊ ဟိုလူကြီးထွက်သွားရင် တို့အားလုံး ဒီနေရာကို အမြန်ဆုံးပြန်လာနိုင်မယ်" ဟုပြောသည်။

ဂူးစတပ်က "ဒါတွေ ငါ့တာဝန်ထားပါ၊ ငါဒီမှာနေပြီး စောင့်ကြည့်နေမယ်၊ ကဲ အိမယ် ဘာမှမပူနဲ့၊ ဒီလူကြီးကို အလွတ်မပေးဘူး၊ ကဲ မင်းလိုက်သွား၊ အခု ခုနစ်နာရီတောင် ထိုးနေပြီ" ဟုပြောသည်။

ဂူးစတပ်သည် အခြားသူငယ်ချင်းများကို လျင်လျင်မြန်မြန်နေရာချထားပေးသည်။ လမ်းစောင့်တာဝန်ကျသော သူငယ်များသည် မိမိတို့၏ကိုယ်စီနေရာတွင် အကျ ရပ်နေကြသည်။ ကျန်လူစုမှာ အိမယ်နှင့် ပရော်ဖက်ဆာတို့က ရှေ့ဆောင်၍ နစ်ကိုလပန်းခြံဆီသို့ သွားကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

## စုံထောက်အဖွဲ့ စုရုံးခြင်း

နစ်ကိုလစကွဲယား ကွင်းထဲတွင် ဥယျာဉ်ရှိသည်။ အီမယ်တို့လူစုသည် အချို့က ဆေးဖြူသုတ်ထားသော ထိုင်ခုံများပေါ်တွင်ထိုင်၍ အချို့က မြက်ခင်းကို ဝင်းခတ်ထားသော ပိုက်လုံးတစ်လုံးပေါ်တွင် ထိုင်ကြသည်။ သူတို့အားလုံးပင် အလွန်အရေးကြီးသော ကိစ္စကြီးတစ်ခုကို ထမ်းဆောင်နေရသကဲ့သို့ မျက်နှာထားကြီးတွေနှင့် ဖြစ်နေကြသည်။

ပရော်ဖက်ဆာအမည်ခံသူ သူငယ်လေးသည် သည်လိုပွဲကြီးပွဲကောင်းတွေ့ချင်နေသည်မှာ ကြာလှပြီ။ သူသည် သူ့အဖေ အရေးတကြီးကိစ္စ တစ်ခုခုကို ပြောမည်ကြံလျှင် ပြုလုပ်တတ်သည့်အတိုင်း မျက်နှာထိမျက်နှာထားနှင့် မျက်မှန်ကိုချွတ်၍ ကျကျနန ဖုန်သုတ်သည်။ သူ့အဖေမှာ တရားသူကြီးတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ စကားစ၍ပြောသည်။ "တို့တစ်တွေ လူစုခွဲပြီး လုပ်ဖို့ လိုချင်လိုမယ် ဒါကြောင့် တို့အထဲက တစ်ယောက်က တယ်လီဖုန်းနားမှာ စောင့်ပြီးနေဖို့လို လိမ့်မယ်၊ အိမ်မှာ ဘယ်သူ ဖုန်းရှိသလဲ"

လက်ပေါင်းဆယ့်နှစ်ချောင်း မြှောက်ပြကြသည်။

"သဘောကောင်းတဲ့ အဖေ အမေနဲ့ လူမျိုးကိုလိုချင်တယ်"

"ဒီလိုဆိုရင် ငါ့ကိုယူပေါ့" ဟု ဖိုးအင်္ဂါလေးက ပြောသည်။

"မင်းဖုန်းနံပါတ်ပြောစမ်း"

"ဘာဘေးရိုးယား ၀၅၇၉"

"ကောင်းပြီ၊ ဒီမှာ စက္ကူနဲ့ ခဲတံ၊ ဟော့– ကရမ်၊ ဒီစက္ကူကို အစနှစ်ဆယ် ရအောင် ဖြတ်လိုက်စမ်း၊ ပြီးတော့ ဖိုးအင်္ဂါရဲ့ဖုန်းနံပါတ်ရေး၊ ဖတ်လို့ရအောင် လည်း ရေးနော်၊ ပြီးရင် အားလုံးကို ဝေလိုက်၊ အဲဒါ တို့ရဲ့သတင်းပို့ဌာနပဲ၊ ဖိုးအင်္ဂါဆီကို အားလုံး သတင်းပို့ရမယ်၊ ဘယ်အချိန် ဘယ်နေရာမှာ ဘယ် သူ ဘာလုပ်နေတယ်ဆိုတာကို ဖိုးအင်္ဂါသိထားရမယ်၊ ဒီတော့ ဘာမဆို သိချင်တဲ့လူက ဖိုးအင်္ဂါဆီကို ဖုန်းဆက်မေးပေါ့။ သူအားလုံးပြောနိုင်လိမ့်မယ်၊ ဒီတော့ တို့တစ်တွေအားလုံး ဘယ်သူဘယ်မှာဆိုတာ သိနိုင်တာပေါ့"

"ဟင် ဒီလိုဆိုရင် ကျွန်တော် အိမ်မှာ ထိုင်နေရမှာလားဟင်၊ အိမ်ထဲ မှာ မနေချင်ဘူး" ဟု ဖိုးအင်္ဂါက ငြင်းသည်။

"မင်းအိမ်မှာ နေရမှာပေါ့၊ တို့ဒီမှာ စီစဉ်ပြီးတာနဲ့ မင်း အိမ်ပြန်ပြီး တယ်လီဖုန်းနားမှာ မခွာတမ်းကပ်ပြီး နေပေတော့" ဟု ပရော်ဖက်ဆာက ပြောသည်။

"ဟင့်အင်း၊ သူခိုးဖမ်းမိတာ ကြည့်ချင်တယ်၊ ကျွန်တော် လူလေးငယ် ပေမယ့် အသုံးကျနိုင်ပါတယ်" ဟု ဖိုးအင်္ဂါက ထပ်ပြောပြန်သည်။

"မရဘူး၊ မင်းအိမ်ပြန်ပြီး တယ်လီဖုန်းစောင့်နေ၊ ဒါလည်း အသုံးကျ တာပဲ၊ ပြီးတော့ ဒီအလုပ်က သိပ်အရေးကြီးတယ်" ဟု ပရော်ဖက်ဆာက

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြောသဖြင့် ဖိုးအင်္ဂါလေးမှာ "ဒီလိုဆိုလည်း ကောင်းပါပြီ" ဟု စိတ်မပါ့ တပါနှင့် သဘောတူလိုက်ရသည်။

ကရမ်သည် ဖိုးအင်္ဂါလေး၏တယ်လီဖုန်းနံပါတ်ရေးထားသော စာရွက်ကလေးများကို သူငယ်လေးများကို ဝေပေးသည်။ သူတို့လည်း အိတ်ထဲ ကျကျနန ထည့်ကြသည်။ တစ်ယောက် နှစ်ယောက်မှာ အလွန်သေချာသူများ ဖြစ်၍ ချက်ချင်းပင် ထိုနံပါတ်ကို အလွတ်ရအောင် ကျက်လိုက်ကြသည်။

"တို့မှာ အရန်တပ်ရှိထားဦးမှ ကောင်းမယ်" ဟု အီမယ်က ပြောရာ ပရော်ဖက်ဆာက "အေး ဟုတ်တာပေါ့၊ အခု တာဝန်ကျနေတဲ့ လူတွေထဲမှာ မပါလို့ ကျန်နေတဲ့လူတွေက ဒီနစ်ကိုလပန်းခြံထဲမှာပဲ နေကြ၊ ပြီးတော့ မင်းတို့ တစ်ယောက်တစ်လှည့် အိမ်ပြန်ပြီး ဒီည မိုးချုပ်မှ အိမ်ပြန်ရောက်မယ်ဆိုတာ သွားပြောချေကြ၊ မသကာ မိတ်ဆွေတစ်ယောက်အိမ်မှာ ဒီညအိပ်မယ်လို့ပြောချင်လည်း ပြောပေါ့၊ ဒါမှ မနက်ထိ ဆက်အလုပ်လုပ်ရမယ်ဆိုရင် လွယ်ကူသွားမယ်။ အီမယ်ရယ်၊ ဂူးစတပ်ရယ်၊ ကရမ်းရယ်၊ မစ်တလားတို့ ညီအစ်ကိုရယ်၊ ငါရယ်က ရှေ့တန်းစစ်မျက်နှာမှာ ရှိမယ်၊ ညအိမ်ပြန်နောက်ကျမယ်လို့ ကိုတစ်တွေ အိမ်ကို ဖုန်းဆက်ပြီး ပြောကြဦးစို့၊ ပြီးတော့ ဘာလိုသေးလဲ၊ အေး ဟုတ်ပြီ၊ ထရောက်က ဆက်သားလုပ်၊ ဖိုးအင်္ဂါနဲ့အတူ အိမ်ပြန်ကြ ပြီးတော့ တို့ ဒီက မှာလိုက်တာနဲ့ နစ်ကိုလပန်းခြံကို ချက်ချင်းလာခဲ့ကြပေ တော့၊ ကဲ– ဒါဖြင့် တို့မှာ စုံထောက်တွေ၊ အရန်တပ်သားတွေ၊ တယ်လီဖုန်း အဆက်အသွယ်ရော၊ ဆက်သားရော အားလုံးရှိပြီ၊ ပြည့်စုံပြီ။ အခုထိတော့ ဒါတွေ အရေးကြီးဆုံးပဲလို့ ငါထင်တာပဲ"

ထိုအခါ အီမယ်က "ပြီးတော့ တို့စားဖို့ လိုသေးတယ်လေ၊ မင်းတို့ သူစု တချို့အိမ်ပြန်ပြီး စားစရာလေးများ ယူပေးနိုင်ကြမှာပေါ့" ဟု လက်ငင်း ပြဿနာကို ရင်ဆိုင်ရန် သတိပေးလိုက်သည်။

ပရော်ဖက်ဆာက သူ့လူစုကို တစ်ချက်ကြည့်လိုက်ပြီး "ဟေ့၊ ဒီအနီး

www.burmeseclassic.com

www.burmeseclassic.com



အနား နေတဲ့လူ ဘယ်သူတွေရှိလဲ၊ မစ်တလားညီအစ်ကိုရယ်၊ ဂျာရတ်ရယ်၊ ဖရက်ဒြစ်ရယ်၊ ဘရန်းနားရယ်၊ မေယာရယ်၊ မင်းတို့လူစု အိမ်ပြေးပြီး စားစရာ ဘာပဲဖြစ်ဖြစ် ယူချေကြကွာ"ဟု ပြောလိုက်ရာ ထိုနာမည်ခေါ်သူ လူငယ်များ အပြေးသွားကြလေသည်။

ထိုအခါ ထရော့ဆိုသူ သူငယ်က ဟန်ပန်ထုတ်ကာ ပြောလိုက်ပြန်သည်။ "ဟော့ မင်းတို့ကောင်တွေ အလကားပါ၊ အစားအသောက်အကြောင်း၊ တယ်လီဖုန်းအကြောင်း၊ ညအိမ်မပြန်မယ့်အကြောင်းတွေသာ လျှောက်ပြော နေကြတာ၊ သူခိုးကို ဘယ်လိုဖမ်းမယ်ဆိုတာတော့ဖြင့် လေသံ မဟကြဘူး၊ အလကား လေအိုးတွေပဲ"

သူ့အဖို့ ဒါထက် နာကြည်းအောင် မပြောတတ်တော့ချေ။

"ဟော့၊ လက်ပုံစံတွေ ဘာတွေ ယူတဲ့ဥစ္စာတွေ ရှိလား" ဟု ပီတာက မေးသည်။ သူသည် စုံထောက်ဇာတ်ကားပေါင်းများစွာ ကြည့်ဖူးသဖြင့် သူ့ ခေါင်းထဲတွင် စိတ်ကူးတွေ အတော်ပေါက်နေသည်။ သူ့ဘာသူပြောပြီး ခဏ စဉ်းစားကာ ထပ်၍ ပြောလိုက်ပြန်သည်။ "အေးလေ၊ သူခိုးက ရာဘာ လက် အိတ်တွေ ဘာတွေ ဝတ်ထားရင်လည်း ဘယ်လိုမှ သူပါဆိုတာ သက်သေပြ နိုင်မှာ မဟုတ်ဘူး"

ထရော့က "မင်းကလည်းကွာ၊ မတုံးစမ်းပါနဲ့၊ သူခိုးကို တို့က စောင့် ကြည့်နေပြီး လစ်တော့ သူ့ဆီက ပိုက်ဆံ ပြန်နှိုက်ယူတာပေါ့"ဟု ပြောသည်။

ထိုအခါ ပရော်ဖက်ဆာက "ဟော့ ဟော့ ဒီလိုလုပ်လို့မဖြစ်ဘူးကွ၊ သူ့ဆီ က ပိုက်ဆံကို ပြန်နှိုက်ယူရင် တို့ပါသူခိုးဖြစ်နေမှာပေါ့"ဟု အော်ပြောသည်။

ထရော့က မလျှော့သေးဘဲ ထပ်ပြောပြန်သည်။

"မင်းကလည်း မတုံးစမ်းပါနဲ့၊ လူတစ်ယောက်က ငါ့ဆီက ခိုးယူလို့ ငါက ပြန်ခိုးယူတာပဲ၊ ငါက ဘာလို့သူခိုးဖြစ်ရမှာလဲ"

"ခိုးယူရင် သူခိုးဖြစ်တာပေါ့ကွ" ဟု ပရော်ဖက်ဆာက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထရော့က မကျေချမ်းနိုင်။ “အလကားပါကွာ၊ ဒီလိုဖြင့် ငါမကြားဖူးပါဘူး” ဟု ဒေါမာန်ပါပါနှင့် ပြောပြန်သည်။

အိမယ်က ကြားဝင်၍ ပြောရပြန်သည်။

“ပရော်ဖက်ဆာပြောတာ မှန်တယ်လို့ ငါထင်တယ်၊ လူတစ်ယောက်ဆီက မသိအောင် ငါတစ်ခုခုယူရင် ငါသူခိုးပဲဖြစ်မှာပေါ့၊ အစက ဘယ်သူပိုင်တဲ့ ပစ္စည်းပဲဖြစ်ဖြစ် အကြောင်းမထူးပါဘူး”

ပရော်ဖက်ဆာက ပြောပြန်သည်။ “အေး– အဲဒါမှန်တယ်ကွ၊ တစ်ဆိတ် တောင်းပန်ပါရစေကွာ၊ လူလည်မလုပ်ကြစမ်းပါနဲ့၊ တို့တတ်နိုင်သရွေ့ စီစဉ်ရတာပဲ၊ သူခိုးကို ဘယ်လိုလုပ် ဖမ်းရမယ်ဆိုတာတော့ မသိသေးဘူးကွာ၊ ဒီလိုလုပ်ရင်းကိုင်ရင်း ကြံစည်သွားရမှာပဲ၊ ဒါပေမဲ့ တစ်ခုတော့ သေချာပါတယ်၊ သူ့ဘာသာသူ ပိုက်ဆံကို ပြန်ပေးရမှာပဲ၊ သူ့ဆီက ပြန်ခိုးယူရင် တို့လည်း ဘယ်ကောင်းပါ့တော့မလဲ”

ဖိုးအင်္ဂါလေးက စောဒကတက်ပြန်သည်။

“ငါတော့ မသိဘူးကွာ၊ ငါ့ပစ္စည်း ငါပြန်ခိုးရင် ဘာဖြစ်လဲကွ၊ ဘယ်သူ့အိတ်ထဲ ရောက်နေနေ၊ ငါ့ဥစ္စာဟာ၊ ငါ့ဥစ္စာပေါ့”

ပရော်ဖက်ဆာက စိတ်ရှည်လက်ရှည် ပြောပြသည်။ “ဒါတော့ ပြောပြဖို့ ခက်သားပဲ၊ ဒါမျိုးကို တချို့လူကြီးတွေတောင် နားမလည်ကြဘူးကွ၊ အဲလေ အမှန်တရားအတိုင်းဆိုရင် မင်းပြောတာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ ဥပဒေမျက်စိနဲ့ ကြည့်ပြန်တော့လည်း မင်းကို ခိုးမှုနဲ့အပြစ်ချဖို့ အချက် ရသွားမှာပဲ၊ ဒီလိုပဲ ဖြစ်မှာပဲကွ၊ ဘယ်လိုမှ တို့လည်းမတတ်နိုင်ဘူး”

ထရော့က သူ့ပခုံးကိုတွန့်ပြီး “ဒီလိုဆိုလည်း ပြီးရောပေါ့ကွာ” ဟု ပြောသည်။

ပီတာက တစ်ဖန် “ဒါဖြင့် မင်းတို့ကောင်တွေ နောက်ယောင်ခံလိုက်တတ်ကြလို့လား၊ အဲဒါနော်– မလုပ်တတ်ရင် သူခိုးက သူ့ကိုချောင်းနေမှန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း သိသွားမှာကတော့ကွာ မြေကြီးလက်ခတ်မလွဲအောင် သေချာတယ်၊ အဲသလိုဆိုရင် တစ်ခါတည်း ကိစ္စချောသွားမှာပဲ" ဟု ပြောသည်။

ဖိုးအင်္ဂါလေးက သူ့ကိုထောက်ခံသည်။ "ဟုတ်တယ်ကွ၊ နောက်ယောင်ခံလိုက်တတ်တဲ့ လူကောင်းကောင်းလိုတယ်၊ ဒါကြောင့် ငါ့ကို သုံးကြပါလို့ဆိုနေတာ၊ ငါက ကောင်းကောင်း နောက်ယောင်ခံ လိုက်တတ်တာကွ၊ ခွေးလိုလည်း ဟောင်တတ်တယ်၊ ဒီတော့ကွာ၊ မင်းတို့ငါ့ကို အနံ့ခံရဲခွေးအဖြစ်နဲ့လည်း သုံးနိုင်တာပေါ့" ဟု အပြုံးကျဲကျဲလေးနှင့်ပြောသည်။

အီမယ်က စိတ်မရှည်နိုင်ဘဲ "နေစမ်းပါကွာ၊ အဲဒါမှ ဘာလဲ၊ တစ်မြို့လုံးက လူတွေ တို့ကို လိုက်မကြည့်ကြည့်အောင် လုပ်သလို ဖြစ်နေပါဦးမယ်" ဟု ပြောလိုက်သည်။

ပီတာကတစ်ဖန် "မင်းတို့မှာ ခြောက်လုံးပြူးလေးများတော့ ရှိဖို့ကောင်းတယ်" ဟု ဆိုပြန်သည်။ အခြားသူတစ်ဦး နှစ်ဦးက "အေး၊ ဟုတ်တယ်ကွ၊ သေနတ်တော့ရှိပါမှပေါ့" ဟု ထောက်ခံကြသည်။

ပရော်ဖက်ဆာက "ဟော့၊ သေနတ်တော့ မကိုင်ရဘူးကွ" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

ထရော့က "သူခိုးမှာတော့ သေနတ်ပါမှာပဲဆိုတာ ငါလောင်းရဲပါတယ်ကွာ" ဟု ပြောနေပြန်သည်။

ထိုအခါ အီမယ်က "အခုလုပ်ရမယ့်ကိစ္စကတော့ ဘေးအန္တရာယ်များသားပဲ၊ ဒီတော့ မလုပ်ရဲတဲ့လူဆိုရင်တော့ အိမ်ပြန်အိပ်ချေကြပေါ့ကွာ" ဟုပြောလိုက်သည်။ ထရော့က လက်သီးတပြင်ပြင်နှင့် "ဟော့ မင်းက ငါ့ကိုသူ့ရဲဘောနည်းတယ်လို့ ဆိုချင်သလား" ဟု ပြောလိုက်ရာ ပရော်ဖက်ဆာက "ဟေ့–တော်ကြ၊ တော်ကြ၊ စည်းကမ်းကျကျနနနေကြစမ်း၊ မင်းတို့ ဒါလောက်သတ်ချင်ကြရင် နက်ဖြန်ကျမှ သတ်ကြပါ၊ အခုတော့ နေကြပါဦး၊ မင်းတို့တွေကလည်း ကလေးတွေ ကျနေတာပဲ" ဟု ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအင်္ဂါက "အေးလေ၊ နို့– မဟုတ်ဘူးလား" ဟု ဝင်ပြောလိုက်ရာ အားလုံး ရယ်မောကြသည်။

အီမယ်က စိုးရိမ်ကြောင့်ကြဟန်နှင့် "ငါ့ဘွားဘွားဆီကို စာလေးတစ်ကြောင်းနှစ်ကြောင်း ရေးလိုက်ချင်တယ်ကွာ၊ အခုနေ ငါဘယ်များရောက်နေပါလိမ့်လို့ သိပ်စိတ်ပူနေမှာပဲ၊ တော်တော်ကြာ ရဲသွားတိုင်နေပြန်ဦးမယ်၊ တို့ဒီမှာ အီစွလုပ်ကိုင်နေတုန်း မင်းတို့ထဲက တစ်ယောက်လောက် ငါ့စာလေး သွားပေးပေးပါလား၊ ဘွားဘွားက အမှတ် ၁၅– ရှူးမင်းလမ်းမှာနေတယ်" ဟု ပြောသည်။

ထိုအခါ ဘရက်ဆိုသူ သူငယ်လေးက "ငါသွားပေးမယ်ကွာ၊ မြန်မြန်ရေး၊ ဒါမှ သူတို့တံခါးမပိတ်ခင် ရောက်မှာ။ ငါမြေအောက်မီးရထားနဲ့ သွားမယ်။ စရိတ်ပိုက်ဆံလည်း ပေးလိုက်ဦး" ဟု ပြောသည်။ ပရော်ဖက်ဆာက အသွားအပြန်စရိတ် လေးပဲနီ ထုတ်ပေးသည်။ အီမယ်သည် စက္ကူနှင့် ခဲတံဆောင်းပြီး စာရေးသည်။

ချစ်သော ဘွားဘွားခင်များ။

ကျွန်တော်ဘာများဖြစ်နေပါလိမ့်လို့ ဘွားဘွားတော့ စိတ်ပူနေမှာပဲလို့ထင်ပါတယ်။ ကျွန်တော် ဘာလင်ကိုတော့ ချောချောမောမောပဲ ရောက်လာပါပြီ။ ဒါပေမဲ့ ဘွားဘွားဆီကို လာမတွေ့နိုင်သေးပါ၊ ကျွန်တော့်မှာ အလွန်အရေးကြီးသည့် ကိစ္စတစ်ခု လုပ်စရာရှိနေပါသည်။ ယခုတော့ ပြောပြလို့ မဖြစ်သေးပါ။ သို့သော် မစိုးရိမ်ပါနှင့်။ ကိစ္စပြီးတာနဲ့ ဘွားဘွားဆီကို တန်းလာခဲ့ပါမည်။ ဘွားဘွားကိုလည်း အလွန်တွေ့ချင်လှပါသည်။ ကျွန်တော် ဘယ်မှာရှိသည်ကို ယခု သည်စာယူလာသည့် သူငယ်လေး သိပါသည်။ ဒါပေမဲ့ ဘွားဘွားကို ပြောလို့မဖြစ်သေးပါ။ ယခု အတောအတွင်းတော့ လျှို့ဝှက်ထားရပါမည်။

အားလုံးအတွက် အချစ်များများပေးလိုက်ပါသည်။

ချစ်သော မြေး

အီမယ်

www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း ဘွားဘွားကို အချစ်များများပေးလိုက်ပါသည်။ ပန်းစည်းတစ်စည်းလည်း ဘွားဘွားဖို့ပါပါသည်။ တတ်နိုင်သရွေ့အမြန်ဆုံးယူခဲ့ပါမည်။

အိမယ်သည် စာရွက်ကိုခေါက်ပြီး တစ်ဖက်အပေါ်က လိပ်စာကို ရေးသည်။

"အိမ်ကလူတွေကို ငါဘယ်ရောက်နေတယ်ဆိုတာရော၊ ငွေပျောက်တဲ့အကြောင်းရော မပြောလိုက်ပါနဲ့ကွာ၊ သူတို့သိရင် ငါတော့ဒုက္ခပဲ" ဟု ဘရက်ကို မှာလိုက်သည်။

ဘရက်က "အိုကေ၊ ကဲ–ပေး ငါပြန်လာတော့ ဖိုးအင်္ဂါဆီဖုန်းဆက်ပြီး ဘာတွေဖြစ်ကုန်တယ်ဆိုတာ မေးမယ်၊ ပြီးတော့ အရန်တပ်ထဲ သွားနေလိုက်မယ်" ဟု ပြောပြောဆိုဆိုနှင့် သုတ်ခြေတင်လေသည်။

မကြာမီပင် သူငယ်လေးငါးယောက် အိမ်မှ စားစရာအထုပ်များယူ၍ ပြန်လာကြသည်။ ဂျာရပ်က ဝက်အူချောင်းကြီးတစ်ချောင်းလုံးပါလာသည်။ သူ့အမေက ပေးလိုက်သည်ဟု ပြောသည်။ သူတို့ငါးယောက်စလုံးပင် သူတို့ညအိမ်ပြန်နောက်ကျမည့်အကြောင်းပြောခဲ့ကြသည်။ အိမယ်သည် သူတို့နှင့် အသားသွတ်ပေါင်မုန့်များ ဝေငှစားပြီး ဝက်အူချောင်းကိုကား နေ့ဖို့ညစာ သိမ်းထားလိုက်သည်။

အခြား သူငယ်လေး ငါးယောက် အလှည့်ပေးကာ အိမ်ပြန်၍အခွင့်တောင်းရန် လွှတ်လိုက်ရာ နှစ်ဦးမှာ ပြန်မလာကြတော့ချေ။ သူတို့မိဘတွေက ပြန်မလွှတ်ဘဲ ရှိဟန်တူသည်။

"တို့တစ်တွေ အချက်ပေးစကားဝှက် ထားဦးမှပဲ။ ဒါမှ ဖိုးအင်္ဂါလေး ဖုန်းဆက်တဲ့အခါမှာ ချက်ချင်း တို့ဆီကမှန်းသိအောင်၊ တော်တော်ကြာ မသိတဲ့ လူတွေဝင်လာနေဦးမယ်၊ ကဲ– 'အိမယ်' လို့ အချက်ပေးစကားလုပ်ထားမယ်၊ မှတ်ရတာလည်းလွယ်တယ်" ဟု ပရော်ဖက်ဆာက သတိရ၍ ထပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

ဖိုးအင်္ဂါလေးသည် ဆက်သားတစ်ယောက်အဖြစ် ဆောင်ရွက်ရမည့် အရေးနှင့်အတူ အိမ်ပြန်ကြရသည်။ သူတို့စိတ်ထဲတွင်ကား အောင့်သက်သက်နှင့်ပင်၊ အဖော်များအား "ကံကောင်းပါစေ" ဟု ဆုတောင်းသွားကြသည်။

ပရော်ဖက်ဆာက သတိရ၍ သူတို့အားမှာလိုက်သေးသည်။ "ဟေ့ ငါ့ဖေဖေဆီ ဖုန်းဆက်လိုက်စမ်းပါ၊ ငါကိစ္စအရေးကြီးလုပ်စရာရှိနေလို့လို့၊ ည အိမ်ပြန်နောက်ကျရင် စိတ်မပူပါနဲ့လို့"

အီမယ်က "အံမယ် မင်းတို့ဘာလင်မြို့က အဖေ အမေတွေက တယ်ဟန်ပါလားကွ" ဟု ပြောမိသည်။ ထိုအခါ ကရမ်းက သူ့နားရွက်နောက်ကို ကုတ်ရင်း "အဲလေ လူတိုင်းလည်း ဒီလိုချည်းလို့တော့ မထင်နဲ့ဦးကွ" ဟု ဆိုလိုက်သည်။

ပရော်ဖက်ဆာက "အိုကွာ အများအားဖြင့်တော့ ပြောလို့ဆိုလို့ ကောင်းကြပါတယ်။ တို့ကလည်း သူတို့ကို ဘယ်တော့မှ မလိမ်ဘူးဆိုတာ အဖေအမေတွေကလည်း တို့အပေါ်မှာ ယုံကြည်ကြတာကိုးကွ၊ ငါလည်း ငါ့အဖေကို ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်မယ့်ကိစ္စ၊ မတော်မတရားတဲ့ ကိစ္စဆိုရင် ဘယ်တော့မှ မလုပ်ပါဘူးလို့ တစ်ခါတည်း ကတိပေးထားတယ်ကွ၊ ငါ့ကောင်း တည်နေသရွေ့တော့ ငါလုပ်ချင်ရာလုပ်နိုင်တာပဲ၊ ငါ့အဖေက ကောင်းရှာပါတယ်" ဟု ပြောသည်။

အီမယ်က "အေးကွာ၊ မင်းအဖေ ကောင်းရှာပေလို့ နေမှာပေါ့၊ ဒါပေမဲ့ ဒီညလုပ်ရမယ့်ကိစ္စက ဘေးအန္တရာယ်ရှိသားမဟုတ်လား၊ ဒီတော့ ဘယ့်နှယ်လုပ်မလဲ" ဟုမေးသည်။

ပရော်ဖက်ဆာက ပခုံးတွန့်တဲ့ပြီး "ဒါတော့ကွာ၊ ဒီလိုကိစ္စမျိုးနဲ့ကြုံလာရင် ငါ့အဖေက အေး–ဘာမဆို ငါမင်းနားမှာရှိနေတယ်၊ ကြည့်လုပ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောမှာပါပဲ၊ အခုလည်း ဒီလိုပဲပြောမယ်ဆိုတာ ငါသိပါတယ်လေ၊ ကဲ- လာကွာ၊ သွားကြမယ်”ဟု ပြောပြီး တစ်ဖန် မတ်တတ်ရပ်၍ သူ့အပေါင်းအဖော်များအား မှာကြားပြန်သည်။

‘ကဲ၊ ကိုယ့်လူတို့၊ တို့စုံထောက်အဖွဲ့တစ်ခုလုံးဟာ မင်းတို့ကိုပဲ အားကိုးနေတယ်ဆိုတာ သတိပြုကြပါ။ အဆက်အသွယ်လုပ်ဖို့ ဖြစ်အောင်လည်း စီစဉ်ပြီးပြီ။ မင်းတို့အားလုံး ဖိုးအင်္ဂါလေးရဲ့ ဖုန်းနံပါတ်လည်း သိထားကြပြီ၊ ငါ့ဝေစုရတဲ့ပိုက်ဆံလည်း မင်းတို့ဆီမှာ ထားခဲ့မယ်။ တို့မှာ လုံလောက်ပါတယ်။ ဟောဒီမှာ တစ်ရှိလင်နဲ့ရှစ်ပဲနိရှိတယ်။ ကဲ- ဂျာရဒ်၊ ရေကြည့်ပါဦး၊ တို့မှာ စားစရာလည်း ရပြီ၊ အေး အေး ပြီးတော့ မင်းတို့ထဲက အိမ်ပြန်ချင်လည်း ပြန်ကြပေါ့၊ ဒါပေမဲ့ ဒီနေရာမှာ ငါးယောက်ထက်မနည်း ရှိပေစေနော်၊ အဲဒါကို ဂျာရဒ်က ကြည့်စီစဉ်လိုက်ပါ၊ ကိုင်း တို့လူကလေးများ အစွမ်းပြကြစမ်းပါကွာ၊ တို့လည်း အစွမ်းကုန်ချမှာပဲ၊ စိတ်ချပါ။ တို့အကူအညီလိုရင် ထရော့ကို လွှတ်ပြောခိုင်းမယ်။ ဒါပဲ၊ မရှင်းတာရှိသေးလား၊ ဘာမေးချင်ကြသေးလဲ။ မေးစရာမရှိဘူး၊ အားလုံးနားလည်ပြီ မဟုတ်လား၊ ဒါဖြင့် အချက်ပြစကားဝှက် ‘အီမယ်’ ဆိုတာ မမေ့ကြနဲ့”

အားလုံးပင် “အချက်ပြစကားဝှက်-အီမယ်”ဟု အော်လိုက်ကြသည်မှာ ဆူညံသွားသဖြင့် လမ်းသွားလမ်းလာများက ဘာဖြစ်နေကြတာပါလိမ့်ဟု လှည့်ကြည့်ကြသည်။

ဖြစ်နေပုံမှာ အတော်ပင် စိတ်တက်ကြွစရာကောင်းလှသည်။ အီမယ်မှာ သူ့ပိုက်ဆံနှိုက်ခံရသည်ကိုပင် ပျော်စရာတစ်ခုဖြစ်နေသကဲ့သို့ အောင့်မေ့ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

## လျှို့ဝှက်စုံစမ်းခြင်း

ထရော်တင်နောလမ်းပေါ်တွင် ဂူးစတပ်အစောင့်ချထားသော လမ်းဆောင့်သုံးယောက်သည် နှစ်ကိုလပန်းခြံထဲသို့ ကဆုန်ချပြေးဝင်လာရင်း စုံထောက်အဖွဲ့ကို ရေးကြီးသုတ်ပျာ လက်ယပ်ခေါ်ကြသည်။

"လာကြဟေ့" ဟု ပရော်ဖက်ဆာက အော်ပြောပြီး အီမယ်၊ မစ်တလားညီအစ်ကိုနှင့် ကရမ်းတို့ပါ ကိုင်ဇာရိပ်သာလမ်းမကြီးသို့ ကမ္ဘာ့အပြေးစံချိန်ချိုးတော့မည့်ပမာပြေးသွားကြသည်။ သတင်းစာရောင်းသည့်ဆိုင်နား ရောက်ခါနီးလျှင် ဂူးစတပ်က သတိနှင့်လာရန် အချက်ပြသဖြင့် အရှိန်သတ်ကာ ခပ်ဖြည်းဖြည်း လာကြသည်။ အီမယ်က "တို့နောက်ကျနေပြီလား" ဟု မိုးရိမ်တကြီး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂူးစတာပ်က "မင်းကလည်း မတုံးစမ်းပါနဲ့၊ ငါလုပ်ရင် ဘာမဆို သွေ့သွေ့ချာချာ လုပ်တာချည်းပဲကွ" ဟု တိုးတိုးပြန်ပြောသည်။

ထိုအခိုက် သူခိုးသည် အစားအသောက်ဆိုင်ရှေ့က စကြိုပေါ်တွင် ရပ်လျက် ဆွစ်ဇာလန်က ရှုမျှော်ခင်းအလှအပတွေကို ကြည့်နေသည့်အလား အေးအေးဆေးဆေးရပ်ကြည့်နေသည်။ ထို့နောက် သတင်းစာဝယ်၍ သတင်းခေါင်းစဉ်များကို လျှောက်ကြည့်နေသည်။

"သူ ဒီဘက်လှည့်လာရင်တော့ ခက်တာပဲ" ဟု ကရမ်းက ပြောသည်။ သူတို့လူစုသည် သတင်းစာရောင်းသည့်ဆိုင်နောက်မှနေ၍ ချောင်းနေကြသည်။ သူတို့မှာ တထိတ်ထိတ် ရင်ခုန်နေကြသည်။ သူခိုးသည် မတ်တတ်ရပ်လျက်ပင် သတင်းစာ ဖတ်နေသည်။ တခြား ဘာမှ ဂရုစိုက်ပုံမရချေ။

မစ်တလားအစ်ကိုကြီးက "သတင်းစာဖတ်ရင်းလည်း သူ့နောက်က လိုက်နေသလားလို့ တစေ့တစောင်း ချောင်းကြည့်နေချင်နေမှာ" ဟု ပြောသည်။

"မင်း ဒီမှာစောင့်နေတုန်းက သူက မင်းရှိတဲ့နေရာကိုများ လှမ်းကြည့်သေးသလား" ဟု ပရော်ဖက်ဆာက ဂူးစတာပ်ကို မေးသည်။

"တစ်ခါမှ မကြည့်ပါဘူးကွာ၊ သူ့ဘာသာသူ အစားစားရတာနဲ့ မအားပါဘူး၊ သူ့ကြည့်ရတာ ဘယ်နှရက်များ ငတ်နေတယ် မသိဘူး" ဟု ဂူးစတာပ်က ဖြေသည်။

"ဟော့ ဟော့ သတိ၊ ဟိုမှာ" ဟု အီမယ်က ဖျတ်ခနဲ အော်လိုက်သည်။

သူခိုးသည် သတင်းစာကိုခေါက်ပြီး လူသွားလူလာများ တစ်ချက်မျှ လှမ်းကြည့်ပြီးလျှင် တက္ကစီတစ်စီး ခေါ်လိုက်သည်။ တက္ကစီဆိုက်လာ၍ တက်စီး၊ တံခါးပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် စုံထောက်ကလေးများသည်လည်း အခြားတက္ကစီတစ်စီးကို ခေါ်လိုက်ပြီး ဂူးစတာပ်က "ရှေ့ကသွားတဲ့ကား အခု ပရပ်ပလေ့(စ်)ဘက်ကို ချိုးသွားတယ်၊ အဲဒီနောက်က လိုက်စမ်း

www.burmeseclassic.com



ပါ၊ အဲဒီကားထဲကလူက ကျွန်တော်တို့ နောက်ကလိုက်လာတာကိုလည်း မြင်ပါစေနဲ့" ဟု ကားမောင်းသူကို ပြောလိုက်သည်။

ဒုတိယတက္ကစီကားသည် ကိုင်ဇာရိပ်သာလမ်းမကြီးကို ဖြတ်၍ ရှေ့က ကားနှင့် မနီးမဝေး ခပ်ခွာခွာ လိုက်သည်။ ကားမောင်းသူက "ဘာဖြစ်ကြတာလဲ" ဟု မေးရာ ဂူးစတပ်က "အဲဒီလူကြီးဟာ တစ်ခုခုလုပ်မလို့ဗျ၊ သူ့ကို ချက်ခြည်းအပြတ် ခံလို့ မဖြစ်ဘူး၊ ဒါအချင်းချင်းမို့ ပြောတာနော်" ဟု ပြန်ပြောသည်။ ကားမောင်းသူက "ဒါဖြင့် မင်းတို့မှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ" ဟုမေးသဖြင့် ပရော်ဖက်ဆာက "အံမယ် အများကြီးပါတာပေါ့" ဟု ဟန်ပန်နှင့် ပြန်ပြောသည်။ ကားမောင်းသူက "ဒါဖြင့် ကောင်းပါ့ဗျား၊ မသိလို့ မေးတာပါ" ဟု ပြောလိုက်သည်။

အီမယ်က "သူစီးတဲ့ တက္ကစီနံပါတ်က အိုင်အေ သုံး ခုနစ် သုံး သုံး" ဟုပြောရာ ပရော်ဖက်ဆာက "အေး-အဲဒါ အရေးကြီးတယ်ကွ" ဟု ပြန်ပြောသည်။ ကရမ်းက ရှေ့ကိုကုန်းပြီး ကားမောင်းသူအား သိပ်ကပ်မမောင်းရန် သတိပေးသည်။ ကားမောင်းသူက "မပူပါနဲ့၊ ကပ်မမောင်းပါဘူး" ဟု ပြန်ပြောသည်။

သူတို့သည် မောတဇလမ်းတစ်လျှောက်မောင်းပြီး ဝိတိုရိယ လူဝီစကွဲ ယားထဲဝင်ပြီး တစ်ဖန် မောတဇလမ်းဘက်သို့ ပြန်ဆင်းပြန်သည်။ စကြံပေါ် လျှောက်နေကြသူများသည် ကလေးတွေ တစ်ပြုံကြီးစီးလာသော တက္ကစီကို ကြည့်၍ပြုံးကြသည်။

"ဟော့ ဟော့ အောက်ဝပ်လိုက်ကြစမ်း" ဟု ဂူးစတပ်က အမိန့်ပေးရာ အားလုံးပင် ထိုင်ခုံနံဘေး ပြားနေအောင်ဝပ်နေကြသည်။ "ဘာဖြစ်တာလဲကွ" ဟု ပရော်ဖက်ဆာက မေးရာ "ဟိုမှာလမ်းမီးနီပြနေပြီကွ၊ သူ့တက္ကစီရော ငါတို့တက္ကစီရော ရပ်နေရဦးမှာ" ဟု ပြန်ဖြေသည်။

ကားနှစ်စင်းလုံးပင် တစ်ကားနောက် တစ်ကား ရပ်ကာ မီးစိမ်းအောင်


www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြရပြန်သည်။ ဒုတိယကားမှာ ဘယ်သူပါလာပုံ မပေါ်ချေ။ လူငယ် အားလုံး ဝပ်နေကြသည်။ ကားမောင်းသူက လှည့်ကြည့်ပြီး ရယ်မောသည်။ မီးစိမ်း၍ ကားဆက်ထွက်ရာ သူတို့အားလုံး နေရာတကျပြန်ထိုင်ကြသည်။

ပရော်ဖက်ဆာက တက္ကစီမီတာကိုစောင့်ကြည့်နေရင်း "ဒီလူကြီး သိပ် ဝေးဝေးတော့ မသွားပါစေနဲ့ကွာ၊ အခုကို ဆယ်ပဲနီကျနေပြီ" ဟုပြောသည်။




ဘောင်လာဦးထုပ်
ဆောင်းထားတဲ့လူကြီး နော်လင်ဒေါ့
စကွဲယားက ကရိုတ်ဟော်တယ်မှာ အခန်းယူထားလိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် ပထမတက္ကစီသည် နော်လင်ဒေါ့စကွဲယားရှိ ကရိတ် တယ်ရှေ့တွင်ရပ်သည်။ အိမယ်တို့စီးလာသော ကားသည် မနီးမဝေး စားအသောက်ဆိုင်ရှေ့တွင် ရပ်ပြီး စောင့်ကြည့်ကြသည်။

ဘောင်လာဦးထုပ်ဆောင်းထားသူသည် တက္ကစီပေါ်မှဆင်းပြီး အခ ကဆံပေးပြီးလျှင် ဟိုတယ်ထဲ ဝင်သွားသည်။ ပရော်ဖက်ဆာက "ဟော့ တပ် နောက်ကမြန်မြန်လိုက်စမ်း၊ ဒီဟိုတယ်မှာ နောက်ဖေးထွက်ပေါက်ရှိ တစ်ခါ မျက်ခြည်ပြတ်သွားဦးမယ်" ဟုပြောလိုက်ရာ ဂူးစတပ်သည် ခန် နောက်ကလိုက်လေတော့သည်။ ကျန်လူငယ်များသည် ကားပေါ်မှ င်းကြပြီး အိမယ်က ကားခ တစ်ရှီလင်ပေးလိုက်သည်။ ပရော်ဖက်ဆာ ဆောင်၍ အနီးရှိ ရုပ်ရှင်ရုံနံဘေးရှိ လမ်းကြားထဲသို့ဝင်သွားကာ ရုပ်ရှင်ရုံ ကဘက် မြေကွက်လပ်ဆီသို့ သွားကြသည်။ တစ်ဖက်မှာကား နော်လင် ဘတ်ရုံဖြစ်သည်။ ပရော်ဖက်ဆာသည် ကရမ်းကို ဂူးစတပ်နောက် လိုက် ထပ်လွှတ်လိုက်သည်။

"ဟိုလူကြီး ဒီဟိုတယ်မှာနေရင် ကောင်းမှာပဲ၊ တို့စခန်းချပြီး သူ့ကို င့်ကြည့်နေဖို့ အကောင်းဆုံးနေရာပဲ" ဟု အိမယ်ကပြောသည်။

"အေးကွဲ့၊ ပြီးတော့လည်း ခေတ်မီတဲ့အသုံးအဆောင်ကိရိယာတွေ ည်း ဒီမှာအစုံရှိတယ်။ ရှေ့တည့်တည့်မှာ မြေအောက်မီးရထားဘူတာရုံ၊ တော့လည်း နေရာက လုံခြုံတယ်။ အစားအသောက်ဆိုင်က ဒီနားတင်ပဲ၊ သုံးတယ်လီဖုန်းလည်း အနီးလေးမှာရှိတော့ကွာ၊ ဒါထက်ကောင်းတာ ယ်မှာရှိလိမ့်မလဲ" ဟု ပရော်ဖက်ဆာက သဘောတူလိုက်သည်။

"ဂူးစတပ်တစ်ယောက် သတိတော့ရှိပါလိမ့်မယ်လို့ အောက်မေ့ရတာပဲ" အိမယ်ကပြောရာ ပရော်ဖက်ဆာက "သူ့ကိုစိတ်ချရပါတယ်၊ သူ့ ကြည့်ရ အူတူတူပေမယ့် တကယ်တော့ မအူဘူးမောင်" ဟု မစ်တလာကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာသည် မြေကွက်လပ်ထဲတွင် တစ်ယောက်ယောက် ထ
ပစ်ခဲ့သည့် ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ကာ တိုက်ပွဲမစခင် စဉ်းစ
နေသော စစ်ဗိုလ်ချုပ်ကြီး၏အမူအရာနှင့် "ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူမြန်မြ
လုပ်ရင် ကောင်းမှာပဲ" ဟု ပြောနေသည်။

မကြာမီပင် ဂူးစတပ်သည် တပြုံးပြုံးနှင့် လက်ချင်းပွတ်ကာပြန်လ
သည်။ "ဟိုလူကြီးကိုတော့ တို့မိပြီကွ၊ ဒီဟိုတယ်မှာ အခန်းတစ်ခန်း သူ
ထားတယ်၊ ခုတင်လေးကားနဲ့တက်သွားတာ မြင်လိုက်တယ်။ ငါအားလုံ
လိုက်ကြည့်ပြီးပြီ၊ ရှေ့ပေါက်ကလွဲပြီး ထွက်စရာအပေါက်မရှိဘူး၊ အဲ
ခေါင်မိုးပေါ်တက်ရင်တော့ဖြင့် မသိဘူး၊ အခုအတိုင်းဆိုရင် သူ့ကိုပိတ်မိနေပြ

"ကရမ်းက သူ့ကိုစောင့်နေရဲ့လား" ဟု ပရော်ဖက်ဆာက မေးသည်
"စောင့်နေတာပေါ့" ဟု ဂူးစတပ်က ပြန်ဖြေသည်။

ပရော်ဖက်ဆာသည် မစ်တလားအကြီးကောင်ကို ပိုက်ဆံပေးလိုက
ပြီး ဖိုးအင်္ဂါထံ အကြောင်းကြားခိုင်းလိုက်သည်။

မစ်တလားက တယ်လီဖုန်းဆက်ကာ "ဟဲလို ဖိုးအင်္ဂါလားဟေ့" ဟ
ခေါ်လိုက်လျှင် "စကားပြောနေပါတယ်" ဟု တစ်ဖက်ကဖြေသည်။ "အချ
ပြ စကားဝှက် 'အီမယ်'၊ မစ်တလားစကားပြောနေတယ်၊ ဘောင်လာဦးထု
ဆောင်းထားတဲ့လူကြီး နော်လင်ဒေါ့စကွဲယားက ကရိုတ်ဟိုတယ်မှာ အခန်း
ယူထားလိုက်ပြီ။ တို့တစ်တွေ ရုပ်ရှင်ရုံနောက်ဖေးက ကွက်လပ်ထဲမှာ စခန်း
နေကြတယ်"

ဖိုးအင်္ဂါလေးသည် စာနှင့် သေသေချာချာ ရေးမှတ်ယူလိုက်ပြီး "အ
တပ်သား လိုသေးသလား" ဟု မေးရာ မစ်တလားက မလိုကြောင်း ပြန်ဖြေ
သည်။ ဖိုးအင်္ဂါက "ခုအထိဘယ်လိုလဲ၊ အခက်အခဲ တွေ့သေးသလား" ဟ
မေးရာ မစ်တလားက "အခက်အခဲမရှိလှပါဘူး၊ ဟိုလူကြီးက တက္ကစီကား
သွားတော့ တို့ကလည်း တက္ကစီတစ်စီးနဲ့လိုက်ရတာပေါ့၊ အခုတော့ ဟိုတယ်

www.burmeseclassic.com



သူ့အခန်းထဲ သူဝင်နေပြီ။ သူ့အခန်းထဲ အိပ်ရာအောက်မှာ လူများဝင်နေသလားလို့ ရှာများနေသေးလား မသိပါဘူး၊ သူ့ချည်း တစ်ယောက်တည်းခဲကာစားနေမှာပဲလို့ ငါပြောရဲပါတယ်" ဟု ပြန်ပြောသည်။


"သူ့အခန်းနံပါတ်က ဘယ်လောက်လဲ" ဟု ဖိုးအင်္ဂါလေးကမေးရာ မစ်တလားက "အခုတော့ မသိသေးဘူး၊ ဒါပေမဲ့ တို့သိရမှာပဲ" ဟု ပြန်ဖြေသည်။

"အေးကွာ၊ ငါဖြင့် မင်းတို့နဲ့အတူပဲ လိုက်ချင်တယ်၊ နောက်တစ်ခါကျောင်းမှာ ကိုယ်ကြိုက်ရာ စာစီစာကုံး ရေးခိုင်းရင်တော့ ဒီအကြောင်း ရေးမှာပဲ" ဟု ဖိုးအင်္ဂါက ပြောပြန်သည်။

မစ်တလားက ထပ်မေးပြန်သည်။ "ဘယ်သူများဖုန်းဆက်သေးလဲ"

"မဆက်ပါဘူးကွာ၊ စောင့်ရတာ ပျင်းတောင်ပျင်းတယ်"

"အေး၊ ကောင်းပြီ၊ ဒါပဲ၊ သွားမယ်နော်"



"သူ့အခန်းနံပါတ်က ဘယ်လောက်လဲ" ဟု ဖိုးအင်္ဂါလေးက မေး၏

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အောင်ပါစေကွာ၊ အိုး– ဘုရားရေ၊ မေ့သွားတော့မလို့၊ အချက်ပြစကားဝှက် အီမယ်"

"အေး– အချက်ပြစကားဝှက် အီမယ်" ဟု မစ်တလားက ထပ်ပြောပြီး ဖုန်းကိုချကာ မြေကွက်လပ်သို့ ပြန်၍သဝဝင်းပို့သည်။

ရှစ်နာရီထိုးလျှင် ပရော်ဖက်ဆာသည် အစောင့်ချထားသည့်နေရာများသို့ လိုက်၍ စစ်ဆေးသည်။

"ဒီညတော့ သူခိုးဖမ်းလို့မိသေးမှာမဟုတ်ပါဘူး" ဟု ဂူးစတပ်က ဂနာမငြိမ်ဘဲ ပြောနေသည်။ ထိုအခါ အီမယ်က "အေးလေ၊ ဒီလူကြီး သူ့ဘာသာစောစောအိပ်ရာဝင်ရင် တို့အဖို့ကောင်းတယ်ဆိုရမှာပေါ့၊ သူသာ အပြင်ထွက်ပြီး တက္ကစီတွေလျှောက်စီး၊ အစားအသောက်ဆိုင်တွေ ညပျော်ပွဲကလပ်တွေ ဇာတ်ရုံတွေများ လျှောက်သွားနေရင် တို့မှာ သူ့နောက်လျှောက်လိုက်နေဖို့ ပိုက်ဆံမရှိဘူးမဟုတ်လား" ဟုပြောသည်။ မကြာမီပင် ပရော်ဖက်ဆာ ပြန်လာ၍ မစ်တလားကို ကွင်းထဲရှိ လူများထံ စေလွှတ်၍ ဆက်သားလုပ်စေသည်။

"ဒီလူကြီးကို ဘယ်လိုလုပ်ပြီး နောက်ယောင်အမြဲလိုက်ခံရမလဲဆိုတာလည်း ကြံစည်ရဦးမယ်၊ စဉ်းစားကြစမ်းပါဦး" ဟု ပရော်ဖက်ဆာက ပြောပြန်သည်။

သူတို့အားလုံးပင် ထိုင်လျက် စဉ်းစားနေကြစဉ်ပင် ဘိုင်စကယ်ခေါင်းလောင်းသံ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ၊ အသစ်စက်စက် ပြောင်လက်နေသော ဆိုင်ကယ်တစ်စီးသည် ကွက်လပ်ထဲသို့ ထိုးဝင်လာသည်။ ပိုနီကနင်း၍ နောက်က ဘရက်စီးလာသည်။ သူတို့ကိုမြင်လျှင် "သရီး ချီးယား" ဟု ဟစ်အော် နှုတ်ဆက်ကြသည်။

အီမယ်သည် ခုန်၍ထတဲ့ပြီး သူတို့ကိုဆီးကြိုကာ ဆိုင်ကယ်ကို ကူညီကိုင်ပေးပြီး အောက်ဆင်းစေသည်။ ပိုနီကိုမှတ်မိသဖြင့် လက်ဆွဲနှုတ်ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒါ ငါ့ညီမတစ်ဝမ်းကွဲ ပိုနီဟိန်းဘိုး" ဟု မိတ်ဆက်ပေးသည်။

ပရော်ဖက်ဆာက ယဉ်ကျေးဖွယ်ရာ သူထိုင်နေသည့် ကုလားထိုင်ကို ထိုးပေးသည်။ ပိုနီသည် ကုလားထိုင်ပေါ်ထိုင်ပြီး အိမယ်ဘက်သို့လှည့်ကာ ဝစ်ကြိမ်းလေတော့သည်။

"မင်း သိပ်ဆိုးတဲ့ကောင်ပဲ၊ ဘာလင်ကိုလာလို့ မီးရထားပေါ်ကမှ မဆင်းရသေးဘူး၊ တစ်ခါတည်း သည်းထိတ်ရင်ဖိုဇာတ်လမ်းထဲ ရောက်တော့တာပဲ၊ တို့က ဘူတာရုံထပ်သွားပြီး ချူးစဒပ်ကလာတဲ့ နောက်ရထားကို ကြိုမလို့၊ မင်းသူငယ်ချင်း ဘရက်ရောက်လာပြီး စာပေးတာပဲ၊ ဘရက်က တော်သားပဲ၊ ငါက ဒါမျိုးမှသဘောကျတာ"

ဘရက်သည် ရှက်သွေးဖြာသွားပြီး ရင်ကော့ကာနေလိုက်သည်။ ပိုနီက ဆက်ပြောပြန်သည်။

"မေမေ၊ ဖေဖေနှင့် ဘွားဘွားတို့ဖြင့် အိမ်ကနေ ထိုင်ပြီး မင်းဘယ်ဆီများ ရောက်နေပါလိမ့်မလဲလို့ ပူနေကြတာပေါ့၊ ဘရက်ကလည်း သူတို့ရှေ့ ဘာမှမပြောတော့ ငါက အိမ်အောက်ထပ်လိုက်သွားပြီး တွေ့ရတယ်။ ပြီး တော့ အိမ်က သူနဲ့ အသာလစ်လာခဲ့ရတာပေါ့၊ ဒါပေမဲ့ ငါ အိမ်အမြန်ပြန်ဦးမှ၊ သို့မဟုတ်ရင် ရဲကို တိုင်နေကြလိမ့်မယ်။ တစ်နေ့တည်း မင်းရော ငါရော ရှာမတွေ့ဘူး ဆိုရင် သူတို့ရူးကုန်ကြလိမ့်မယ်"

ဘရက်သည် နှစ်ပဲနီ ပိုက်ဆံပြားလေးကိုထောင်ပြပြီး "ပိုနီက ဆိုင်ကယ်နဲ့ ပြန်လိုက်ပို့လို့ အပြန်စရိတ်သက်သာခဲ့တယ်" ဟု ဝင့်ကြွားပြောရာ ပရော်ဖက်ဆာက ပိုက်ဆံကိုပြန်ယူပြီး သူ့အိတ်ထဲ ထည့်လိုက်သည်။

အိမယ်က ပိုနီကိုမေးပြန်သည်။

"အိမ်က လူတွေ ငါ့ကိုစိတ်ဆိုးနေကြလား"

"စိတ်တော့မဆိုးပါဘူး၊ ဘွားဘွားကတော့ နည်းနည်းစိတ်တိုတယ် ထင်ပါရဲ့၊ ဒီကောင်လေး သမ္မတဆီများ သွားနှုတ်ဆက်နေသလား မသိဘူး

www.burmeseclassic.com

www.burmeseclassic.com



လို့တော့ ခဏခဏထပ်ပြောလွှန်းလို့ ကြာတော့ ဖေဖေနဲ့မေမေကတောင် ဟုတ်ချင်ဟုတ်နေမှာလို့ ထင်လာကြရော၊ မင့်သူခိုးကို နက်ဖြန်လောက်မှာ မိပါစေလို့ ဆုတောင်းပါတယ်ကွာ၊ ဒါထက် မင်းတို့ရဲ့စုံထောက်ကြီး ရှားလော့ဟုမ်းက ဘယ်မှာလဲ"

"ဟောဒီမှာလေ၊ ပရော်ဖက်ဆာဆိုတာပေါ့" ဟု အိမယ်က ဖြေသည်။ ပိုနီက ရယ်မော၍ "တွေ့ရတာဝမ်းသာပါတယ်ရှင်၊ တကယ့်စုံထောက်ကို တွေ့ဖူးချင်နေတာပါ" ဟုပြောရာ ပရော်ဖက်ဆာမှာ ရောနှောရယ်ရသော်လည်း ရှက်ကိုးရှက်ကန်းဖြစ်၍ ပြန်ပြောစကားမှာ စကားလုံးမကျွဲဖြစ်နေသည်။ ပိုနီက "ဒါဖြင့် မင်းတို့ကို ပိုက်ဆံလေးဘာလေးပေးဦးမှပါပဲ၊ ရော့ ဟောဒီမှာ ရှစ်ပဲနီ" ဟု ပြောသဖြင့် အိမယ်က ပိုက်ဆံကို လှမ်းယူလိုက်သည်။ ပိုနီသည် အကဲဖြတ်လူကြီးများရှေ့မှောက်တွင် ရောက်နေသည့် မယ်ရွေးပွဲဝင် အလှဘုရင်မကဲ့သို့ တစ်လုံးတည်းသောကုလားထိုင်ပေါ်တွင် အကျထိုင်နေသည်။

အတော်ကြာမှ ပိုနီက နေရာမှထပြီး "ငါသွားဦးမှဖြစ်မယ်၊ မနက်ဖြန် ကျမှပြန်လာခဲ့မယ်၊ မင်းတို့ ဘယ်မှာ အိပ်ကြမှာလဲ။ ငါလည်း မင်းတို့နဲ့ အတူနေရရင် ကောင်းမှာကွာ၊ မနက် ကော်ဖီလေး ဘာလေး ဖျော်ပေးနိုင်တာပေါ့၊ ဒါပေမဲ့ မဖြစ်သေးဘူးကွာ၊ တို့လိုအမျိုးသမီးလေးတွေဆိုတာ ည အချိန်နဲ့ အိပ်ရတယ်ကွ၊ ကဲ သွားမယ်ဟေ့၊ အားလုံးကိုနှုတ်ဆက်ပါတယ်။ မင်္ဂလာညပါ အိမယ်" ဟု ပြောပြောဆိုဆိုနှင့် အိမယ်၏ပခုံးကို ခင်မင်စွာ ပုတ်ပြီး ဘိုင်စကယ်ပေါ်ခုန်တက်ကာ ခေါင်းလောင်းကို အရမ်းတီးလျက် ထွက်သွားလေသည်။ ယောကျ်ားလေးများမှာ သူ့ကိုအတော်ကြာ ဘာမှမပြောဘဲ ငေးနေမိကြသည်။ ပြီးမှ ပရော်ဖက်ဆာက သူ့အဖေလုပ်သည့်ဟန်မျိုးနှင့် "အင်း အင်း ကောင်းပ ကောင်းပ" ဟု မြည်တမ်းလိုက်ရာ ကျန်သူငယ်ချင်းများကလည်း သူပြောတာမှန်သည်ဟု ထင်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

## ဟိုတယ်ထဲက သူလျှို

အချိန်မှာ နေးလွန်းနေသည်ထင်ရသည်။ အိမယ်သည် အစောင့် သုံးဦးကို သွားကြည့်ပြီး တစ်ယောက်ယောက်နှင့် သူ လူချင်းလဲလှယ်ပေးမည်ဟု ဆိုသော်လည်း ကရမ်းနှင့်မစ်တလားညီအစ်ကိုက သူတို့နေရာမှာပဲ သူတို့ နေကြမည်ဟု ပြောသည်။ ထို့နောက် ဘာများတွေ့ရမည်နည်းဟု ဟိုတယ် အပေါက်ဝသို့ ပြူကြည့်ပြီး မြေကွက်လပ်သို့ ကမန်းကတန်း ပြန်လာခဲ့သည်။

"ဟော့– ဒီမှာ ငါအကြံရတယ်၊ ဟိုတယ်ထဲမှာစောင့်ဖို့ သူလျှိုတစ်ယောက်ထားမှဖြစ်မယ်ကွ၊ ကရမ်းက လမ်းချိုးကနေပြီးစောင့်နေတယ်၊ သို့ပေမယ့် ခဏလေး တစ်ဖက်လှည့်နေတုန်း ဟိုလူကြီးက အသာလစ်ထွက်သွားရင် ဘယ့်နှယ့်လုပ်မလဲ၊ ဒီလိုဆို တို့ဘာမှသိလိုက်မှာမဟုတ်ဘူး" ဟု အိမယ်

www.burmeseclassic.com

www.burmeseclassic.com



က ပြောသည်။

ထိုအခါ ဂူးစတပ်က ပြန်ပြောသည်။ "မင်းပြောတာက ဟုတ်ပါရဲ့ ဒါပေမဲ့ ဟိုတယ်တံခါးစောင့်ဆီသွားပြီး လှေကားထစ်မှာ တစ်ညလုံး ထိုင်နေ ပါရစေလို့ သွားပြောလို့ရမှာတဲ့လား။ ကဲ ရပြီပဲ ထားပါဦး၊ မင်း ဘောင်လာ ဦးထုပ်ဆောင်းတဲ့ လူကြီးက မင်းမြင်သွားပြီး မှတ်မိတော့ ဘယ့်နှယ်လုပ်မလဲ တို့လုပ်ရတာတွေ အလကားဖြစ်ရောပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် မင်းမျက်နှာက တော့ အထဲ ဝင်ပြလို့တော့ မဖြစ်ဘူး"

ထိုအခါ အီမယ်က "အို ငါက ဒီလိုလုပ်ဖို့ပြောတာ မဟုတ်ပါဘူး" ဟု ဆိုရာ ပရော်ဖက်ဆာက "ဒါဖြင့် ဘယ်လိုလုပ်ဖို့ပြောတာလဲ" ဟု မေး သည်။ အီမယ်က ပြန်ပြောသည်။

"ဒီလိုကွ၊ ဟိုတယ်မှာ တောက်တိုမည်ရခိုင်းတဲ့ ကောင်လေးတွေ ရှိ တယ်မဟုတ်လား၊ ဓာတ်လှေကားမောင်းတာတို့ ဘာတို့ပေါ့ကွာ၊ တို့အထဲက တစ်ယောက်ယောက်က အဲဒီကောင်လေးတစ်ယောက်နဲ့ အသိဖွဲ့ပြီး အကျိုး အကြောင်းပြောပြပေါ့။ သူလိုကောင်ကတော့ ဟိုတယ်ကြီးတစ်ခုလုံး ဘယ် နေရာမှာ ဘာရှိတယ်ဆိုတာ လည်လည်ပတ်ပတ် သိပြီးသားနေမှာပေါ့၊ ဒီ တော့ သူက တို့ကို ဘယ်လိုလုပ်ပြီး ဟိုလူကြီးရဲ့အခန်းကို စောင့်ကြည့်လို့ရ မယ်ဆိုတာ ပြောနိုင်တာပေါ့"

"ကောင်းတယ်၊ တကယ်ပဲကောင်းတယ်" ဟု ပရော်ဖက်ဆာက ကျောင်းဆရာဟန်မျိုးနှင့် ပြောသည်။ ထို့ကြောင့်ပင် သူ့ကို ပရော်ဖက်ဆာဟု အမည်ပေးထားကြခြင်းဖြစ်သည်။

ထိုအခါ ဂူးစတပ်က "မင်းတော်တယ်ဟေ့၊ မသိတဲ့လူကဆိုရင် မင်းကို ဘာလင်မြို့သားလို့တောင် ထင်ကြမှာပဲ၊ မင်းဒီလိုသာ စိတ်ကူးကောင်းတွေ စိုက်ထုတ်ပေးနိုင်ရင် တို့ကမြို့တော်ရဲ့ ဂုဏ်တံဆိပ်တွေ ဘာတွေ ချီးမြှင့်ရလိ မယ်" ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမယ်က သူ့မွေး၌ာန ဈူးစဒပ်ကို ဂုဏ်ငယ်မခံချင်သဖြင့် "အံမယ် ဘာလင်မြို့သားတွေမှ ဉာဏ်ရှိတာစိတ်ကူးကောင်းတာ မဟုတ်ပါဘူးကွ၊ ပြီးတော့ စကားမစပ် မင်းနဲ့ငါနဲ့ ချဖို့ပွဲတောင် မလုပ်ရသေးဘူး၊ မဟုတ်လား"

ထိုအခါ ပရော်ဖက်ဆာက ကြားဝင်၍–

"ဘာလဲကွ ဘာတွေပြောနေကြတာလဲ" ဟုမေးလိုက်ရာ "ငါကျကျနန ဝတ်လာတဲ့ ဝတ်စုံကို သူက စော်ကားတယ်ကွ" ဟု ပြန်ပြောသည်။ ပရော်ဖက်ဆာက "ဒါဖြင့် နက်ဖြန်ခါ ချကြ၊ နက်ဖြန်ခါ မချဖြစ်ရင်တော့ နောက်လည်း မချကြနဲ့တော့၊ ဒါပဲ" ဟု ဝင်ဆုံးဖြတ်ပေးသည်။

ဂူးစတပ်က အရေးမလုပ်သည့်ဟန်နှင့် "မင်းဝတ်စုံက ကောင်းပါတယ်ကွာ၊ ငါလည်း မြင်နေကျသွားလို့ ကြည့်လို့ရပါပြီ၊ ဒါပေမဲ့ မင်းချချင်သေးလည်း ဘယ်အချိန်မဆို ချသေးတာပေါ့ကွာ၊ ဒါပေမဲ့ သတိပေးလိုက်ပါရဲ့၊ ငါက ကျောင်းမှာ ချန်ပီယံကွ၊ သတိနဲ့လည်းလုပ်" ဟုပြန်ပြောသည်။

အိမယ်က "ငါလည်း ကျောင်းမှာ ချန်ပီယံပါပဲကွ" ဟု ပြန်ပြောရာ ပရော်ဖက်ဆာက "ဟော့ မင်းတို့နှစ်ကောင် ပါးစပ်ပိတ်ကြစမ်း၊ အရေးထဲမှာ လက်သီးစကားပဲ ပြောနေကြတယ်၊ ငါ့မှာဖြင့် ဟိုတယ်အတွင်းထဲ ဘယ်လိုလုပ်ဝင်ရပါ့မလဲ စဉ်းစားနေတာ၊ မင်းတို့နှစ်ကောင် ထားခဲ့လို့လည်း မဖြစ်သေးဘူး၊ ချနေကြဦးမှာ" ဟု ဝင်ကြိမ်းသည်။ ထိုအခါ ဂူးစတပ်က "ဒါဖြင့် ငါဝင်မယ်ကွာ" ဟုဆိုသည်နှင့် ပရော်ဖက်ဆာက "အေးကောင်းပြီ၊ လှေကားမောင်းတဲ့ ကောင်လေးကို စကားသွားပြောချေ၊ သတိလည်းထားဦး၊ ဘာလုပ်နိုင်မလဲဆိုတာ ကြည့်ပေါ့၊ အနည်းဆုံး ဟိုလူကြီး ဘယ်အခန်းမှာ နေလဲဆိုတာ သိရလည်း မနည်းဘူး၊ တစ်နာရီအတွင်း ပြန်သတင်းပို့" ဟု မှာလိုက်လေသည်။

ဂူးစတပ်ထွက်သွားပြီး အိမယ်နှင့် ပရော်ဖက်ဆာတို့သည် မြေတွက်ထပ်မှ ထွက်လာပြီး လမ်းဘေးတွင်ရပ်ကာ သူတို့နေသော ကျောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာများအကြောင်း အာလာပသလ္လာပ စကားပြောနေကြသည်။ ပရော်ဖက်ဆာက လမ်းဖြတ်သွားသည့် မော်တော်ကားများကို လက်ညှိုးညွှန်ရာ ဘယ်ကားက ဘယ်အမျိုးအစားဖြစ်သည်၊ ဘယ်လိုလုပ် သိနိုင်သည်ကို အီမယ်အား ပြောပြသည်။ ထိုအခိုက် အသားသွတ်ပေါင်မုန့် ထုတ်စားကြသည်။

အမှောင်ဘက် လုလာပြီဖြစ်ရာ ဆိုင်များမှ ဓာတ်မီးဆိုင်းဘုတ်များ တလက်လက် ဝင်းလာကြသည်။ သူတို့ခေါင်းပေါ်က တံတားကုန်းပေါ်တွင် မီးရထားများ တဂျုံးဂျုံး ခုတ်သွားကြသည်။ မြေအောက်မှာလည်း မီးရထားတွေ သွားနေသည်။ လမ်းထဲသွားနေကြသော ဓာတ်ရထား၊ ဘတ်စကား၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်အသံတို့မှာ အီမယ်အဖို့ အရှုးဆိုင်းဝိုင်းတွေ စုပြုံတီးနေကြသကဲ့သို့ ထင်ရသည်။ အနီးရှိ အစားအသောက်ဆိုင်မှ ကပွဲတီးဝိုင်း ဂီတသံများကြားရသည်။ လူများသည် ရုပ်ရှင်ရုံများထဲသို့ စုပြုံဝင်နေကြ သည်။

အီမယ်အဖို့ မြင်ရကြားရသမျှ အားလုံးမှာ ရင်ဖိုစရာချည်းဖြစ်နေသည်။ သူ ဤနေရာကို ဘယ်လိုလုပ်ရောက်လာပုံ၊ ပိုက်ဆံအခိုးခံခဲ့ရပုံတွေကို ပင် မေ့လျော့နေသည်။

"ဟို ဘူတာရုံပေါ် မိုးပြီးနေတဲ့ သစ်ပင်ကြီးကလည်း ဘယ်လိုလုပ်ပြီး ပေါက်နေတယ် မသိဘူး၊ မတော်တဆ နေရာမှားပြီး လာပေါက်နေတာလိုပဲ၊ ဘာလင်ကလည်း တကယ့်ကို အံ့သြစရာကောင်းတာပါပဲ၊ ဒါပေမဲ့ကွာ အမြဲတော့ ငါနေချင်လိမ့်မယ် မထင်ဘူး။ တို့မြို့လေးနျူးစဒပ်က ငယ်တော့ ငယ်ငယ်ပဲ၊ ဈေးနှစ်ဈေးရှိတယ်၊ ဘူတာရုံ ကွက်လပ်ကွင်းရယ်၊ မြစ်နားက ကစားကွင်းရယ်၊ အမ်မစယ် ပန်းခြံရယ် ဒါပဲရှိတယ်။ ငါ့အဖို့တော့ ဒါတွေရှိရင်တော်ပါပြီ၊ ဒီမှာတော့ ပွဲတော်ကြီးကျနေတာပဲ၊ ဆူညံလို့။ ပြီးတော့ လမ်းတွေ ကွင်းကွက်လပ်တွေကလည်းများလိုက်တာ၊ ငါဖြင့် မသွားတတ်လို့ လမ်း

www.burmeseclassic.com

www.burmeseclassic.com



ချည်း ပျောက်နေမှာပဲ၊ မင်းတို့နဲ့သာ မတွေ့ရင် ဒီည ငါဘယ်ဆီ ရောက်နေမယ်မသိဘူး၊ ငါ့ချည်း တစ်ယောက်တည်းသာ ဆိုရင်တော့ကွာ တွေးကြည့်တာနဲ့ ကြက်သီးထမိပါရဲ့" ဟု အီမယ်က ပြောသည်။

ပရော်ဖက်ဆာက "အေးကွာ နေနေကျတော့လည်း ဖြစ်သွားတာပါပဲ၊ ငါသာဆိုရင် နျူးစဒပ်လို ဈေးနှစ်ဈေး၊ ကစားကွင်းတစ်ကွင်းသာရှိတဲ့ မြို့ငယ်လေးမှာ နေနိုင်မယ်မထင်ဘူး" ဟု ပြန်ပြောရာ အီမယ်က "နေနေကျတော့လည်း ဖြစ်တာပါပဲကွာ" ဟုပင် ပြောလိုက်သည်။ ပရော်ဖက်ဆာက မေးပြန်သည်။

"မင်းအမေက သိပ်ကြပ်သလား"

"မေမေကလား၊ မကြပ်ပါဘူး၊ နည်းနည်းမှ မကြပ်ပါဘူး။ ငါလုပ်ချင်တာတွေကို လုပ်နေရတာပါပဲ၊ ဒါပေမဲ့ ငါ့ကိုယ်က မလုပ်ချင်လို့ မလုပ်ရင်သာပါ၊ အဲဒါ မင်းနားလည်မှာပေါ့ ဟုတ်လား"

"ဘယ်လိုလဲကွ ငါတော့သိပ်နားမလည်ဘူး"

"ဒီလိုရှိတယ်ကွာ မင်းအိမ်က အဖေ အမေတွေက ပိုက်ဆံချမ်းသာလား"

"ချမ်းသာလား မချမ်းသာလားတော့ မသိဘူးကွာ၊ အိမ်မှာ ပိုက်ဆံအကြောင်းတော့ ပြောသံ တယ်မကြားမိဘူး"

"ဒါဖြင့် မင်းတို့အိမ်က ပိုက်ဆံရှိလို့နေမှာပေါ့ကွ" ဟု အီမယ်ကပြောရာ ပရော်ဖက်ဆာက ခဏမျှစဉ်းစားနေပြီး "အေး မင်းပြောတာဟုတ်မှာပဲ" ဟု ဆိုလိုက်သည်။ အီမယ်က ဆက်ပြောပြသည်။

"ငါ့မေမေနဲ့ ငါနဲ့တော့ကွာ၊ တစ်နေ့တစ်နေ့ ပိုက်ဆံအကြောင်းပဲပြောနေရတာပဲကွ၊ ပိုက်ဆံက သိပ်မှ ရှိတာမဟုတ်ဘဲကိုး၊ မေမေက အလုပ်လုပ်ပြီး ရှာရတယ်လေ၊ အလုပ်ကလည်း အတော်ကို ပင်ပင်ပန်းပန်း လုပ်ရတာပဲ၊ ဒါတောင် ဘာမှများများမရဘူး၊ ဒါပေမဲ့ကွာ ကျောင်းပျော်ပွဲစားထွက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမျိုးတွေကျရင် မေမေက တခြားကျောင်းသားတွေလိုပဲ ငါသုံးဖို့ ပိုက်
ပေးတာပဲ၊ တစ်ခါတလေ ပိုတောင်ပေးသေးတယ်"

"ဟင် မင်းမေမေက ဘယ်လိုလုပ်ပေးနိုင်တာလဲ" ဟု ပရော်ဖက်ဆာ
မေးသည်။

"မသိဘူးကွာ၊ ဒါပေမဲ့ ငါသုံးဖို့တော့ မရရအောင် လုပ်ပေးတာ
ဒီတော့ ငါကလည်း အကုန်သုံးမပစ်ပါဘူး၊ ချန်ထားပြီး သူ့ပြန်ပေးတာ

"မင်းမေမေက ပြန်ပေးရမယ်လို့ ဆိုသလား"

"ဒီလိုမဟုတ်ပါဘူး၊ ဒါပေမဲ့ ငါက ခုလိုကို ပြန်ပေးရမှ ကြိုက်တာ

"ဩော် မင်းတို့အိမ်မှာ ဒီလိုနဲ့ပဲ အဆင်ပြေအောင် လုပ်သွားကြတာ
ပေါ့ ဟုတ်လား" ဟု ပရော်ဖက်ဆာက ပြောသည်။ အီမယ်က ခေါင်းညိတ်
"အင်း ဆိုပါတော့လေ၊ တစ်ခါတလေ တို့အိမ်အပေါ်ထပ်က သူငယ်ချင်း
တစ်ခါတလေလည်း ဒီပြင်သူငယ်ချင်းတွေနဲ့ ညဘက်ထွက်လည်တဲ့အ
လည်တယ်။ မေမေက ပြောပါတယ်။ ကိုးနာရီလောက်အထိတော့ နေသ
နေလို့၊ ဒါပေမဲ့ ငါက စောစောပြန်တာပဲ၊ ခုနစ်နာရီလောက်ဆို ပြန်တာ
မေမေချည်း တစ်ယောက်တည်း ညစာ စားမနေစေချင်ဘူး။ မေမေက ပြော
တယ်၊ အပေါင်းအသင်းတွေနဲ့ တစ်ခါတလေလည်း နေဦးတဲ့။ ဒါပေမဲ့ကျ
အိမ်မှာ မေမေချည့် တစ်ယောက်တည်း ထားပစ်ခဲ့ရတော့ ပျော်လည်း မပျေ
ပါဘူး၊ ပြီးတော့ ဘာပဲပြောပြော ငါပြန်လာရင် မေမေက သိပ် သဘော
ကျသွားတယ်ဆိုတာလည်း ငါသိပြီးသားကိုး" ဟု ပြောပြသည်။

ပရော်ဖက်ဆာက "တို့အိမ်တော့ ဒီလိုဟုတ်ပေါင်ကွာ၊ ငါအိမ်စော
ပြန်ရောက်လည်း အိမ်က ဖေဖေ မေမေတို့ အပြင်ထွက် ညစာစား
သွားကြည့်နေကြ၊ တစ်ခုခုကိစ္စနဲ့ အပြင်သွားနေတာပဲ တွေ့ဖို့သာ ချ
တယ်။ ဒါပေမဲ့ ငါ့ကိုတော့ ချစ်ချစ်ခင်ခင်ပါပဲ၊ တစ်ယောက်တစ်မျိုးစီ
ကွာ" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမယ်က "အေးလေ၊ တို့သားအမိအဖို့တော့ အိမ်မှာ အတူတူ နေနေရ ...က ပိုက်ဆံလည်း အပိုလည်း မကုန်ဘူးမဟုတ်လား၊ ဒါပေမဲ့ကွာ ငါ့ကို ...မေ့သားလေး လူပျော့လေးလို့များတော့ မထင်နဲ့ဟော့၊ ဒီလိုများ လာပြောတဲ့ ...ကို ငါက ချမ်းသာမပေးဘူး" ဟုပြောရာ ပရော်ဖက်ဆာက "အေးပါကွာ၊ ...သိပါတယ်" ဟု ပြန်ဖြေသည်။

သူတို့သည် မီးရထားတံတားကုန်းအောက်က လမ်းဘေးတွင် ဘာ ...ပြောဘဲ တစ်ခဏမျှ ငြိမ်နေကြသည်။ ညဘက်သို့ကူးလာရာ ကြယ်များ ...ထက်၍ အပေါ်မီးရထားလမ်းအထက်နားက လမင်းကြီးက မျက်စိ တစ်ဖက် ...င် စောင့်ကြည့်နေဟန်တူသည်။

ပရော်ဖက်ဆာသည် လည်ချောင်းရှင်းအောင် ချောင်းဟန့်လိုက်ပြီး ...ယ်၏မျက်နှာကိုမကြည့်ဘဲ တစ်ဖက်လှည့်၍ပြောလိုက်သည်။ "မင်းမေမေနဲ့ ...င်းနဲ့ တော်တော်ချစ်ကြတယ်နော်"

အိမယ်က ရိုးရိုးစင်းစင်းပင် ပြန်ဖြေလိုက်သည်။ "အေး အတော်ချစ် ...ကြတယ်"

■

www.burmeseclassic.com

[ ၁၂ ]

## တတ်လျှောကားမောင်းသူ လူငယ်နှစ်ဦး

မျှားမကြာမီပင် အရှန့်တပ်မှ လူစုတစ်စုတို့သည် စစ်တပ် တစ်တပ်စာ ရှု စားလောက်မည့် အသားသွတ်ပေါင်မုန့်များယူလာပြီး ကွင်းထဲသို့ ရောက်လာကြလေသည်။ နောက် ဘာဆက်လုပ်ရမည့် ညွှန်ကြားချက်များကိုလည်း ဆောင်းခံကြသည်။

ပရော်ဖက်ဆာက အတော်ပင် ဒေါပွသွားသည်။ သူတို့ကို မမှာဘဲ လာရန် အကြောင်းမရှိချေ။ "မင်းတို့ကို ထရော့ဆီတစ်ဆင့် တယ်လီဖုန်းဌာန က သတင်းမရမချင်း နှစ်ကိုလစကွဲယားမှာ စောင့်နေကြလို့ပြောထားတယ် မဟုတ်လား" ဟု ပြောရာ၊ ပီတာက "မင်းကလည်းကွာ၊ ကြီးကျယ်မနေစမ်း ပါနဲ့၊ တို့ကလည်း ဒီမှာဘာဖြစ်နေတယ်ဆိုတာ သိချင်တာသေလုရှိ" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျာရဒ်က "ပြီးတော့လည်း ထရော့လည်းမလာတော့ မင်းတို့ ဘာများဖြစ်ကုန်ကြပါလိမ့်မလဲလို့ စိုးရိမ်နေကြလို့ပါ" ဟု အပြစ်လွတ်အောင် ပြောသည်။

"ဒါဖြင့် နစ်ကိုလစကွဲယားမှာ လူဘယ်နှယောက် ကျန်ခဲ့သေးလဲ" ဟု အိမယ်ကမေးရာ ဖရက်ဒြစ်က သုံးလေးယောက်ရှိသည်ဟုပြော၍ ဂျာရဒ်က နှစ်ယောက်လောက်ရှိမည်ဟု ဆိုသည်။ ပရော်ဖက်ဆာမှာ ပို၍ စိတ်ဆိုးကာ "ဒီကောင်တွေ နောက်တစ်ခါ ထပ်မေးရင် တစ်ယောက်မှ မကျန်ဘူးလို့ ပြောတော့မှာပဲ" ဟု အော်လိုက်သည်။

ပီတာက "ဟော့– မင်းက မင်းကိုယ်မင်း ဘာထင်နေလို့ ဒါလောက် အော်ငေါက်နေရတာလဲ" ဟု ပြန်အော်သည်။

ပရော်ဖက်ဆာက ခြေဆောင့်၍ "ကဲ– ဒါဖြင့် ပီတာကို တို့စုံထောက်အဖွဲ့က ထုတ်ပစ်ပြီး ဒီကိစ္စမှာ မပါရတော့ဘူးဆိုတဲ့ အဆိုကို ငါတင်တယ်ကွာ" ဟုပြောရာ အိမယ်က "ကဲပါကွာ၊ ငါ့အတွက် မင်းတို့ချင်း စကားများရတာ စိတ်မကောင်းပါဘူး၊ ဒီတော့ ပါလီမန်တို့ ဘယ်တို့မှာလို မဲခွဲပေါ့၊ ပီတာကို တစ်ကြိမ်တစ်ခါမှားတာမို့ သတိပေးတာလောက်နဲ့ပဲ တော်ပါပြီလို့ ငါ အဆိုတင်သွင်းပါတယ်။ ဒီလိုပဲ အဖွဲ့သားတွေဟာ သူတို့ထင်သလို လျှောက်သွားနေလို့လည်း ဘယ်ဖြစ်ပါ့မလဲ" ဟု ဝင်ပြောသည်။

ပီတာက "မင်းတို့ သိပ်လူလည်လုပ်တဲ့ ဝက်စုတ်တွေပဲ၊ ငါမပါတော့ဘူး သွားမယ်" ဟု ထွက်သွားရင်း မကြားတကြား ဆဲဆိုလိုက်သေးသည်။

ပီတာထွက်သွားလျှင် "သူက စပြီး သွားချင်တာကွ၊ သို့မဟုတ်ရင် တို့က မလာပါဘူး၊ မေယာကို အစောင့်ထားခဲ့ပါတယ်" ဟု ဂျာရဒ်က ပြောသည်။

ပရော်ဖက်ဆာက ခါတိုင်းလို အေးအေးဆေးဆေးပင် "ထားလိုက်ပါကွာ၊ ပီတာအကြောင်း ထပ်မပြောကြပါစို့နဲ့" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ဒါဖြင့် ကျန်တဲ့ တို့တစ်တွေက ဘာလုပ်ရမလဲ"ဟု ဖရက်ဒြစ်က မေးရာ အီမယ်က "မင်းတို့ ဂူးစတပ် ဟိုတယ်ကပြန်လာသည်အထိ စောင့်နေရင် မကောင်းဘူးလား"ဟု အကြံပေးသည်ကို ပရော်ဖက်ဆာက "အေး၊ ဒီအကြံ ကောင်းတယ်ဟေ့၊ ဟိုမှာကြည့်စမ်း၊ ဟိုတယ်က ခါတ်လှေကားမောင်းတဲ့ ကောင်လေးမဟုတ်လား၊ ဒီကိုလာနေတာ"ဟု ပြောသဖြင့်၊ အီမယ်က "အေး၊ ဟုတ်တယ်ဟေ့"ဟု ကြည့်လိုက်ရာ အစိမ်းယူနီဖောင်းနဲ့ ဦးထုပ် တစောင်းဆောင်းထားသော သူငယ်တစ်ယောက် သူတို့ဆီသို့လာနေသည်ကို မြင်ရသည်။ မီးရထားတံတားကုန်း အောက်နားရောက်သွင် ခဏရပ်ပြီး သူတို့ကို လက်ပြသည်။

ဂျာရဒ်က "ယူနီဖောင်းကဖြင့် စမတ်ပဲ"ဟု အားကျစွာပြောလိုက်သည်။

"တို့ ကင်းစောင့် ဂူးစတပ်ဆီက သတင်းပါသလားဟေ့"ဟု ပရော်ဖက်ဆာက လှမ်းမေးရာ ထိုသူငယ်က ခေါင်းညိတ်ပြီး အနားကပ်လာသည်။ "ဒါဖြင့် ဘာတဲ့လဲ၊ ပြောပါကွာ မြန်မြန်"ဟု အီမယ်က စိတ်မရှည်သလို မေးလိုက်ရာ မော်တော်ကားဟွန်းသံတွတ်သံကြားလိုက်ပြီး အစိမ်းယူနီဖောင်းဝတ်ထားသည့် သူငယ်လေးသည် ရယ်မောပြီး ကခုန်ရင်း "မင်းငတုံးလေးပဲ အီမယ်ရ"ဟု အော်ပြောလိုက်သည်။ ထိုသူငယ်လေးမှာ တကယ်ဓာတ်လှေကား မောင်းသူမဟုတ်ဘဲ ဂူးစတပ်ဖြစ်နေသည်။

"ဟ၊ လက်စသတ်တော့ မင်းကိုး"ဟု အီမယ်က အံ့သြပြီး အော်လိုက်ရာ အားလုံးပင် တဟားဟား ရယ်မောကြသဖြင့် သူတို့အပေါ်နားက တိုက်ပြတင်းပေါက်တစ်ခုပွင့်လာပြီး "ငြိမ်ကြစမ်း"ဟု အသံတစ်ခုက အော်လိုက်သည်။

ပရော်ဖက်ဆာက "ဂူးစတပ် မင်းတော်ပေတယ်ကွာ၊ ကိုင်း–အားလုံး ငြိမ်ကြစမ်းပါ၊ သူ့အဖြစ်ကို ကြားကြရအောင်"ဟု ဆိုသဖြင့် ဂူးစတပ်က ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နေရာကျတာကိုးကွ၊ ငါက အသာ ဟိုတယ်ထဲ လစ်ခနဲ ဝင်သွားတော့ ခါတ်လှေကားမောင်းတဲ့ ကောင်လေးက လှေကားနားမှာ စောင့်လို့ တွေ့ရတယ်။ ဒါနဲ့ ငါက သူ့ကို မျက်ရိပ်ပြ ခေါ်လိုက်တော့ ငါ့အနားလာပြီး ဘာလဲ မေးတယ်။ ဒီတော့ ငါကလည်း အကျိုးအကြောင်းအကုန် ကကြီး ကနေ အ အထိ အစုံပြောပြလိုက်တာပေါ့။ အီမယ် ပိုက်ဆံပျောက်တဲ့ အကြောင်း၊ တို့တစ်တွေ ကူညီဝိုင်းဝန်းတဲ့အကြောင်း၊ သူခိုးက ဒီဟိုတယ်မှာ နေတဲ့အကြောင်း၊ တို့က သူခိုးကို နောက်ယောင်ခံလိုက်နေရပုံ၊ နက်ဖြန် သူ့နောက်က လိုက်ပြီး ပိုက်ဆံပြန်ရအောင် လုပ်မယ့်အကြောင်းတွေ အားလုံး ပေါ့ကွာ။ ဒီတော့ ကောင်လေးက တို့ဥစ္စာ တကယ့်ပျော်စရာကြီးပဲလို့ ထင် သွားတယ်။ ဒါနဲ့ သူ့မှာ ယူနီဖောင်းဝတ်စုံအပိုတစ်ခုရှိတယ်၊ အဲဒါကို ငါ ဝတ်ပြီး ခါတ်လှေကားမောင်းတဲ့ ကောင်လေးယောင် ဆောင်နေခိုင်းတယ်။ ငါက မေးပါသေးတယ်။ ဟိုတယ်တံခါးစောင့်သိရင် ဘယ့်နှယ့်လုပ်မလဲလို့ ဒီတော့ သူက ကိစ္စမရှိဘူး၊ တံခါးစောင့်က သူ့အဖေတဲ့ကွ၊ သူ့အဘိုးကြီးကို ဘယ်လိုပြောထားလဲတော့ မသိဘူးကွာ၊ ငါတော့ ဟောဒီယူနီဖောင်း ရလာ တာပဲ၊ ဒါတင် ဘယ်ကမလဲ၊ ဟိုတယ်အလုပ်သမားတွေနေတဲ့ အခန်းလွတ် တစ်ခုထဲမှာ ငါဒီည အိပ်နိုင်တယ်တဲ့၊ လူတစ်ယောက်တောင် ခေါ်ချင်ခေါ်နိုင် ဦးတဲ့၊ ကဲ ဘယ့်နှယ့်ရှိစ မဟာန်လား"

"ဒါထက် သူခိုးနေတဲ့ အခန်းနံပါတ်ကောသိခဲ့ရဲ့လား" ဟု ပရော်ဖက် ဆာက မေးသည်။

ဂူးစတပ်က "အမယ်လေးကွာ၊ လူများကလည်း တော်တော်နဲ့ကို မကျေနပ်နိုင်ကြဘူး။ ငါဒီလောက်ကြာအောင် ဘာများလုပ်နေတယ်ထင်သလဲ ကွ၊ လုပ်ရတာမလွယ်ဘူးဟေ့၊ မင်းတို့သိတာက နည်းနည်းရယ်၊ ခါတ်လှေ ကားမောင်းတဲ့ကောင်လေးက ဟိုလူကြီးနေတာ အခန်းနံပါတ် ၆၅၊ တတိယ အထပ်မှာလို့ထင်တယ်လို့ ပြောတယ်။ ဒါနဲ့ ငါလည်းအဲဒီ အသာတက်သွား

www.burmeseclassic.com



အခြေအနေအကဲခတ်တော့ ဘယ်သူမှ ငါ့ကိုမမြင်ဘူး။ ငါကလည်း အပါးပဲ၊ ဘယ်အမြင်ခံမလဲ။ လှေကားလက်ရန်း အသာကွယ်ပြီး ပုန်းနေလို့ နာရီဝက် လောက်ရှိတော့ အဲ– အခန်းနံပါတ် ၆၁ တံခါးပွင့်လာပြီး သူခိုးက အခန်းထဲ က ထွက်လာတာပဲ။ ငါက သူ့ကိုချက်ချင်းမှတ်မိတာပေါ့၊ ဒီညနေ ဟိုအစား အသောက်ဆိုင်ထဲမှာ ငါက သေသေချာချာ ကြည့်ထားတာပဲ၊ နှုတ်ခမ်းမွေး ညည်းမည်းနဲ့ နားရွက်ပါးပါး သေးကားထွက်လို့၊ မျက်နှာကြီးက အရုပ်ဆိုး လိုက်တာ၊ နာလို့။ ဒါနဲ့ သူက အိမ်သာဘက်ကိုသွားတယ်၊ သူပြန်လှည့်လာ တော့ ငါက အသာ ငါ့ဦးထုပ်ကို လက်နှင့်တို့ အရိုအသေပေးပြီး 'ဘာများ ခိုင်းစရာရှိပါသေးလဲ ခင်ဗျာ' လို့ မေးတယ်၊ သူက 'မရှိပါဘူး' လို့ပြောတယ်။ တော်တော်ကြာတော့ ငါ့ကိုပြန်ခေါ်ပြီး 'အေး အေး တံခါးစောင့်ပြောလိုက်စမ်း၊ ငါ့ကို မနက်ရှစ်နာရီတိတိမှာ နှိုးစမ်းလို့' လို့ ပြောတယ်၊ ဒီတော့ ငါက ကောင်းပါပြီ ခင်ဗျာ၊ စိတ်ချပါ၊ မနက်ရှစ်နာရီတိတိမှာ တယ်လီဖုန်းလာပါမှာ ယ်' လို့ ပြောလိုက်တာပေါ့၊ ငါဖြင့်ကွာ၊ အတော့်ကို စိတ်ထဲမြူးသွားတာပဲ။ ဟိုတယ်မှာ တည်းနေတဲ့လူတွေကို နှိုးရင် သူတို့အခန်းကို တယ်လီဖုန်းဆက် နှိုးကြတယ်ဆိုတာ ငါက သိထားတာကိုးကွ၊ ဒီလိုပြောလိုက်တော့ သူလည်း ခေါင်းညိတ်ပြီး ဘာမှအထူးအထွေမထင်ဘဲ သူ့အခန်းသူပြန်သွားတာပေါ့" ဟု အကြောင်းစုံ ပြန်ပြောပြလေသည်။

ပရော်ဖက်ဆာက ဝမ်းမြောက်ဝမ်းသာနှင့် "ကောင်းတယ်၊ အားကြီး ကောင်းတယ်" ဟုပြောသည်။ ကျန်လူများလည်း သဘောကျကြသည်။ ပရော်ဖက်ဆာက ဆက်၍ "ကဲ နက်ဖြန်မနက် ရှစ်နာရီကစပြီး၊ ဟိုလူကြီးကို အပ်တောင်တာ ဗိုလ်ထုနဲ့စောင့်နေကြမယ်။ သူထွက်လာတာနဲ့ သူ့နောက်က လိုက်ကြမယ်၊ မကြာပါဘူး၊ သူ့ကိုမိမှာပဲ" ဟု ပြောရာ ဂျာရဒ်က "အခုကိုပဲ သူ့ကို မိပြီးသားလောက် သေချာနေပါပြီကွာ" ဟု ပြော၍ရယ်ကြသည်။

ဂူးစတပ်က "ပန်းများပို့ခြင်းကို သည်းခံပါခင်ဗျား" ဟု ပြောလုံးတစ်

www.burmeseclassic.com



ချက်ထုတ်ပြီး "ကဲ ငါသွားမယ်၊ အခန်း ၁၂ က လူက ငါ့ကို စာတစ်စောင် ထည့်ခိုင်းထားတာ ရှိသေးတယ်၊ အဲဒီအတွက် ၆ ပဲနီရတယ်။ အလွယ်နဲ့ရတဲ့ ပိုက်ဆံပဲကွာ။ ခုတတ်လေ့ကားမောင်းတဲ့ ကောင်လေးကပြောတယ်၊ သူတို့ များ ဒီလိုဘောက်ဆူးတွေ တစ်နေ့တစ်ဆယ်လောက်များစီသတဲ့။ ကဲ- ငါ နက်ဖြန်ခုနစ်နာရီ အိပ်ရာကထပြီး သူခိုးကို အချိန်မီ နှိုးရဦးမယ်။ ပြီးတော့ လာသယ်ဟင်းပို့မယ်" ဟု ပြောသည်။ အီမယ်က "မင်းကို သိပ်ကျေးဇူးတင်ပါ တယ်ကွာ ဂူးစတပ်ရာ၊ အားလုံးနေရာကျတော့မှာပဲ။ အခု တို့အိပ်နိုင်ကြပြီ။ နက်ဖြန် သူခိုးဖမ်းမိမှာပဲ၊ ဒီကြားတော့ ဘာမှလုပ်စရာမရှိဘူး။ အားလုံး အိမ်ပြန်အိပ်ရုံပဲ၊ ဒါပဲနော်၊ နက်ဖြန် မနက်ရှစ်နာရီအရောက် ဒီကိုလာကြ၊ ပိုက်ဆံလေးဘာလေးများ ဆွဲလာခဲ့နိုင်လည်း ကောင်းပါတယ်လေ၊ ကဲ- ငါအခု ဖိုးအင်္ဂါလေးဆီ ဖုန်းဆက်မယ်၊ နက်ဖြန် သူ့ဆီဖုန်းဆက်တဲ့လူထဲက အရန်တပ်သားထဲ ဆွဲထည့်ချင် ထည့်နိုင်ဦးမှာပဲ။ တို့တစ်တွေ သူခိုးမိအောင် ဖမ်းဖို့က ရှိသေးတယ်မဟုတ်လား၊ ဒီလိုလုပ်နေတဲ့ အတောအတွင်း ဘာမဆို ဖြစ်နိုင်တာပဲ" ဟု ပြောသည်။

အီမယ်က "ဒါဖြင့် ဂူးစတပ်ရေ၊ မင်းဆီမှာ ငါလာအိပ်မှပဲထင်တယ်" ဟုပြောရာ ဂူးစတပ်က "အိုကေ၊ မင်းငါ့နေရာလေး သဘောကျမှာပါပဲ၊ အခန်းလေးက ကောင်းသားကွ" ဟုပြန်ပြောသည်။

ပရော်ဖက်ဆာကလည်း "ကဲ ဖိုးအင်္ဂါဆီ ဖုန်းဆက်ပြီးရင် ငါပြန်မယ်။ ပြီးတော့ မေယာဆီသွားပြီး အိမ်ပြန်လွှတ်ဦးမှ၊ သို့မဟုတ်ရင် နစ်ကိုလ စကွဲ ယားထဲမှာ တစ်ညလုံး ထိုင်စောင့်နေလိမ့်မယ်၊ ကဲ- အားလုံး နားလည်ကြပြီ လား" ဟုမေးရာ၊ ဂူးစတပ်က "နားလည်ပါပြီ ခေါင်းဆောင်ကြီး ခင်ဗျား" ဟု ရယ်မောပြန်ပြောလိုက်သည်။

"ကိုင်း၊ ဒါဖြင့် နက်ဖြန်မနက် ရှစ်နာရီတိတိ ဒီမှာလာပြီး သတင်းပို့ကြ" ဟု ဂျာရဒ်ကပြောရာ ဖရက်ဒြစ်က "ပြီးတော့ ပိုက်ဆံလေးဘာလေးများလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှာခဲ့ကြဖို့ မမေ့နဲ့ဦး”ဟု ထပ်သတိပေးလိုက်သည်။

သူတို့လူစုသည် တကယ်အလုပ်ကြီးအကိုင်ကြီး လုပ်နေကြသော လူကြီးကြီးများပမာ တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်ကြပြီး လူစုခွဲလိုက်ကြသည်။ အီမယ်မှာ ဂူးစတပ်နှင့်အတူ ဟိုတယ်သို့လိုက်သွားသည်။ ပရော်ဖက်ဆာသည် နိုလင်ဒေါ့စကွဲယားက ဖြတ်သွားပြီး အစားအသောက်ဆိုင်ရှိအများသုံး တယ်လီဖုန်းအခန်းထဲဝင်ကာ ဖိုးအင်္ဂါဆီဆက်သည်။


တစ်နာရီအတွင်းမှာပင် သူတို့လူစုအားလုံးပင် ကိုယ့်အိမ်ကိုယ်ပြန်အိပ်ရာဝင်ကြသည်။ ဂူးစတပ်နှင့် အီမယ်မှာ ကရိုတ်ဟိုတယ် စတုတ္ထထပ်အခန်းကျဉ်းကလေးတွင် အိပ်ကြသည်။

ဖိုးအင်္ဂါလေးမှာကား စိတ်မောလူမောဖြစ်သော်လည်း သူ့တာဝန်ကျသည့်နေရာကမခွာဘဲ တယ်လီဖုန်းအနားမှာပင် သူ့အဖေထိုင်နေကျ ကုလားထိုင်ပေါ်၌ အိပ်ပျော်နေသည်။ ဆက်သားလုပ်သူ ထရှေလည်း အိမ်ပြန်သွားလေပြီ။ ဖိုးအင်္ဂါလေးမှာ သူ့နေရာကမခွာဘဲ အိပ်မက်ထဲတွင် ဖုန်းအခါတစ်ရာမက ခေါ်သံတွေကြားနေသည်။ သန်းခေါင်ချိန်တွင် သူ့မိဘများ ပွဲမှပြန်လာလျှင် သူ ထိုနေရာမှာပင် အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် အတော်အံ့ဩသွားကြသည်။ သူ့အမေက သူ့ကိုပွေ့ချီပြီး အိပ်ရာပေါ်မှာ သိပ်သည်။ သူကား တုပ်တုပ်မျှမလှုပ်ချေ။ သို့သော် အိပ်မှုန်စုံမွှားနှင့် “အချက်ပြ စကားဝှက် အီမယ်”ဟု ပါးစပ်က ရွတ်လိုက်သေးသည်။

■

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်ရှေ့တွင် ဝူးစတာပ်၏ ဟွန်းတွတ်သံကိုစောင့်နေတဲ့ အိမ်ဖော်တို့အဖွဲ့.

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

## လူထုနည်း

ကရိတ်ဟိုတယ် အခန်းနံပါတ် ၆၁ ပြတင်းပေါက်မှနေ၍ နော်လင်ဆေါ့စကွဲယားကို မြင်ရသည်။ မစ္စတာ ဂရန်းဒီးသည် နောက်တစ်နေ့နံနက်တွင် ခေါင်းဖြီးရင်း လှမ်းကြည့်လိုက်ရာ ကွင်းထဲတွင် ကလေးတွေတစ်ပြုံကြီးတွေ့ရသဖြင့် အံ့သြသွားသည်။ ယောကျ်ားလေးတစ်စုက မြက်ခင်းတွင် ဘောလုံးကန်နေကြသည်။ အခြားကလေးများမှာ အစုလိုက် ကလစ်လမ်းထောင့်နှင့် မြေအောက်မီးရထားဘူတာအဝင်ဝနားဆီမှာ နေကြသည်။ "ဒီနေ့ လူတွေအားကြတယ်ထင်ပါရဲ့"ဟု စိတ်ထဲက ခပ်ချဉ်ချဉ်တွေးမိရင်း (နက်ကတိုင်)သည်စည်းကြိုး ချည်နေသည်။

ထိုအတောအတွင်း ရုပ်ရှင်နောက်ဖေးမြေကွက်တွင် ပကျေဖြက်ဆာ

www.burmeseclassic.com

www.burmeseclassic.com



သည် အစည်းအဝေးခေါ်လျက် လူတွေကို တစ်ယောက်ပြီးတစ်ယောက် ကြိမ်းမောင်းနေတော့သည်။

"ကဲ– မင်းတို့လုပ်ပုံလည်းကြည့်ဦး၊ တို့မှာဖြင့် သူခိုးဘယ်လိုဖမ်းရမ မလဲလို့ ဦးနှောက်ကိုခြောက်အောင် စဉ်းစားလိုက်ရတာ၊ ခုတော့ ဘာအကျိုး ထူးဦးမှာလဲ၊ မင်းတို့လို အရူးတွေက ဘာလင်မှာရှိတဲ့ ကလေးတွေအားလုံး ခေါ်ပြီး လာကြတော့ ကဲ– ဘယ့်နှယ်လုပ်မှာလဲ။ တို့လုပ်နေတာကို လူတွေ မသိစေချင်ပါဘူးဆိုနေရက်သားနဲ့များကွာ၊ တို့ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး ကွ၊ ပရိသတ် မလိုချင်ဘူး သိရဲ့လား။ ကဲ– အခု သူခိုးကို မမိလိုက်ရင်တော့ မင်းတို့တွေ နှုတ်မလုံလို့ဘဲ"

အခြားလူငယ်များသည် ပရော်ဖက်ဆာအနီးဝန်းရံလျက် သူပြောတာ ကို စိတ်ရှည်လက်ရှည် နားထောင်နေကြသော်လည်း သူတို့လုပ်မိသမျှကိ များသည်ထင်ကြပုံ မပေါက်ကြချေ။

ဂျာရဒ်က "ဆောရီးပဲ၊ ပရော်ဖက်ဆာ၊ ဒါပေမဲ့ မပူပါနဲ့၊ သူခိုးမိမှာ ပါပဲ" ဟု ပြောရာ၊ ပရော်ဖက်ဆာက "ကဲ၊ သွားကြစမ်းပါ၊ မင်းတို့နွားတွေပဲ ဟိုကောင်တွေကို မမြင်ကွယ်ရာမှာ နေကြပေစေ။ ပြီးတော့ ဟိုတယ်ရှေ့လည်း မလာစေနဲ့၊ ကဲ– နားလည်ပြီလား၊ မြန်မြန်သွား" ဟု အမိန့်ပေးလိုက်ရာ ကွင်းထဲတွင် စုံထောက်အဖွဲ့သာ ကျန်ခဲ့တော့သည်။

"တံခါးစောင့်တွေဆီက ငွေတစ်ဆယ်ချေးလာခဲ့တယ်၊ တကယ်လို့များ သူခိုးက လွတ်ပြေးရင် တက္ကစီနဲ့ နောက်က လိုက်နိုင်အောင်လို့" ဟု အီမယ် က ပြောသည်။

ကရမ်းက "ဟိုကလေးတွေကို အိမ်ပြန်ပြီး ဘာလို့မလွှတ်တာလဲ" ဟု မေးရာ ပရော်ဖက်ဆာက "သူတို့က ပြန်မယ်တဲ့လားဟင်၊ အဲဒီ နစ်ဒိုလစ်ရဲ့ ယားကြီးတစ်ခုလုံး ပေါက်ကွဲသွားတောင် အိမ်ပြန်ကြမှာမဟုတ်ဘူး" ဟု ပြန်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အီမယ်က "ဒီလိုဆိုရင် တစ်ခုပဲ လုပ်စရာရှိတာပဲ။ တို့အစီအစဉ်တွေ ပြောင်းမှဖြစ်မယ်။ ဟိုလူကြီးကို ဒီအတိုင်းတော့ လိုက်ချောင်းလို့မဖြစ်တော့ဘူး။ သူ့ကိုဗြောင်ကျကျပဲ အတင်းလိုက်ရမယ်။ ခုရှိနေတဲ့ အပိုအင်အားစုတွေ အကုန်သုံးပြီး ညှပ်ပူးညှပ်ပိတ်လုပ်ပေါ့။ သူလည်း ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိမမြင်ဘဲ မနေနိုင်တော့ဘူးပေါ့" ဟု အကြံပေးသည်။

ပရော်ဖက်ဆာက "ငါလည်း ဒီလိုပဲ တွေးမိတာပဲ၊ တို့အစီအစဉ်တွေ ပြောင်းရမယ်။ သူ့ကို ချောင်ပိတ်မိအောင်လုပ်ပြီး အညှံ့ခံခိုင်းရမှာပဲ" ဟု ပြောရာ ဂျာရဒ်က "အေး၊ အဲဒါကောင်းတယ်ဟေ့" ဟု အော်ပြောသည်။

အီမယ်က "လူကြီးကလည်း သူ့ကိုသွားလေရာ ကလေးတစ်ရာကျော်လောက် ဝိုင်းဟစ်အော်လိုက်ဖမ်းနေတော့ တစ်ရပ်လုံး ဝိုင်းကြည့်ခံရမယ်။ ပြီးတော့ ရဲကလည်း ဝင်လာမယ်။ အဲဒါကို မခံနိုင်တာနဲ့ ပိုက်ဆံပြန်ပေးမှာပဲ" ဟု ပြောရာ အားလုံးပင် ခေါင်းညိတ်သဘောတူကြသည်။

ထိုအခိုက် ဘိုင်စကယ်ခေါင်းလောင်းသံ လမ်းထဲမှကြားရပြီး ပိုနီ ပြုံးပြုံးရွှင်ရွှင်နှင့် ဘိုင်စကယ်စီးကာ ကွင်းထဲသို့ဝင်လာသည်။ "မင်္ဂလာနံနက်ပါ" ဟု လူတိုင်းကို နှုတ်ဆက်ပြီး ပိုနီသည် ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းတဲ့ပြီး လက်တန်းတွင် ချိတ်ယူလာသည့် တောင်းကိုဖြုတ်သည်။ "မင်းတို့ဖို့ မနက်စာ ယူလာခဲ့တယ်ကွ၊ ကော်ဖီရယ်၊ ပေါင်မုန့်လုံးတွေရယ်၊ ရော့ ဟောဒီမှာ ပန်းကန်သန့်သန့်လေး၊ ဟင်– လက်ကိုင်ပြုတ်သွားပါပကော" ဟု ပြောပြောဆိုဆိုနှင့် ပါသမျှကို ချကျွေးသည်။

သူငယ်လေးများမှာ နံနက်စာ ကောင်းကောင်းစားပြီးခဲ့ပြီ။ အီမယ်မှာသည်း ဟိုတယ်က စားခဲ့သည်။ ပိုနီ စိတ်မကောင်းမှာစိုး၍ လက်ကိုင်ပြုတ်သည့် ပန်းကန်နှင့် ကော်ဖီတွေသောက်ကြ၊ တစ်လလောက်များ ငတ်နေခဲ့သည့်အလား ပေါင်မုန့်လုံးများကို အားရပါးရစားကြသည်။ ကရမ်းက "စားလို့ ကောင်းတယ်ဟေ့" ဟု ပြောသည်။ ပရော်ဖက်ဆာကလည်း ပါးစပ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



အပြည့်နှင့် "အပေါ်ခွံကျွတ်ကျွတ်ကလေးနဲ့ သိပ်ကောင်းတာပဲ" ဟု ပြောသည်။ ပိုနီက "ဒါပေါ့ကွ၊ တစ်အိမ်မှာ မိန်းကလေးတစ်ယောက်ရှိနေရင် အားလုံးနေရာကျတယ်ဆိုတာ" ဟု ဆိုလိုက်ရာ ဂျာရဒ်က "အိမ်မှာမဟုတ်ပါဘူး၊ ကွင်းထဲမှာ" ဟု တိကျအောင် ပြင်ပြောလိုက်သည်။

"ရှူးမင်းလမ်းက အိမ်မှာ ဘယ်လိုများနေကြသေးလဲ" ဟု အီမယ်က မေးသည်။ "အားလုံးကောင်းပါတယ်ကွာ၊ ဘွားဘွားကလည်း မင်းကို အချစ်များများ ပို့လိုက်ပါတယ်။ အိမ်ကို မြန်မြန်ပြန်လာရင်လာ၊ မလာရင်တော့ မင်းကို ဒီမှာနေနေတုန်း နေ့တိုင်း ငါးဟင်းနဲ့ချည်း ကျွေးပြီး ဒဏ်ပေးမယ်တဲ့" ဟု ပိုနီက ပြန်ပြောရာ အီမယ်က မျက်နှာရှုံ့မဲ့၍ "အီး– ဒါတော့ မကောင်းဘူး" ဟု ပြောသည်။

"ငါးဟင်းက ဘာဖြစ်လို့လဲ" ဟု မစ်တလားညီအငယ်လေးက မေးလိုက်ရာ သူကလေးမှာ စကားပြောခဲလှသဖြင့် အားလုံးပင် သူ့ကို စိုက်ကြည့်ကြသည်။ မစ်တလားလေးသည် ရှက်လှ၍ မျက်နှာနီပြီး သူ့အစ်ကိုနောက်မှာ မျက်နှာဝှက်ထားသည်။

"အီမယ်က ငါးမကြိုက်ဘူး၊ ငါးဆို သိပ်ရွံတာ" ဟု ပိုနီက ပြောပြလိုက်သည်။

သူတို့သည် ဆက်၍ စကားပြောနေကြသည်။ အစစသူတို့စိတ်တိုင်းကျဖြစ်သဖြင့် ပျော်နေကြသည်။ သူငယ်လေးများအားလုံးပင် ပိုနီကို ဝိုင်းဂရုစိုက်ကြသည်။ ပရော်ဖက်ဆာက ပိုနီ၏စက်ဘီးကို ကိုင်ပေးသည်။ ကရမ်းက ကော်ဖီထည့်လာသည့် ဓာတ်ဘူးနှင့်ခွက်ကို ဆေးပေးသည်။ မစ်တလားအစ်ကိုကြီးက ပေါင်မုန့်ထုပ်သည့် စက္ကူများကို သိမ်းပေးသည်။ အီမယ်က တောင်းကို စက်ဘီးလက်ကိုင်တွင် ပြန်ချည်ပေးသည်။ ဂျာရဒ်က စက်ဘီးတိုင်ယာများ လေတင်းမှ တင်းရဲ့လားဟု စမ်းကြည့်သည်။ ပိုနီမှာ ပျော်လွန်း၍ သီချင်းတ ကြော်ကြော်နှင့် ဆိုလိုက်၊ စကားများလိုက်နှင့် ကခုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ခြေတစ်ပေါင်ကျိုးရပ်ရင်း "ဟေ့– ဒါထက် ဟိုစကွဲယားကြီးထဲမှာ ကလေးတွေ များလှချည်လား၊ ဘာလုပ်နေကြတာလဲ၊ အပန်းဖြေစခန်းဖွင့်တာ လုပ်နေတာပဲ" ဟု မေးရာ၊ ပရော်ဖက်ဆာက "တို့သူခိုးလိုက်ဖမ်းတယ်ဆိုတာ ကြားလို့တဲ့ကွာ၊ ဒီအနားလာပြီး စောင့်ကြည့်နေကြတာတဲ့၊ သူတို့လည်း ဝင်ပါချင် ပါမယ်ပေါ့" ဟုဖြေသည်။

ထိုအခိုက် ဂူးစတပ်သည် မော်တော်ဟွန်းတွတ်ကာ ပြေးလာပြီး "လာကြဟေ့ ဟိုလူကြီးထွက်လာပြီ" ဟု အော်ပြောရာ လူအားလုံးပင် လုပ်လက်စ အလုပ်ကိုချကာ ပြေးကြသဖြင့် ပရော်ဖက်ဆာက အော်ခေါ်ရသည်။ "နေကြဦး၊ တို့မှာ အစီအစဉ် လုပ်ထားတာရှိတယ်ဆိုတာ မမေ့ကြနဲ့၊ တို့က သူ့ကို ဝိုင်းရမှာနော်။ တချို့က ရှေ့က၊ တချို့က နောက်ကကပ်နေ၊ ကျန်တဲ့ လူတွေက ဘေးကနေကြ၊ ကိုင်း– သိပြီလား၊ ကဲ နောက်မှထပ်ပြီး အမိန့်ပေးမယ်၊ ရှေ့ကိုချီတက်"

သူတို့လူစုလည်း မီးရထား တံတားကုန်းအောက်ကနေ၍ စကွဲယားထဲသို့သွားကြရာ ပိုနီမှာ ကွင်းထဲ တစ်ယောက်တည်း ကျန်ခဲ့သဖြင့် စိတ်ပျက်အားလျော့မိသည်။ ထို့နောက် ဘိုင်စကယ်ပေါ်ခုန်တက်ကာ သူတို့နောက်က လိုက်ရင်း သူ့ဘွားဘွားပြောနေကျအတိုင်း "ဒါမျိုး ငါမကြိုက်ပါဘူး၊ နည်းနည်းလေးမှ မကြိုက်ဘူး" ဟု ရေရွတ်လာသည်။

ဘောင်လာဦးထုပ်ဆောင်းထားသော လူကြီးသည် ဟိုတယ်တံခါးဝမှ ထွက်လာပြီး လေ့ကားမှဆင်းကာ လမ်းထဲရောက်လျှင် ညာဘက်သို့ လှည့်သွားသည်။

ပရော်ဖက်ဆာ၊ အီမယ်နှင့် ဂူးစတပ်တို့သည် ကလေးအုပ်ကြီးဆီသို့ ဆက်သားများလွှတ်ကာ ညွှန်ကြားချက်များ ပို့ပေးသည်။ မကြာမီပင် ထိုလူကြီးမှာ ကလေးတွေ ဝန်းရံလျက်သားဖြစ်နေသည်။

လူကြီးသည် အံ့အားသင့်လျက် ဟိုဟိုသည်သည် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများသည် ရယ်မောစကားပြောရင်း တစ်ယောက်ကိုတစ်ယောက် တွန်းထိုးကာ သူသွားရာ လိုက်၍ ဝိုင်းထားကြသည်။ အချို့မှာ သူ့မျက်နှာ တည့်တည့် ကြည့်နေကြသဖြင့် မျက်နှာမထားတတ်အောင်ဖြစ်နေသည်။

ထိုအတွင်းတွင် မှီးခနဲ ဘောလုံးတစ်လုံး သူ့ခေါင်းနားက ဖြတ်သွားသည်။ သူ့စိတ်ထဲတွင် စနောင့်စနင်းဖြစ်ကာ ခပ်သုတ်သုတ်သွားရန်ပြင်သော်လည်း ကလေးများက သူ့ကို အမီလိုက်၍ ဝန်းရံထားကြပြန်သည်။ တစ်ဖန် အလစ်တွင် တစ်ဖက်လှည့်၍ လမ်းသွယ်တစ်ခုထဲဝင်မည်ပြုရာ ဘယ်ဆီ လှည့်လှည့် ကလေးတွေ တစ်ပြုံကြီးနဲ့သာ ဝင်တိုးနေသည်။

ဂူးစတာပ်က "သူ့မျက်နှာကြီးကြည့်လိုက်စမ်းဟော့၊ နှာခေါင်းတော့မှာကို ချုပ်တည်းထားရတာလိုကြီးပဲ" ဟုပြောရာ အီမယ်က "ငါ့ကို ကွယ်ထားပေး ဦးကွ၊ အခုနေတုန်း ငါ့ကိုမမှတ်မိစေချင်သေးဘူး၊ တော်တော်ကြာတော့ တွေ့ ရမှာပါပဲ" ဟုပြောသည်။

ဘောင်လာဦးထုပ်နှင့် လူကြီးမှာ ကြောက်လာလေပြီ။ သူ့စိတ်ထဲတွင် 'ကလေးထုပရိသတ်ကြီးက သူ့ကိုဒုက္ခပေးတော့မည်' ဟု ရိပ်မိစပြုလာသည်။ ခြေလှမ်းကျဲကြီးလှမ်းကြည့်သော်လည်း အကြောင်းမထူးချေ။ ကလေးများမှာ သူသွားလေရာ ရှေ့က ကာဆီးနေသည်။ နောက်လှည့်လိုက်၊ ရှေ့တိုးလိုက် နှင့် ကလေးတွေမှာ တိုးသည်ထက်တိုး၍ သူ့ကိုဝိုင်းလျက်သားဖြစ်နေသည်။

ထိုအခိုက် ကရမ်းက သူ့ရှေ့တည့်တည့်က နေ၍ ခြေထောက်နှင့်ဆီး တားကာ ခလုတ်တိုက်အောင် လုပ်သည်။

"ဟော့– ကောင်လေး ဘာလုပ်ဝါးဝတာလဲကွ၊ ဖယ်စမ်း၊ ရဲကို ခေါ်လိုက်ရ မလား" ဟု လူကြီးက အော်လိုက်ရာ၊ ကရမ်းက "ရဲကို ခေါ်လိုက်ပါခင်ဗျာ၊ ကျွန်တော်ကလည်း ခေါ်စေချင်တာပါပဲ" ဟု ယဉ်ကျေးစွာ ပြန်ပြောလိုက် သည်။

ထိုလူကြီးမှာ ရဲကို မခေါ်လိုပေ။ ရဲနှင့် ပတ်သက်ခြင်းကို လုံးဝအလိုမရှိ

www.burmeseclassic.com



ချ။ သို့သော် ဤကိစ္စမှာ ရယ်စရာ အပြောင်သက်သက်မဟုတ်ဟု အောက်မေ့ပြီး ကြောက်လာသည်။ သည်လူမိုက်ကောင်လေးတွေနှင့် လွတ်အောင်ဆောတ်နိုင်ဘဲ ရှိနေသည်။ ပို၍ဆိုးသည်မှာ လူတွေက ဘာများဖြစ်တာပါလိမ့်ဟု ပြတင်းပေါက်များမှ ထွက်ကြည့်နေကြပြီ။ ဈေးဆိုင်က လူများလည်း ကြေပေါ်သို့ထွက်ကာ ကြည့်နေကြသည်။ သည်အတောအတွင်း ရဲသားတစ်ယောက်လောက်များ လာလိုက်လျှင် ဒုက္ခလှလှကြီး ရောက်တော့မည်။ လမ်းဘေးတွင် ဘဏ်တိုက်ခွဲတစ်ခုကို မြင်သည်နှင့် အုကြံရကာ ကလေးတွေကို အတင်းကျော်ဖြတ်ပြီး ဘဏ်တိုက်ထဲသို့ ဝင်ပြေးသည်။ ပရော်ဖက်ဆာသည် သူ့နောက်က လိုက်သွားပြီး ခဏရပ်ကာ သူ့လူများကို အော်၍ အမိန့်ပေးသည်။

"ဂူးစတပ်နဲ့ ငါနဲ့ လိုက်သွားမယ်။ အီမယ်နေရစ်ခဲ့၊ ဂူးစတပ်က မော်တော်ဟွန်းတွတ်လိုက်ရင် ဝင်ခဲ့၊ အဲဒါ တို့အသင့်ဖြစ်ပြီလို့ အချက်ပေးတာပဲ၊ လူဆယ်ယောက်ခေါ်ခဲ့၊ လူလည်း သေသေချာချာရွေးခေါ်နော် အီမယ်၊ ဒီကိစ္စဟာ မလွယ်ဘူး"

ဂူးစတပ်နှင့် ပရော်ဖက်ဆာတို့သည် ဘဏ်တိုက်တံခါးကို တွန်း၍ ဝင်သွားသည်။

အီမယ်မှာ ရင်ထဲက ဗလောင်ဆန်နေသဖြင့် အသက်ပင် မရှူနိုင်ဖြစ်နေသည်။ "ဒါမှအချက်ပဲ၊ ဒီအချက်ကိုစောင့်နေတာ" သူသည် ပရော်ဖက်ဆာ ပြောသွားသည့်အတိုင်း သူနဲ့လိုက်မည့် သူများကို ရွေးသည်။ ကရမ်း၊ ဂျာရဒ်၊ ခစ်တလား ညီအစ်ကိုနှင့် အခြားသူများကို အနားမှာနေစေပြီး ကျန်လူများ သူစုခွဲ၍ နေစေသည်။ ကျန်လူများမှာ တစ်လှမ်းနှစ်လှမ်းသာ ဆုတ်ပြီး နေကြသည်။ သူတို့သည် နောက်ဘာဖြစ်မည်ကို မသိမမြင်လိုက်ရမှာ စိုးနေကြသည်။

ပိုနီသည် သူ့စက်ဘီးကို ကောင်လေးတစ်ယောက် ကိုင်ခိုင်းထားပြီး

www.burmeseclassic.com

www.burmeseclassic.com

အိမယ်ကို စကားလှမ်းပြောသည်။

“ငါဒီမှာ ရှိနေသေးတယ်ကွ၊ မင်းတို့ အရေးတော်ပုံ အောင်ပါစေ၊ အခု တကယ့်ကို ပွဲကြီးပွဲကောင်းဖြစ်နေပါပကော ဟုတ်လား၊ ငါဖြင့်ကွာ ပျော်လွန်းလို့ အငြိမ်ကိုမနေနိုင်ဘူး”

အိမယ်က “အေးကွာ၊ ငါလည်း ဒီလိုပါပဲ” ဟု ပြန်ပြောလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

## အပ်ပေါက်ထိုးရာလေးများ

ဂူးစတပ်နှင့် ပရော်ဖက်ဆာတို့ ဘဏ်အတွင်းသို့ရောက်သောအခါ ဆောင်လာဦးထုပ်ဆောင်းထားသူသည် ကောင်တာနားတွင် ရပ်နေသည်ကို တွေ့ရသည်။ သူသည် အရေးတကြီးအမူအရာနှင့် ကိစ္စပြီးလိုဟန်တူသည်။ သို့သော် ငွေကိုင်စာရေးမှာ တယ်လီဖုန်းစကားပြောနေသည်။

ပရော်ဖက်ဆာသည် သူ့ခိုးအနားမှာ အသာရပ်ရင်း တောကြောင်မျက်စိကဲ့သို့ အလစ်မပေးဘဲ စိုက်ကြည့်နေသည်။ ဂူးစတပ်က သူ့ဘောင်းဘီအိတ်ထဲက မော်တော်ဟွန်းပေါ်တွင် လက်တင်ထားကာ ရပ်နေသည်။ ငွေကိုင်စာရေးသည် တယ်လီဖုန်းကိုချ၍ ကောင်တာနားသို့လာကာ ပရော်ဖက်ဆာအား "ဘာလုပ်ပေးရမည်လဲ" မေးလျှင် ပရော်ဖက်ဆာက "ရှေ့လူကြီးက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အရင် ရောက်နေတာပါ”ဟု ယဉ်ကျေးစွာပြောလိုက်သည်။

“ငွေအကြွေလဲချင်လို့ပါ၊ ဟောဒီ ငါးပေါင်တန်အတွက် တစ်ပေါင်တန် စက္ကူနဲ့ ဟောဒီတစ်ပေါင်တန်နှစ်ချပ်အတွက် ငွေဒင်္ဂါးပြားပေးပါ”ဟု လူကြီးက ပြော၍ ငါးပေါင်တန်တစ်ချပ်နှင့် တစ်ပေါင်တန်နှစ်ချပ် အိတ်ထဲက ထုတ်ပေးသည်။

ငွေကိုင်စာရေးသည် ငွေစက္ကူများကိုယူ၍ အံဆွဲဖွင့်နေစဉ်တွင် ပရော်ဖက်ဆာက “နေပါဦး၊ အဲဒီငွေတွေဟာ ခိုးလာတဲ့ငွေတွေ”ဟု အော်ပြောလိုက်သည်။

ငွေကိုင်စာရေးက အံ့အားသင့်၍ “ဘာ” ဟု တစ်ချက်အော်လိုက်သည်။ သူ့နောက်က စားပွဲတွင် အလုပ်လုပ်နေကြသော စာရေးများသည် ရှည်လျားသော ဂဏာန်းများကို ပေါင်းနေရာမှရပ်ပြီး မြွေပေါက်ခံရသည့်ပမာ ခေါင်းထောင်ကြည့်ကြသည်။

ပရော်ဖက်ဆာက “အဲဒီငွေတွေဟာ ဒီလူကြီးငွေမဟုတ်ပါဘူး။ ကျွန်တော့်မိတ်ဆွေဆီက ခိုးလာတာပါ၊ သူ့လက်ထဲမှာမိနေမှာစိုးလို့ တမင်အကြွေလဲတာပါ”ဟု ပြောသည်။

လူကြီးက “အံမာ– လူဝါးဝလှချည့်လား”ဟု အော်ပြောပြီး၊ ငွေကိုင်စာရေးဘက်လှည့်ကာ “သည်းခံပါဗျာ၊ ဒီလိုဟာမျိုးတော့ ဒီလိုပဲ ပြန်ဖြေရမှာပဲ”ဟုပြောပြီး သူ့လက်ကိုမြှောက်ကာ ပရော်ဖက်ဆာ၏ပါးကို ဖြန်းခနဲရိုက်လိုက်သည်။

ပရော်ဖက်ဆာက “ဟာ– ဒီလိုနဲ့ဘာရမလဲ”ဟုပြောပြီး လူကြီး၏ဗိုက်ကို တစ်အား လက်သီးနှင့် ထိုးလိုက်ရာ လူကြီးမှာ ယိုင်သွားပြီး ကောင်တာကို လက်နှင့် ဆွဲထားရသည်။

ဘဏ်စာရေးများလည်း နေရာမှထကာ ဘာဖြစ်တာပါလိမ့်ဟု လာကြည့်ကြသည်။ ထိုအခိုက် ဝူးစတပ်က သူ့မော်တော်ဟွန်းကို သုံးကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်ကြီးတွတ်လိုက်ရာ ဘဏ်မန်နေဂျာ သူ့အခန်းထဲက ထွက်လာသည်။ ကစ်ချိန်တည်းမှာပင် အီမယ်ခေါင်းဆောင်သော လူငယ်လေး ဆယ်ယောက်တို့လည်း ဝင်ပြေးလာ၍ ထိုလူကြီးကို ဝိုင်းထားသည်။ ဘဏ်မန်နေဂျာက "ဘာဖြစ်ကြတာလဲ" ဟု မေးရာ လူကြီးက "ဟောဒီ လူဆိုးလေးတွေက ကျွန်တော် အခုအကြွေလဲနေတဲ့ငွေတွေ ခိုးပါတယ်လို့ လာပြောနေကြတယ်၊ ဘယ်လောက် လူဝါးဝလဲ" ဟု ဒေါသဖြစ်လွန်း၍ လူတစ်ကိုယ်လုံး တုန်နေသည်။

အီမယ်က ထခုန်ပြီး "ခင်ဗျားကြီးခိုးတာ ဟုတ်သားပဲ၊ မနေ့ညနေတုန်းကပေါ့၊ ငါးပေါင်တန်တစ်ချပ်၊ တစ်ပေါင်တန်နှစ်ချပ်လေ၊ ဈေးစဒပ်ကနေ ဘာလင်ကိုထွက်လာတဲ့ ရထားတွဲထဲမှာ ကျွန်တော် အိပ်ပျော်နေတုန်းကပေါ့" ဟု ပြောရာ ငွေကိုင်စာရေးက "မင်းသက်သေပြနိုင်လို့လား" ဟု ခပ်မာမာ မေးလိုက်သည်။

ဘောင်လာဦးထုပ်ဆောင်းထားသူ လူကြီးက ယဉ်ကျေးစွာပြုံး၍ "ကျွန်တော် ဘာလင်ရောက်နေတာ တစ်ပတ်တောင်ရှိသွားပါပြီ၊ မြို့ထဲ အလုပ်ကိစ္စတွေများလွန်းလို့ မနေ့ကဆို မနက်ကနေ ညအထိပါပဲ" ဟု ပြောရာ အီမယ်က "ဘယ်ဟုတ်ရမှာလဲ" ဟု စိတ်ဆိုးလွန်း၍ ငိုတော့မလို ပြောသည်။

မန်နေဂျာကလည်း "ဒီလူကြီးဟာ မနေ့က မင်းနဲ့ရထားပေါ်မှာ အတူ စီးလာတယ်ဆိုတာ သက်သေပြနိုင်ရဲ့လား" ဟု ခပ်ထန်ထန်မေးရာ လူကြီးက "အလကားပါ၊ ဘယ်က သက်သေပြနိုင်ပါ့မလဲ" ဟု မထီလေးစား ပြောလိုက်သည်။

ဘဏ်စာရေးတစ်ယောက်က "ရထားတွဲထဲမှာ သူတို့ချည့် နှစ်ယောက်တည်း စီးလာရင်တော့ ဘယ်မှာ သက်သေရှိပါ့မလဲ" ဟု ပြောလိုက်ရာ အီမယ်၏မိတ်ဆွေများသည် စိုးရိမ်တကြီးနှင့် တစ်ယောက်ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကြသည်။

အိမယ်က ရုတ်တရက်သတိရ၍ အားရဝမ်းသာပြောလိုက်သည်။ "သက်သေပြနိုင်တာပေါ့၊ မစ္စဂျေးကော့ဆိုတဲ့ အမျိုးသမီးကြီး ကျွန်တော်စီး လာတဲ့ တွဲမှာပဲ စီးလာတာပဲ၊ သူက အရင်ဆင်းသွားတယ်။ ကျွန်တော့်ကို တောင် နှုတ်ခွန်းစဉ်ပြန်ရောက်ရင် သူ့အသိတစ်ယောက်ကို နှုတ်ဆက်လိုက်ပါ လို့ မှာလိုက်သေးတယ်"

ထိုအခါ မန်နေဂျာက "ဒီလိုဆိုရင် ခင်ဗျားဘက်ကကော ဘာပြော မလဲ၊ ခင်ဗျား သူပြောသလို မီးရထားပေါ်မှာမဟုတ်ပါဘူးဆိုတာ သက်သေပြ နိုင်သလား" ဟုမေးရာ လူကြီးက ခပ်မာမာပင် ပြန်ပြောသည်။ "ပြနိုင်တာပေါ့ ကျွန်တော် ဟိုလမ်းတစ်ဖက်က ကရိုက်ဟိုတယ်မှာ နေနေတာပဲ"

"ဟာ- ဒါက မနေ့ညနေကမှ အဲဒီကို သူရောက်လာတာ၊ ကျွန်တော် သိတာပေါ့ ကျွန်တော်က ဓာတ်လှေကားမောင်းတဲ့ ကောင်လေးယောင်ဆောင် ပြီး သူရောက်ကတည်းက သူ့ကိုချောင်းနေတာပဲ" ဤသို့ ငွေစတပ်က ဝင် ပြောလိုက်ရာ ဘဏ်စာရေးများ ပြုံးလာကြသည်။ သူတို့သည် ကလေးတွေ ဘက်က ပါလာကြသည်။

မန်နေဂျာက "ကဲ- ဒီလိုဆိုရင် ဒီငွေကို ခဏတော့ ဒီလိုပဲထားရလိမ့် မယ် မစ္စတာ .. အဲ.." ဟု နာမည်မေးရင်း ဖြစ်ပျက်သမျှ ရေးမှတ်ရန် စာရွက် တစ်ရွက် ဆွဲယူလိုက်သည်။

အိမယ်က "ဒီလူကြီးနာမည်က ဂရန်းဒီးတဲ့" ဟု ပြောလိုက်ရာ ဒေါသ လာဦးထုပ်နှင့် လူကြီးက အသံကျယ်ကြီးနှင့် ရယ်မောပြီး "ကျွန်တော့်နာမည် မှုးလားပါ၊ ကြည့်ပါလား၊ သူတို့တွေ မှားနေပြီ" ဟုပြောရာ အိမယ်ကဒေါသ၍ "အလကား ညာပြောနေတာဗျ၊ မီးရထားပေါ်မှာတုန်းက သူ့နာမည်ဂရန်းဒီး လို့ သူပဲ ကျွန်တော့်ကိုပြောတာ" ဟု အော်ပြောသည်။

ငွေကိုင်စာရေးက "ဒါဖြင့် ခင်ဗျားဘယ်သူဆိုတာ သက်သေထူရအောင်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတင်လက်မှတ်တို့ ဘာတို့ပါသလား" ဟု ခပ်အေးအေးမေးရာ လူကြီးက "အခုတော့ မပါလာဘူး၊ ခဏစောင့်နေပါလေ၊ ဟိုတယ်ကို ပြန်ယူလိုက်ပါ့မယ်" ဟု ပြောသည်။

အိမယ်က "ဒီလူကြီးကို မယုံနဲ့ဗျ၊ အဲဒီငွေက ကျွန်တော့်ငွေ၊ ပြန်ပေးကြပါ" ဟု အော်ပြောသည်။

ငွေကိုင်စာရေးက "အေး ဟုတ်ပါပြီ၊ ဒါပေမဲ့ မင်းပြောတာ ဟုတ်တယ်ပဲဆိုဦးတော့၊ မင်းငွေဆိုတာ ဘယ်လိုလုပ် သက်သေထူမလဲ၊ ငွေစက္ကူပေါ်က နံပါတ်တွေ ဘာတွေ မှတ်ထားလိုက်လို့လား၊ ဒါမှမဟုတ်လည်း မင်းနာမည်ထိုးထားသလား" ဟု မေးရာ အိမယ်မှာ ဒေါပွသည်ထက်ပွ၍ "ဒါတော့ ဘယ်မှတ်သားထားပါ့မလဲဗျ၊ ကိုယ့်အိတ်ထဲက နှိုက်ခိုးခံရလိမ့်မယ်လို့မှ ထင်ဘဲဟာကို၊ ဒါပေမဲ့ ဒီငွေဟာ ကျွန်တော့်ငွေပဲ၊ မေမေက ဘွားဘွားကိုပေးဖို့ ပေးလိုက်တာ၊ ဘွားဘွားက ဘာလင်မှာနေတယ်၊ ၁၅– ရှူးမင်းလမ်းမှာနေတယ်" ဟု လျှောက်ပြောလျှင် ငွေကိုင်စာရေးက ကူညီလိုသည့် စေတနာနှင့် "ဒါဖြင့် ငွေစက္ကူပေါ်မှာ အမှတ်အသား အစုတ်အပြဲတစ်ခုခုပါတာ မှတ်ထားမိဘူးလား" ဟုမေးရာ အိမယ်က ခေါင်းခါ၍ "ဟင့်အင်း၊ မမှတ်မိဘူး" ဟု ပြန်ဖြေသည်။

ထိုအခါ လူကြီးက "ကဲဗျာ၊ ဒီငွေဟာ ကျုပ်ငွေဆိုတာ ပေးချင်တဲ့သစ္စာပေးပါဗျာ၊ ကျုပ်က ကလေးဆီက ပိုက်ဆံနှိုက်ယူမယ့် လူမျိုးလားဗျာ၊ ကြည့်စမ်း ကြည့်ပါဦး" ဟု ဆိုပြန်သည်။

အိမယ်သည် တစ်ခု သတိရသည်နှင့် ထခုန်လိုက်ပြန်သည်။ စိတ်လှုပ်ရှားသောလေသံဖြင့် "နေပါဦး၊ ကျွန်တော် တစ်ခုတွေးမိပြီ၊ မီးရထားထဲမှာ ငွေစက္ကူတွေကို အတွင်းအိတ်ထဲမှာထည့်ပြီး တွယ်ချိတ်နဲ့ တွယ်ထားသေးတယ်၊ ဒီတော့ ငွေစက္ကူသုံးချပ်စလုံးမှာ တွယ်အပ်ထိုးရာ ရှိလိမ့်မယ်" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေကိုင်စာရေးသည် ငွေစက္ကူများကို အလင်းရောင်တွင် ထောင်ကြည့်နေစဉ် အသက်ရှုမှားသွားသည့် အသံတစ်သံထွက်ပေါ်လာပြီး တိတ်ဆိတ်နေသည်။ သူခိုးသည် မယောင်မလည်နှင့် ခြေတစ်လှမ်း နောက်ပြန်ဆုတ်သည်။ မန်နေဂျာသည် စိတ်မတည်ငြိမ်လှ၍ ကောင်တာကို လက်နှင့်ခေါက်နေသည်။

"သူငယ်လေးပြောတာ ဟုတ်တယ်၊ ဒီငွေစက္ကူသုံးချပ်စလုံးကို အပ်ချိတ်နှင့် ထပ်လျက်သားထိုးထားတဲ့ အပေါက်တွေ့ရတယ်" ဟု ငွေကိုင်စာရေးက မောပန်းတကြီးနှင့် မျက်နှာများ ဖြူရော်ကာ ပြောသည်။ အိမ်ယ်က "ဟောဒီမှာ ငွေစက္ကူကို ထိုးတဲ့ အပ်ချိတ်၊ ကျွန်တော့်လက်တောင် ထိုးမိသွားသေးတယ်" ဟုပြော၍ အပ်ချိတ်ကို ကောင်တာပေါ်မှာ တင်လိုက်သည်။

ထိုအခါ သူခိုးသည် တစ်ဖက်လှည့်၍ လျှပ်လက်သည့်ပမာ သူငယ်လေးများကို အတင်းတွန်းထိုး၍ ထွက်သွားရာ အချို့မှာ လဲကျကျန်ခဲ့သည်။ တစ်မုဟုတ်ချင်းပင် တံခါးမှထွက်၍ ပြေးလေတော့သည်။

မန်နေဂျာက "လိုက်ကြစမ်းဟေ့" ဟု ပြောရာ လူတွေအားလုံးပင် တံခါးဆီသို့ စုပြေးလိုက်ကြသည်။ အပြင်သို့ရောက်သောအခါ၌ကား သူခိုးကို အခြားလူငယ်လေးများက ဝိုင်းတားထားကြသည်ကို တွေ့ရသည်။ သူ့လက် ဆွဲသူကဆွဲ၊ ခြေထောက်ကို ဆွဲသူကဆွဲနှင့် အချို့က သူ့အင်္ကျီစကို အတင်း တွယ်ကပ်ထားကြသည်။ သူခိုးသည် အတင်းရုန်းကန်သော်လည်း လူအုပ်က များလွန်းသဖြင့် ပြေးမလွတ်ဘဲရှိသည်။ ထိုအခိုက်မှာပင် ရဲသား တစ်ယောက် ပြေးလာပြီး ကူသည်။ ပိုနီက အချိန်မီ ဘိုင်စကယ်နှင့် ပြေးခေါ်တာဆိုပဲ။

ဘဏ်မန်နေဂျာက "ဒီလူ ဖမ်းထားလိုက်ပါ၊ မီးရထားပေါ်မှာခိုးတဲ့ သူခိုးဆိုတာ၊ ကျုပ်တို့ဆီမှာ အထောက်အထားရှိပါတယ်" ဟုပြောသည်။

ငွေကိုင်စာရေးသည် ဘဏ်အတွင်းသွားပြီး၊ ငွေစက္ကူနှင့် အပ်ချိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ကာ မန်နေဂျာထံမှ အခွင့်တောင်း၍ ရဲဌာနသို့ လက်ဆွဲခေါ်သွားကြသည်။ သူတို့နောက်က ကလေးအုပ် တစ်ရာခန့် လိုက်ပါသွားကြသည်။

ပိုနီသည် သူတို့အေးက ဘိုင်စကယ်နှင့်လိုက်လာပြီး လမ်းချိုးသို့ရောက်လျှင် "အီမယ်ရေ၊ ငါအိမ်ပြန်တော့မယ်ဟေ့၊ အိမ်ကို အကုန်ပြန်ပြောပြလိုက်မယ်" ဟု အော်ပြောရာ အီမယ်က "အိုကေ၊ ငါ့ကိုယ်စား နှုတ်ဆက်လိုက်ပါ၊ ငါညစာစားမီ လာခဲ့မယ်လို့ပြောလိုက်ဟေ့"ဟု ပြန်ပြောလိုက်သည်။

ပိုနီသည် တစ်ချက်ပြန်လှည့်ကြည့်ပြီး "ဟေး ကျောင်းပျော်ပွဲစားထွက်တာ ကျနေတာပဲကွာ" ဟု ပြောရင်းပင် ခါတိုင်းလို ခေါင်းလောင်းကို ဆူညံနေအောင် တီးကာ ထွက်သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

## ရဲဌာနချုပ်

မကြဲစုဖူး ထူးလှသည့် စီတန်းလှမ်းလျှောက်ပွဲကြီးသည် အနီးဆုံး ရဲစခန်းသို့ ရောက်သွားတော့သည်။ ရဲသားတစ်ဦးက သူခိုးကို ခေါ်ထားလိုက် ပြီး တာဝန်ကျသော ဆာဂျင်ကို သတင်းပို့သည်။ အိမ်ယဲမှာ အသေးစိတ် အစစ်ခံရသည်။ သူ့အမည်၊ နေရပ်လိပ်စာ၊ ဘယ်မှာမွေးသည်၊ မွေးနေ့ မွေး ရက်မကျန် အားလုံးပြောပြရာ ဆာဂျင်က စာရင်းစာအုပ်ကြီးထဲတွင် အားလုံး ရေးမှတ်သည်။

သူခိုးအလှည့်ရောက်လျှင် ဆာဂျင်က "နာမည်ဘယ်သူလဲ" ဟုမေးရာ သူခိုးက ဟားဘတ်ကီးစလင်းဟု ပြောသည်။

သူ့နောက်ကပါလာကြသော အိမ်ယဲ၊ ဂူးစတပ်နှင့် ပရော်ဖက်ဆာတို့က

www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ကြီးနှင့် ရယ်မောကြရာ ဆာဂျင်၏လက်သို့ ငွေခုနစ်ပေါင် အပ်လိုက်သော ဘဏ်မှ ငွေကိုင်စာရေးကလည်း ဝင်ရယ်သည်။

"တော်လည်း တော်တဲ့လူပဲ၊ ပထမဦးဆုံး သူ့နာမည် ဂရန်းဒီးတဲ့၊ ပြီးတော့တစ်ခါ မူးလားတဲ့၊ အခုတော့ ကီးစလင်းတဲ့၊ ဘယ်သင်းက အမှန်ဆိုတာ သိချင်လိုက်တာ" ဟု ဂူးစတပ်ကပြောရာ၊ ဆာဂျင်က "စကားမများကြစမ်းပါနဲ့ကွာ၊ သူ့နာမည်အမှန် တို့မကြာခင်သိရမှာပါ" ဟုမာန်လိုက်သည်။

သူခိုးသည် ကရိတ်ဟိုတယ် နေရပ်လိပ်စာပေးပြီး မွေးရာဌာန၊ ခုနှစ်သက္ကရာဇ်ကိုပြောသည်။ သူ့မှာ မှတ်ပုံတင်စာရွက်စာတမ်း ဘာတစ်ခုမှ မပါချေ။

"မနေ့ကဒီကိုရောက်မလာခင် ဘယ်မှာရောက်နေသလဲ" ဟု ဆာဂျင်က မေးရာ "ဂရို(ခ်)ဂရူးနေ့မှာ" ဟုပြန်ဖြေသည်။ ပရော်ဖက်ဆာက "ဒါလည်း ညာတာနေမှာ" ဟုပြောလျှင် ဆာဂျင်က "တိတ်စမ်းကွာ သူဘာပြောပြော တို့က ပြန်စစ်ဆေးဦးမှာကွ" ဟု အသံကျယ်ကြီးနှင့်မာန်လိုက်သည်။

ငွေကိုင်စာရေးသည် "သူပြန်နိုင်ပြီလား" ဟုမေးရာ သူ့အမည်နေရပ်လိပ်စာများကိုပေးခဲ့ပြီး မပြန်သွား ' အိမယ်၏ပခုံးကိုပုတ်၍ အားပေးခဲ့သေးသည်။

ဆာဂျင်သည် သူခိုးကို ဆက်၍စစ်သည်။ "ကဲ မစ္စတာကီစလင်း၊ နျူးစဒပ်မှာရှိနေတဲ့ အိမယ်တစ်ရာဘီးဆိုတဲ့ ကျောင်းသားလေးဆီက ငွေခုနစ်ပေါင်ကို မနေ့ညနေတုန်းက ဘာလင်မီးရထားပေါ်မှာ ခိုးယူတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်၊ ကျုပ်လည်း ဘာကြောင့် ဒီလိုလုပ်မိတယ်မသိဘူး၊ ထိုင်ခုံပေါ်မှာ သူက အိပ်ပျော်နေတာကိုး။ ငွေထည့်တဲ့စာအိတ်က အင်္ကျီအိတ်ထဲက ထွက်ကျတော့ ကျုပ်ကလည်း ဘာပါလိမ့်လို့ ကောက်ကြည့်မိတာနဲ့ ကျုပ်မှာလည်း ပိုက်ဆံကမပါတော့"

www.burmeseclassic.com

www.burmeseclassic.com



အိမယ်က ဒေါသတကြီးနှင့်ဝင်ပြောပြန်သည်။ "ဒါအလကားပြောတာ၊ ဘျန်တော်က အတွင်းအိတ်ထဲမှာ သေသေချာချာ ချိတ်နဲ့ကို တွယ်ထားတာ၊ ဘယ်လိုလုပ်လို့မှ ထွက်မကျနိုင်ဘူး"

ပရော်ဖက်ဆာကလည်း "သူ့မှာပိုက်ဆံမပါဘူးဆိုတာလည်း အလကား၊ မနေ့က အစားအသောက်ဆိုင်ထဲဝင်စား၊ တက္ကစီစီးသွားတုန်းကတော့ အိမယ်ရဲ့ပိုက်ဆံကို ထုတ်မသုံးရတဲ့ဥစ္စာပဲ" ဟု ဝင်ပြောပြန်သည်။

"မင်းတို့ကောင်လေးတွေ၊ ဝင်ဝင်မပြောကြစမ်းနဲ့ဆိုနေတာ မကြားဘူးလား၊ တို့က သူပြောသမျှ ပြန်စစ်ဆေးဦးမှာဆိုနေမှပဲ" ဟု ဆာဂျင်က တစ်ဖန် ထပ်၍ ကြိမ်းမောင်းကာ စာအုပ်ကြီးထဲ စာတွေ အများကြီး ရေးမှတ်ပြန်သည်။

ထိုအခါ သူခိုးက ယဉ်ကျေးစွာနှင့်ပင် "ကဲဗျာ၊ ဒါဖြင့် ကျုပ်သွားခွင့်ပြုပါတော့၊ ကျုပ်မှားတာ ဝန်ခံပြီးပြီပဲဟာ၊ ကျုပ် ဒီဘာလင်ကို ကိစ္စနဲ့လာတာပါ၊ လုပ်စရာတွေ သွားလုပ်ချင်ပါသေးတယ်" ဟုဆိုလျှင် ဆာဂျင်က "အိမယ်-တယ်လည်း သတ္တိရှိပါလား" ဟုပြော၍ တယ်လီဖုန်းကို မ ကာ ရဲဌာနချုပ်သို့ ဆက်၍ မီးရထားသူခိုး ဖမ်းမိထားသဖြင့် ကားလွှတ်ခေါ်ရန် မှာလိုက်လေသည်။

အိမယ်က "ဒါဖြင့် ကျွန်တော့်ပိုက်ဆံ ဘယ်တော့ပြန်ရမှာလဲ ခင်ဗျာ" ဟုမေးရာ "မင်း ရဲဌာနချုပ်ကို လိုက်သွားရဦးမယ်၊ အဲဒီကျရင် ကိစ္စပြီးပါပြီ" ဟု ဆာဂျင်က ပြန်ပြောသည်။

"ဟော့- အိမယ်၊ မင်းအချုပ်ကားကြီးစီးပြီး လိုက်မယ်ထင်တယ်" ဟု ဒုဇတပ်က တိုးတိုးပြောရာ ဆာဂျင်က "ဟ ဒီလိုဘယ်ဟုတ်မလဲကွ၊ နေပါဦး တစ်ရှာဘီး၊ သူငယ်လေး၊ မင်းမှာ ပိုက်ဆံပါရဲ့လား" ဟု မေးရာ အိမယ်က "ပါပါတယ်ခင်ဗျား၊ သူငယ်ချင်းတွေက စုပေးထားတာလည်းရှိတယ်၊ ပြီးတော့ ဟိုတယ်တံခါးစောင့်ဆီကလည်း ငွေတစ်ဆယ် ချေးထားတာရှိပါသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်"ဟု ပြန်ပြောသည်။

ဆာဂျင်က "အင်း– မင်းတို့ကောင်လေးတွေ တကယ်အကြံပိုင်တာပဲ ကွ" ဟု အသံကျယ်ကြီးနှင့်ဟောက်လိုက်ပြန်သည်။ သည်တစ်ခါတော့ သဘောကောင်း စိတ်ကောင်းနှင့် ဟောက်ခြင်းဖြစ်သည်။ ဆာဂျင်ကဆက်၍ "ကဲ ဒါဖြင့် မင်းတို့ အလက်ဇန္ဒာစကွဲယားအထိ မြေအောက်မီးရထားစီးသွား၊ ပြီးတော့ အဲဒီမှာ ဆာဂျင်လဒ်ဝစ်ရှိတယ်၊ သူ့ဆီကိုသတင်းပို့၊ အဲဒီမှာ ကိစ္စ ဆက်လုပ်ရမယ်။ မင်းပိုက်ဆံပြန်ရမှာပါပဲ" ဟု မှာလိုက်သည်။

"ဒါဖြင့် ဟိုတယ်ဝင်ပြီး တံခါးစောင့်ကို ပိုက်ဆံပြန်ပေးလို့ဖြစ်ပါတယ် နော်"ဟု အီမယ်ကမေးရာ ဆာဂျင်က "ဖြစ်ပါတယ်" ဟု ဖြေသည်။

ရဲကားကြီးရောက်လာ၍ သူခိုးကို ကားပေါ်တက်ခိုင်းသည်။ ကားပေါ် ရှိ တာဝန်ကျသောရဲသားကို ဆာဂျင်က အစီရင်ခံစာ၊ စာရွက်နှင့် ငွေခုနစ် ပေါင်၊ တွယ်ချိတ် အားလုံးပေးအပ်လိုက်သည်။ ကားထွက်သွားလျှင် ရဲဌာန ရှေ့ရှိ ကလေးတွေက သူခိုးကိုလိုက်အော်ကြသော်လည်း သူခိုးက ဂရုမစိုက် ချေ၊ ခေါင်းမော့မော့နှင့်ပင်။ အချုပ်ကားစီးရတာ ဂုဏ်ယူသကဲ့သို့ ပါသွား သည်။

အီမယ်သည် ဆာဂျင်နှင့် လက်ဆွဲနှုတ်ဆက်ပြီး ကျေးဇူးတင်စကား ပြောသည်။ ထို့နောက် အပြင်ထွက်ခဲ့၍ မိတ်ဆွေ ကလေးများကို ကိစ္စတော့ ပြီးပြီ၊ ရဲဌာနချုပ်လိုက်၍ ပိုက်ဆံယူရန်သာ ရှိတော့ကြောင်းပြောသည်။ ထို အခါ သူငယ်များသည် သိုးအုပ်ပမာ တစီတတန်းကြီး ထွက်သွားကြသည်။ စုံထောက်အဖွဲ့ အတွင်းလူများသာ အီမယ်နှင့်အတူ ဟိုတယ်သို့သွားပြီး တံခါးစောင့်ကြီးအား ပိုက်ဆံပြန်ပေးကာ မြေအောက်မီးရထားစီး၍ အလက် ဇန္ဒာ စကွဲယားသို့ သွားကြသည်။

"ဖိုးအင်္ဂါလေးဆီ ဖုန်းဆက်ကြပါဦးကွာ၊ ဖြစ်သမျှတွေ အကြောင်း ကြားပါဦး" ဟု အီမယ်က သတိပေးသည်။ ထို့နောက် ကျန်သူမိတ်ဆွေများ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ကြောင်းပြော၍ သူအိမ်မပြန်မီ၊ တစ်ခါတော့ တွေ့နိုင်ဦးမည်ထင်သည်ဟုပြော၍ "ပြီးတော့လည်း မင်းတို့ဆီက ယူထားတဲ့ ပိုက်ဆံလည်း ပြန်ပေးရဦးမှာ ရှိသေးတယ်" ဟု နိဂုံးချုပ်လိုက်သည်။

ထိုအခါ ဂူးစတပ်က "တို့ကို အဲဒီပိုက်ဆံများ ပြန်အချေးဆပ်လို့ ရှိရင် ချားကွာ၊ သိကြရောပေါ့၊ အံမယ်– ဒါထက် တို့မချရသေးဘူးနော်၊ မင်းရယ်စရာကောင်းတဲ့ ဝတ်စုံကြီးအတွက်လေ" ဟု ပြောသောအခါ အီမယ်က ဂူးစတပ်၏ လက်ကိုဆွဲကိုင်ကာ–

"ငါသိပ်ပျော်တယ်ကွာ၊ တို့မချတော့ပါဘူး၊ ထားလိုက်ပါတော့၊ ငါမင်းကို သိပ်ကျေးဇူးတင်နေတဲ့ဥစ္စာပဲ၊ မင်းကို ဘယ်ချရက်ပါ့မလဲ" ဟု ပြောသည်။

ဂူးစတပ်က "အံမာ– မင်းငါ့ကို ချချင်တောင် ချလို့မရပါဘူးကွ" ဟု ခပ်ကြွားကြွား ရယ်မောပြောလိုက်သည်။

အီမယ်၊ ဂူးစတပ်နှင့် ပရော်ဖက်ဆာတို့ သုံးဦးသားလည်း ရဲဌာနချုပ်သို့သွားရာ သူတို့ကို အဆောက်အအုံကြီးအတွင်း စင်္ကြံလမ်းရှည်ကြီးများကို ဖြတ်၍ ခေါ်သွားကြသည်။ လမ်းတွင် တံခါးပိတ်ထားသည့် အခန်းများစွာ တွေ့ရပြီးမှ ရာဇဝတ်မှုစုံစမ်းရေးတာဝန်ခံ ဆာဂျင်လဒ်ဝစ်၏ ရုံးခန်းသို့ ရောက်ခဲ့သည်။ ဆာဂျင်မှာ နေ့လယ်စာစားနေတုန်း သူတို့ရောက်လာကြသည်။

ဆာဂျင်သည် စားရင်းသောက်ရင်း ပလုပ်ပလောင်းနှင့် "အား အား အီမယ် စတုဘီး၊ အပျော်တမ်းစုံထောက် ဟုတ်လား၊ အခုပဲ မင်းအကြောင်း ဖုန်းနဲ့ သတင်းရတယ်၊ ရဲမှူးက မင်းနဲ့ တွေ့ချင်တယ်တဲ့၊ လာလိုက်ခဲ့" ဟု ပြောရာ အီမယ်က "ကျွန်တော့်နာမည် တစ်ရှာဘီးပါခင်ဗျာ" ဟု ဆာဂျင်မှားခေါ်သဖြင့် ပြင်ပေးလိုက်သည်။ ဆာဂျင်က "သြော်၊ ဟုတ်လား၊ အတူတူ ပါပဲကွာ၊ မထူးပါဘူး" ဟုပြောရင်း အသားသွတ်ပေါင်မုန့်ကို တစ်ကိုက် ကိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာက "ကဲ သွား သွား၊ တို့ ဒီကစောင့်နေမယ်" ဟု ပြောသည်။ ဂူးစတပ် "မင်းသိပ်မကြာစေနဲ့ကွာ၊ ငါဖြင့် လူများ အားရပါးရ စားသောက်နေတာ မြင်ရင် တယ် ဆာတယ်" ဟု မှာလိုက်သည်။

ဆာဂျင်လဒ်ဝစ်နှင့် အီမယ်သည် စကြံလမ်းအသွယ်သွယ် ထပ်လျှောက်ကြရပြန်သည်။ ဆာဂျင်က ဘယ်ဘက်ချိုးလိုက်ပြီးလျှင် ညာဘက်ချိုးလိုက်၊ ပြီးတစ်ခါ ဘယ်ဘက်ချိုးလိုက်နှင့် အီမယ်မှာ သူနှင့်အတူ လိုက်သွားရသည်။ နောက်ဆုံးကျမှ တံခါးတစ်ခုကို ခေါက်လိုက်ရာ အထဲက "ဝင်ခဲ့" ဟု ဆိုသဖြင့် ဆာဂျင်က တံခါးဘုကို လှည့်၍ဖွင့်သည်။ သူ့ပါးစပ်ကလည်း ဝါးလျက် စားလျက် "ယောဒီမှာ စုံထောက်ကလေး အီမယ် ဖစ်ရှဘီးပါခင်ဗျား၊ သူ့အကြောင်း သတင်းပို့ပြီးသားပါ" ဟုပြောသည်။ အီမယ်က "ကျွန်တော့်နာမည် တစ်ရှဘီးပါခင်ဗျာ" ဟု ထပ်ပြင်ပြောပြန်သည်။ ဆာဂျင်က "အေး နာမည်က နာမည်ကောင်းပဲကွ" ဟု ပြောပြောဆိုဆိုနှင့် အခန်းထဲတွန်းပို့လိုက်သည်။

ရဲမှူးမှာ သဘောကောင်းသည်။ အီမယ်ကို လက်တန်းနှင့် ကုလားထိုင်မှာ ကျကျနနထိုင်ခိုင်းပြီး ဖြစ်ပျက်သမျှ အစမှအဆုံးထိ သေသေချာချာ ပြန်ပြောစေသည်။ အီမယ် စကားဆုံးလျှင် ရဲမှူးက လှချွေကြီးနှင့် "ဒီလိုဆိုရင် မင်းငွေ ပြန်ပေးရမှာပေါ့" ဟု ပြောသည်။

အီမယ်သည် ငွေစက္ကူများကို အိတ်ထဲထည့်ကာ (သည်တစ်ခါတော့ သေသေချာချာထည့်သည်။) သက်ပြင်းသက်မချ၍ "ဘုရားသခင် ကျေးဇူးတော်ပါပဲ" ဟု ဆိုသည်။

ရဲမှူးက "အေး ဒီတစ်ခါ အခိုးမခံရစေနဲ့ဦး" ဟု သတိပေးလိုက်သည်။ အီမယ်က "မဖြစ်စေရပါဘူးခင်ဗျာ၊ တစ်ခါတည်း ဘွားဘွားဆီ ယူသွားတော့မှာပါ" ဟု ပြန်ပြောသည်။

"အေး အေး ကောင်းတယ်၊ မင်းဘွားဘွားတောင် ငါမေ့နေလိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလင် ဘယ်မှာနေသလဲဆိုတာ လိပ်စာပေးခဲ့ဦး၊ မင်းအဲဒီမှာ အတော်ကြာနေဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ၊ နေရဦးမယ်လို့ ထင်တာပဲ၊ လိပ်စာက အမှတ် ၁၅ ရှူးမင်းလမ်းပါ၊ ဟိန်းဘိုးက တစ်ဆင့်ခင်ဗျ၊ သူက ကျွန်တော့်ဦးလေးနဲ့ အဒေါ်နာမည်ပါ"

"မင်းတို့သူငယ်လေးတွေ တကယ့်ကိုတော်တာပဲ" ဟု ရဲမှူးက ဆေးပြင်းလိပ် တုတ်တုတ်ကြီးကို မီးညှိရင်းပြောသည်။

"ဟိုကောင်တွေက သိပ်ကို တော်တာပါပဲခင်ဗျာ၊ အံ့သြစရာပါပဲ၊ ငှးစတပ်ရယ်၊ ဟို မော်တော်ဟွန်းနဲ့ကောင်ပေါ့၊ ပရော်ဖက်ဆာရယ်၊ ဖိုးအင်္ဂါလေးရယ်၊ ကရမ်းရယ်၊ မစ်တလားတို့ညီအစ်ကို၊ ပြီးတော့ ကျွန်တော့်လူတွေ အားလုံးပါပဲ၊ တော်ကြတယ်၊ ပရော်ဖက်ဆာကဆိုရင် အစီအစဉ် သိပ်လုပ်တတ်တာပဲ"

"မင်းလည်း ဒီအထဲမှာ မဆိုးလှပါဘူး" ဟု ရဲမှူးက ဆေးလိပ်ဖွာရင်းပြောပြန်သည်။

"ဒါထက် တစ်ခုမေးပါရစေခင်ဗျာ၊ ဟိုလူကြီးလေ၊ ဂရမ်းဒစ်လားဘာလား၊ သူ့နာမည်ဘယ်သူပဲဖြစ်ဖြစ်ပေါ့၊ သူကောဘာဖြစ်မှာလဲ"

"အဲဒီလူကြီးကို သူဘယ်သူဆိုတာ သိအောင်စုံစမ်းတဲ့ဆီခေါ်သွားမယ်၊ သူ့ကို ဓာတ်ပုံရိုက်၊ လက်မပုံစံယူမယ်၊ ပြီးတော့ လူဆိုးစာရင်းထဲမှာ ပြန်ကြည့်ရမယ်"

"လူဆိုးစာရင်းဆိုတာ ဘာလဲခင်ဗျား"

"ဪ လူဆိုးစာရင်းဆိုတာ ပြစ်မှုနဲ့ထောင်ကျဖူးတဲ့သူတွေ အားလုံးမှတ်သားထားတာပေါ့၊ လက်ပုံစံတွေ၊ ခြေပုံစံတွေအားလုံးရှိတယ်၊ ပြီးတော့လည်း ပြစ်မှုလုပ်ပြီး မမိသေးတဲ့လူတွေလည်း ရှိသေးတယ်။ မင်းပိုက်ဆံခိုးတဲ့သူဆိုရင် အရင် အထက်ထက်ကလည်း ပြစ်မှုကျူးလွန်ဖူးသူ၊ တိုက်ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သူ ဖြစ်ချင်ဖြစ်မှာ”

“ဟင် ဒီလိုတစ်ခါမှ ကျွန်တော် မစဉ်းစားမိဘူး” ထိုအခိုက် တယ်လီဖုန်းသံမြည်လေရာ ရဲမှူးက “ခဏနော်” ဟု ယဉ်ယဉ်ကျေးကျေးပြောပြီး ဖုန်းနားထောင်သည်။ “ဟုတ်ကဲ့၊ မင်းတို့စိတ်ဝင်စားမယ့်ကိစ္စတစ်ခု ဒီမှာရှိတယ်၊ ငါ့ရုံးခန်းကို လာခဲ့ကြလေ” ဟု ပြောကာ ဖုန်းကိုပြန်ချလိုက်ပြီး အီမယ်ဘက် လှည့်ကာ “သတင်းစာတိုက်က လူတွေက မင်းနဲ့တွေ့ချင်လို့တဲ့” ဟုပြောလိုက်သည်။

အီမယ်က “ဟင် ဘုရားသခင် ကျေးဇူးတော်၊ ဘယ်လိုဖြစ်တာလဲ” ဟု မေးသည်။ “သူတို့တွေက မင်းကိုမေးခွန်းတွေ အများကြီးမေးမှာပေါ့ကွာ”

“ဒီလိုဆိုရင် ကျွန်တော့်နာမည် သတင်းစာတွေထဲမှာ ပါဦးမှာလား”



ရဲမှူးရှေ့မှ အီမယ်နှင့် သတင်းစာဆရာများ

www.burmeseclassic.com

www.burmeseclassic.com



"ပါမှာပေါ့ကွာ၊ ကျောင်းသားလေးတစ်ယောက်က သူခိုးဖမ်းပေးတယ်ဆိုတော့ သတင်းကြီးဖြစ်သွားတာပဲဟာ" ဟု ရဲမှူးကပြောနေစဉ် တံခါးခေါက်သံကြား၍ လူကြီးလေးယောက် ဝင်လာသည်။

သူတို့သည် ရဲမှူးနှင့်လက်ဆွဲနှုတ်ဆက်ကြသည်။ ရဲမှူးက ဖြစ်ပျက်သမျှ အတိုချုပ်ပြောပြရာ သူတို့က စာအုပ်ထဲတွင် ရေးမှတ်ကြသည်။

သတင်းထောက်တစ်ယောက်က "ဟင် တကယ့်သတင်းကြီးပဲ၊ တောသားလေး စုံထောက်လုပ်ခြင်းပေါ့" ဟု ပြောသည်။

တစ်ယောက်က "ခင်ဗျားတို့ရဲအဖွဲ့က သူ့ကိုအရပ်သားစုံထောက်ခန့်ဘူးလား" ဟု ရယ်မောကာ မေးလိုက်သည်။

အခြားတစ်ယောက်က "ဘာပြုလို့ ချက်ချင်း ရဲဆီသွားပြီး မတိုင်တာလဲ" ဟု မေးလိုက်ရာ အိမယ်မှာ သူမြို့ရှိ ဆာဂျင်ဂျက်ကေးနှင့် အိပ်မက်ထဲက အကြောင်းတွေ ပြန်သတိရကာ ကြောက်လာသည်။

ရဲမှူးက "ကဲ ပြောလေ" ဟု ထောက်ပေးသည်။ အိမယ်သည် ဖြစ်ချင်ရာ ဖြစ်စေတော့ဟု ဖွင့်ပြောတော့သည်။ "နျူးစဒပ်မှာရှိတဲ့ မြို့စားကြီးဘာ့ကဲရပ်ရဲ့ နှာခေါင်းကို အနီဆေးဆိုးပြီး နှုတ်ခမ်းမွေးတားမိတယ်၊ ဒီတော့ ကျွန်တော့်ကို ဖမ်းကြပေတော့"

ရဲမှူးနှင့်တကွ သတင်းထောက်များသည် အိမယ်ထင်သလို သူ့အား ချက်နှာထိ မျက်နှာထားနှင့် ဆိုပြောခြင်းမပြုကြဘဲ တဟားဟားနှင့် ရယ်မောကြလေတော့သည်။ ရဲမှူးက "ဟာ ဘာယ်ဖြစ်ပါ့မလဲကွ၊ တို့တိုင်းပြည်ရဲ့ စုံထောက်ကောင်းတွေ လိုက်ဖမ်းနေလို့ ခက်ရောပေါ့" ဟုပြောလိုက်ရာ အိမယ်မှာ သက်သာရာရသွားကာ "အိုး- တကယ်လား တော်ပါသေးရဲ့" ဟု သက်ပြင်းချလိုက်ပြီး သတင်းထောက်တစ်ယောက်ဘက်သို့လှည့်ကာ "ကျွန်တော့်ကို မမှတ်မိဘူးလား" ဟု မေးလိုက်သည်။

"ဟင့်အင်း မမှတ်မိဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က နံပါတ် ၁၇၇ ခတ်ရထားပေါ်မှာလေ၊ ကျွန်တော့်ကို လက်မှတ်ဝယ်ပေးတာလေ"

"အေး ဟုတ်သားပဲ၊ မင်းက ငါ့လိပ်စာတောင် တောင်းသေးတာပဲ၊ ပိုက်ဆံပြန်ပေးချင်လို့တဲ့"

"ဟုတ်ကဲ့၊ အခု ပြန်ပေးနိုင်ပါပြီ" ဟု ပြောပြောဆိုဆိုနှင့် အီမယ်သည် အိတ်ထဲက ပိုက်ဆံပဲနီစေ့များကို ထုတ်၍ "အခုပဲ ပြန်ပေးပါရစေခင်ဗျာ" ဟု ပြောသည်။

"ဟင့်အင်း မပေးနဲ့ မပေးနဲ့၊ အဲဒီတုန်းက မင်းနာမည်တောင်ပြော သေးတယ် မဟုတ်လား"

"ဟုတ်ကဲ့လေ အီမယ်တစ်ရှဘီး"

"ငါ့နာမည်က ကတ်စတနားတဲ့" ဟု ပြော၍ နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်ကြသည်။

ရဲမှူးက "ဟင် မိတ်ဆွေဟောင်းတွေ ပြန်တွေ့နေကြတာပါလား" ဟု ပြောလိုက်သည်။

မစ္စတာ ကတ်စတနားက "ဒါဖြင့် အီမယ် ခုအပြန်လမ်းမှာ ဆိုင်တစ်ဆိုင်ဝင်ပြီး မလိုင်ကိတ်မုန့်လေး ဘာလေးစားကြရအောင်" ဟုခေါ်ရာ အီမယ်က "ဟုတ်ကဲ့၊ ခင်ဗျားကို ကျွေးပါရစေနော်" ဟု ပြန်ပြောလေသည်။ အခြား သတင်းစာဆရာများက သဘောကျ၍ ရယ်မောကြသည်။

"ကိုယ့်အားကိုယ်ကိုးတဲ့ သူငယ်လေးပဲ" ဟု ပြောကြသည်။

မစ္စတာ ကတ်စတနားက "ဒီတစ်ခါတော့ ငါကျွေးပါမယ်ကွာ" ဟု ပြောရာ အီမယ်ကပြုံး၍ "ကျေးဇူးပါပဲခင်ဗျာ၊ ဒါပေမဲ့ အပြင်မှာ ပရော်ဖက်ဆာနဲ့ ပူးစတပ်တို့က စောင့်နေကြတယ်" ဟု ပြန်ပြောသည်။

မစ္စတာကတ်စတနားက "သူတို့လည်း ခေါ်ပေါ့ကွာ" ဟုပြောသည်။ အခြားသတင်းထောက်များက အီမယ်ကိုမေးမြန်းကြပြီး စာအုပ်ထဲ

www.burmeseclassic.com



မှတ်ကြသည်။ ထိုသူခိုးသည် ဤတစ်ကြိမ်သာ အပြစ်ကျူးလွန်ဖူးသူဟု ထင်ပါသလားဟု သတင်းထောက်တစ်ယောက်က ရဲမှူးကို မေးသည်။

ရဲမှူးက ပြန်ဖြေသည်။ "အင်း ငါတော့မထင်ဘူး၊ မင်းတို့ငါတို့အတွက် အံ့ဩစရာ သတင်းကြီးတစ်ခု ရှိချင်ရှိလိမ့်မယ်၊ နောက်တစ်နာရီလောက် နေရင် ငါ့ဆီ ဖုန်းဆက်မေးကြပေါ့"

သူတို့အားလုံး နှုတ်ဆက်ပြီးလျှင် အီမယ်နှင့် မစ္စတာ ကတ်စတနားတို့ ဆာဂျင်လဒ်ဝစ်၏ရုံးခန်းသို့ ပြန်လာကြသည်။ ဆာဂျင်မှာ အစာစားနေတုန်းပင်ဖြစ်၍ ရယ်ရယ်မောမောနှင့်ပင် "ဟင်- ပြန်လိုက်လာပြန်ပြီလားကွာ၊ အပ်ဗားဘီး သူငယ်လေး" ဟုဆီးနှုတ်ဆက်သည်။ အီမယ်က တစ်ဖန်ထပ်၍ "တစ်ရှဘီး ပါခင်ဗျာ" ဟု ပြင်ပြောရပြန်သည်။

အီမယ်နှင့် မစ္စတာ ကတ်စတနားတို့သည် ပရော်ဖက်ဆာနှင့် ဂူးစတပ်ကို ခေါ်ခဲ့ပြီး မစ္စတာ ကတ်စတနား၏ကားနှင့် အစားအသောက်ဆိုင်သို့ လာခဲ့ကြသည်။ လမ်းတွင် ဂူးစတပ်က မော်တော်ဟွန်းတွတ်လိုက်ရာ မစ္စတာ ကတ်စတနား လန့်၍ခုန်သည်ကို သဘောကျနေကြသည်။ အစားအသောက်ဆိုင်မှာ ပထမတန်းစားဖြစ်၍ ချယ်ရီသီးမုန့်နှင့် မလိုင်များ စားကြရင်း မစ္စတာ ကတ်စတနားကို သူတို့အဖြစ်အပျက်အားလုံး ပြန်ပြောပြကြသည်။ နစ်ကိုလစကွဲယားထဲတွင် လူစုစည်းဝေးကြပုံ၊ တက္ကစီနှင့် သူခိုးလိုက်ရပုံ၊ ဂူးစတပ် ဓာတ်လှေကားမောင်းသည့် ကောင်လေးယောင်ဆောင်၍ ညဘက် ဟိုတယ်မှာ လိုက်ချောင်းပုံ၊ ဘဏ်တိုက်ထဲတွင် ရုန်းရင်းဆန်ခတ် ဖြစ်ပုံများကို စီကာပတ်ကုံး ပြောပြကြသည်။

မစ္စတာ ကတ်စတနားက "မင်းတို့ သိပ်တော်တဲ့ကောင်တွေပဲကွာ" ဟု ပြောရာ သူတို့တွေ အတော်ပင် သဘောတွေ့သွားပြီး ချယ်ရီသီးမုန့်တွေ ထပ်မှာပြီး စားကြပြန်လေသည်။

သူတို့လူစုခွဲ၍ ဂူးစတပ်နှင့် ပရော်ဖက်ဆာက အိမ်ကို ဘတ်စ်နှင့်ပြန်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အီမယ်က မစ္စတာကတ်စတနားနှင့်အတူ သူ့ရုံးအလုပ်ဌာန သတင်းစာတိုက်သို့ လိုက်လာသည်။

သတင်းစာတိုက် အဆောက်အအုံမှာ ရဲဌာနချုပ်လောက်ပင် ကြီးမား၍ ရဲဌာနချုပ်ထက်ပင် လူတွေ အလွန်အလုပ်ရှုပ်နေကြသည်။ တိုက်အတွင်း စင်္ကြံလမ်းပေါ်တွင် လူတွေသွားနေကြပုံမှာ အပြေးပြိုင်နေကြသည်နှင့် တူသည်။ သူတို့နှစ်ဦးသား ရုံးခန်းတွင်းသို့ဝင်သွားရာ ဆံပင်အရောင်နုနုနှင့် မိန်းမချောကလေးတစ်ဦး စားပွဲတွင်ထိုင်နေသည်ကို တွေ့ရသည်။ မစ္စတာကတ်စတနားသည် အီမယ်၏အဖြစ်အပျက်များကို နှုတ်တိုက်ပြော၍ မိန်းမချောလေးက တစ်ခါတည်း လက်နှိပ်စက်နှင့် ရိုက်သည်။

မစ္စတာကတ်စတနားသည် အခန်းထဲမှာ လမ်းလျှောက်ရင်း နှုတ်က ပြောသည်။ တစ်ခါတစ်ခါ အီမယ်ဘက်သို့လှည့်၍ "ဟုတ်ရဲ့လား" ဟု မေးသည်။

အီမယ်က ခေါင်းညိတ်လိုက်လျှင် မိန်းကလေးကဆက်၍ လက်နှိပ်စက်နှင့် ရိုက်သည်။

ထို့နောက် မစ္စတာကတ်စတနားက ရဲမှူးထံဖုန်းဆက်ပြီး "ဘာ- ဟုတ်လား၊ ဒါဖြင့် သိပ်ဟန်တာပေါ့၊ မပြောပါဘူး စိတ်ချပါ၊ ကျေးဇူးတင်ပါတယ်၊ သိပ်ကောင်းတဲ့သတင်းဘဲ" ဟု ပြောသံသာ အီမယ်ကြားရသည်။ မစ္စတာကတ်စတနားသည် ဖုန်းကိုချလိုက်ပြီး အီမယ်ကို မမြင်ဖူးသူကို ကြည့်သလို စိမ်းစိမ်းကြီးကြည့်နေသည်။

ပြီးလျှင် "အီမယ် ခင်းကို ဓာတ်ပုံရိုက်ယူရဦးမယ်၊ လာ မြန်မြန်" ဟု ခေါ်လေရာ အီမယ်မှာအံ့ဩ၍ "ဟင် ဘာလုပ်ဖို့လဲ" ဟုမေးရင်းပင် သူ့နောက်က လိုက်သွားရတော့သည်။ ဓာတ်လှေကားနှင့် သုံးထပ်မျှကျော်တက်ပြီး ပြတင်းပေါက်ကြီးအကျယ်ကြီးတွေ တပ်ထား၍ မီးတွေ ထိန်ထိန်းနေသည့် အခန်းထဲသို့ ဝင်သွားရသည်။ အီမယ်သည် ဆံပင်လှေချား သပ်ရပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com




ဓာတ်ပုံရိုက်ခဲ့သည်။

ထို့နောက် စာစီခန်းသို့ သွားကြသည်။ စာစီခန်းထဲတွင် လက်နှိပ်စက်တော့ တစ်ထောင်လောက် တစ်ခါတည်းရိုက်နေသလို ဆူညံနေသည်။ မစ္စတာ ကတ်စတနားက မိန်းမချောလေး လက်နှိပ်စက်ရိုက်ထားသည့် စာရွက်များကို လူတစ်ယောက်အား ပေးလိုက်သည်။

"ဒီသတင်း အရေးကြီးတယ်၊ ပြီးတော့ ငါပြန်လာပြီး ပြောပြဦးမယ်၊ အခု ဒီသူငယ်ကို သူ့ဘွားဘွားဆီ ပြန်လိုက်ပို့ဦးမယ်" ဟု ပြောထားခဲ့သည်။

ထို့နောက် သူတို့ဓာတ်လှေကားနှင့် ဆင်းလာခဲ့ပြီး မြေပြင်ထပ်သို့



မစ္စတာ ကတ်စတနား၏ သတင်းစာတိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ လမ်းပေါ်သို့ ထွက်လာကြ၍ မစ္စတာကာတ်စတနားက တက္ကစီတစ်စီးခေါ်ပြီး အီမယ်ကို တက်ခိုင်းကာ ကားသမားအား "ဒီသူငယ်ကို အမှတ် ၁၅– ရှူးမင်းလမ်းကို မြန်မြန်သွားပို့ပေးပါ" ဟုပြော၍ ပိုက်ဆံပါ တစ်ခါတည်း ပေးလိုက်သည်။ ကားခပိုက်ဆံပေးလိုက်သည်ကို အီမယ်စိတ် ထဲက သဘောမကျချေ။

အီမယ်ကို မစ္စတာကာတ်စတနားသည် လက်ဆွဲနှုတ်ဆက်ပြီး "ကဲ အိမ်ရောက်ရင် မင်းအမေကိုလည်း နှုတ်ဆက်လိုက်ပါကွာ၊ ခင်မင်စရာကောင်း တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်မှာဘဲ" ဟု မစ္စတာကာတ်စတနားက ပြော လိုက်သေးသည်။ အီမယ်က "ဟုတ်ပါတယ်၊ ကျွန်တော့်အမေက သိပ်ခင်မင် စရာ ကောင်းပါတယ်" ဟု ပြန်ပြောသည်။ ထို့နောက် မစ္စတာကာတ်စတနား က ကားထွက်ခါနီး ထပ်မှာလိုက်သေးသည်။

"ဒီညနေ သတင်းစာဖတ်ဖြစ်အောင် ဖတ်ဟေ့၊ မင်းအဖို့ သတင်းထူး အံ့ဩစရာတွေ့လိမ့်မယ်"

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

## အီမယ်သုံးစရာ ငွေရခြင်း

တက္ကစီကားသည် ဘာလင်မြို့လမ်းမတော်ကြီးပေါ်တွင် မောင်းလာနေစဉ် အီမယ်က ကားမောင်းသူနှင့် ကြားကာထားသော မှန်ကို သုံးခါခေါက်လိုက်သည်။ ကားမောင်းသူကို "ရောက်လုပြီလား" ဟု မေးရာ ကားမောင်းသူက "ရောက်လုပြီ" ဟု ပြန်ပြောသည်။ အီမယ်က "ခင်ဗျား ဒုက္ခပေးရတာတော့ စိတ်မကောင်းပါဘူးဗျာ၊ ဒါပေမဲ့ ခုမှသတိရတယ်၊ ကိုင်ဇာရိပ်သာလမ်းက အစားအသောက်ဆိုင်မှာ ကျွန်တော့်သားရေသေတ္တာနဲ့ ပန်းစည်းခပ်ထားတာ ပြန်ယူချင်လို့ပါ၊ အဲဒီကို အရင်မောင်းပို့ပါလား"

"ဒါတော့ မင်းမှာ ပိုက်ဆံဘယ်လောက်ပါသလဲ၊ ဟိုလူကြီးမေးလိုက်တာနဲ့ မလောက်ရင် မင်းထပ်ပေးနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



"ပေးနိုင်ပါတယ်ဗျာ၊ ပိုက်ဆံတွေအများကြီးရှိပါတယ်၊ ဟိုပန်းစည်းကို ပြန်ယူမှဖြစ်မှာမို့ပါ"

"ဒါဖြင့် ကောင်းပြီ" ဟု ကားမောင်းသမားက ပြောပြီး ကားကိုလှည့်ကာ နော်လင်ဒေါ့စကွဲယားဘက်သို့မောင်းသည်။ ခုအချိန် အစစ အေးချမ်းသွားပြီဖြစ်၍ တစ်ခါက သူတို့ စုဝေးတိုင်ပင်လုပ်ကိုင်ခဲ့ကြသည့် စကွဲယားကြီးမှာ ဘေးရန်မရှိ၊ နှစ်သက်ကြည်နူးစရာ ကောင်းနေသည်။ အီမယ်မှာ သူ့အိတ်ထဲက ပိုက်ဆံကို စိတ်မချနိုင်၊ စမ်းကြည့်နေမိသေးသည်။ မောဇလမ်း အစားအသောက်ဆိုင်သို့ ရောက်လျှင် အီမယ်ဝင်သွားပြီး ကောင်တာမှာထိုင်သည့် မိန်းကလေးထံတွင် အပ်ထားသည့်ပန်းစည်းနှင့် သားရေသေတ္တာ ပြန်တောင်းသည်။ ရလျှင် တက္ကစီကားထဲသို့ပြန်ဝင်ပြီး သူ့ဘွားဘွားနေအိမ်ကို မောင်းနိုင်းသည်။

တက္ကစီသည် တစ်ဖန် လာလမ်းကို ပြန်မောင်းသည်။ စပရီးမြစ်ကို ကျော်လွန်ပြီး လမ်းဟောင်းများကို ဖြတ်မောင်းရာ အိမ်အိုတိုက်အိုကြီးများကိုလည်း တွေ့မြင်ရသည်။ အီမယ်သည် သူကြည့်ချင်သလို ကောင်းကောင်းမကြည့်ရချေ။ သူ့သားရေသေတ္တာက ခဏခဏ လျှောကျနေသည်။ ပြတင်းပေါက်က လေတိုက်သဖြင့် ပန်းစည်းကို ထုတ်ပတ်ထားသည့် စက္ကူများမှာ လေထဲတွင် လွင့်သွားသဖြင့် ပန်းတွေအားလုံး လေထဲပါသွားမည်လားဟု စိုးရိမ်နေရသည်။

တက္ကစီကားသည် အမှတ် ၁၅၊ ရှူးမင်းလမ်းတွင် ထိုးရပ်လိုက်သည်။ အီမယ်က ကားခ ဘယ်လိုလဲဟု မေးရာ ကားသမားက ခြောက်ပဲနီတောင် ပိုသေးတယ်ဟု ပြောသည်။ အီမယ်က ခမ်းကြီးနားကြီးနှင့် "ယူလိုက်ပါတော့ဗျာ၊ ဆေးလိပ်ဖိုးပေါ့" ဟု ပြောလိုက်ရာ ကားသမားက "ကျေးဇူးပဲပါ၊ ငါ ဆေးလိပ်တော့မသောက်ဘူး၊ ဆေးငုံတယ်" ဟု ပြောပြီး ကားမောင်းထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမယ်၏ဆွေမျိုးများမှာ အပေါ်ထပ်ဆုံး တိုက်ခန်းတွင် နေကြသည်ဖြစ်၍ သုံးထပ်အထိတက်ရသည်။ တံခါးခေါင်းလောင်းနှိပ်လိုက်လျှင် စကားသံတွေ ဆူညံအောင်ကြားရပြီး တံခါးပွင့်လာသည်။ ဘွားဘွားကို မတ်တတ်ရပ်လျက် တွေ့ရသည်။ ဘွားဘွားသည် အိမယ်ကို ပခုံးကနေဆွဲတဲ့ပြီး ပါးတစ်ဖက်ကိုနမ်း၊ တစ်ဖက်ကို ချစ်စနိုးနှင့် ပုတ်လိုက်သည်။ "ကဲ ချွေးကောင်လေး မှတ်ပလား"

ထို့နောက် ဒေါ်ဒေါ်မာသာရောက်လာပြီး "အေး အေး မင်းအကြောင်းတွေ ကြားရတာ စုံရော စုံရော" ဟု ပြောသည်။

ပိုနီသည် သူ့အမေ အိမ်တွင်းအလုပ်လုပ်ရာတွင် အပေါ်ကဝတ်သောအဝတ်စကို ခါးပတ်လျက်သား မီးဖိုထဲကထွက်လာသည်။ သူများလို နှုတ်ဆက်ရန် လက်လှမ်းမပေးဘဲ သူ့တံတောင်ဆစ်ကို လှမ်းပေးသည်။

"ငါ့လက်တွေ ရေစိုနေလို့ သွားမကိုင်နဲ့ဦး၊ ငါ အခုပန်းကန်တွေ ဆေးနေရတယ်၊ မိန်းမတွေများ ဒီလိုပဲ အိမ်အလုပ်ဆိုတာ ပြီးနိုင်တယ်ကိုမရှိဘူး" ဟု ခရီးဦးကြိုပြောသည်။

သူတို့အားလုံး ဧည့်ခန်းထဲသွားကြပြီး အိမယ်ကို ဆိုဖာပေါ်မှာထိုင်ခိုင်းကာ သူ့ဘွားဘွားနှင့်ဒေါ်ဒေါ်တို့က သူ့ကို ပြတိုက်ထဲက ဆီဆေးပန်းချီကားတစ်ချပ်ကိုကြည့်သလိုကြည့်နေကြသည်။ ပိုနီက "ပိုက်ဆံပြန်ရရဲ့လား" ဟု အရေးတကြီးမေးရာ အိမယ်က "ရတာပေါ့" ဟုပြော၍ အိတ်ထဲကထုတ်ယူပြီး ငါးပေါင်တန် တစ်ချပ်၊ တစ်ပေါင်တန်တစ်ချပ်ကို ဘွားဘွားလက်ထဲ ထည့်လိုက်သည်။ "ဒီမှာ ဘွားဘွား၊ အဲဒါမေမေက အချစ်များများနဲ့ ပေးလိုက်ပါတယ်၊ အခု လတွေအတွင်းမှာ ငွေမပို့နိုင်တာ စိတ်မဆိုးပါနဲ့တဲ့၊ အလုပ်က ပါးလို့ပါတဲ့၊ အခုလည်း ကာမိအောင် နည်းနည်း ပိုပေးလိုက်ပါတယ်တဲ့" ဟု အမေ မှာလိုက်သည့်အတိုင်း ပြောသည်။

ဘွားဘွားက "ကျေးဇူးပါပဲကွာ၊ ကဲ မင်းစုံထောက်ကောင်းလို့ ဟောဒါ

www.burmeseclassic.com



ဒေါ်ဒေါ်မာသာက ပြောလိုက်သည်။

"ကဲ ညစာစားကြမယ်၊ မင်းဦးလေးက မိုးချုပ်မှလာမှာ၊ ကဲ ပိုနီရေ၊ အသုပ်ခွဲခင်းဟေ့"

"ဟုတ်ကဲ့၊ ဟေ့ အိမယ်၊ ဒီည ဘာစားရမှာလဲ မှန်းကြည့်စမ်း"

"မှန်းတတ်ပါဘူးကွာ"

"ကဲ ဒါဖြင့် မင်းဘာအကြိုက်ဆုံးလဲ"

"ငါအကြိုက်ဆုံးကတော့ မာကာရိုနီရယ်၊ ဒိန်ခဲရယ်၊ ဝက်ပေါင်ရယ်ပဲ"

"အေး၊ ဒီည အဲဒါချက်ထားတာပေါ့"

ယမန်နေ့ကပင် ညစာကို အိမယ် သည်အတိုင်းစားခဲ့ရသည်။ သို့သော် ထိုမျှလောက် အချိန်အတွင်း ဖြစ်ပျက်ခဲ့ရသည့်အကြောင်းများကြောင့် သူ့အမေနှင့် ဈေးစဒပ်တွင် အတူစားခဲ့သည်မှာ တစ်ပတ်မျှကြာသွားသကဲ့သို့ ထင်မိသည်။ အမှန်မှာ မာကာရိုနီနှင့် ဒိန်ခဲနှင့် ဝက်ပေါင်ဆိုလျှင် နေ့တိုင်း ဆက်ဆက် တစ်ပတ်လုံးပင် စားရ စားရ အိမယ်ကြိုက်သည်။ သို့ကြောင့်ပင် အိမယ် အားရပါးရထိုင်စားလိုက်သည်မှာ သုံးမည်ရ မစ္စတာဂရမ်းဒီး၊ မူလား၊ ကြီးစလင်း စားသည်နှင့်ပင် တူသေးတော့သည်။

စားသောက်ပြီးလျှင် အိမယ်နှင့် ပိုနီတို့သည် လမ်းပေါ်သွားကြပြီး ပိုနီ၏စက်ဘီးကို စီးကြည့်ကြသည်။ ဘွားဘွားကလည်း ဆိုဖာပေါ်မှာ လဲလျောင်းနားနေသည်။ ဒေါ်ဒေါ်မာသာက မီးဖိုထဲဝင်၍ သူ၏နာမည်ကြီး သစ်တော်သီးကိတ်မုန့်များ ဖုတ်နေသည်။

အိမယ်သည် ရှူးမင်းလမ်း ခေါက်တုံ့ခေါက်ပြန် စက်ဘီးစီးရာ သူ့ကို ထိမ့်ကျမည်စိုး၍ နောက်ကကိုင်ပေးကာ ပြေးလိုက်ရသည်။ ထို့နောက် ပိုနီက စက်ဘီးနှင့် နံပါတ်ရှစ်ပုံ၊ သုံးပုံတွေပေါ်အောင် ဝိုင်းကာပတ်ကာစီးသည်ကို အိမယ်က ကြည့်နေသည်။

ထိုအခိုက် ရဲသားတစ်ယောက် သူတို့ဆီလာ၍ "ဟေ့- ဟိုကောင်းမိသား

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်မာသာက ပြောလိုက်သည်။

"ကဲ ညစာစားကြမယ်၊ မင်းဦးလေးက မိုးချုပ်မှလာမှာ၊ ကဲ ပိုနီရေ၊ အပွဲခင်းပေါ့"

"ဟုတ်ကဲ့၊ ပေါ့ အီမယ်၊ ဒီည ဘာစားရမှာလဲ မှန်းကြည့်စမ်း"

"မှန်းတတ်ပါဘူးကွာ"

"ကဲ ဒါဖြင့် မင်းဘာအကြိုက်ဆုံးလဲ"

"ငါအကြိုက်ဆုံးကတော့ မာကရိုနီရယ်၊ ဒိန်ခဲရယ်၊ ဝက်ပေါင်ရယ်ပဲ"

"အေး၊ ဒီည အဲဒါချက်ထားတာပေါ့"

ယမန်နေ့ကပင် ညစာကို အီမယ် သည်အတိုင်းစားခဲ့ရသည်။ သို့သော် ဆိုမှုလောက် အချိန်အတွင်း ဖြစ်ပျက်ခဲ့ရသည့်အကြောင်းများကြောင့် သူ့ အမေနှင့် ဈေးစဒပ်တွင် အတူစားခဲ့သည်မှာ တစ်ပတ်မျှကြာသွားသကဲ့သို့ ထင်မိသည်။ အမှန်မှာ မာကရိုနီနှင့် ဒိန်ခဲနှင့် ဝက်ပေါင်ဆိုလျှင် နေ့တိုင်း ဆက်ဆက် တစ်ပတ်လုံးပင် စားရ စားရ အီမယ်ကြိုက်သည်။ သို့ကြောင့်ပင် အီမယ် အားရပါးရထိုင်စားလိုက်သည်မှာ သုံးမည်ရ မစ္စတာဂရမ်းဒီး၊ မူလား၊ ကြီးစလင်း စားသည်နှင့်ပင် တူသေးတော့သည်။

စားသောက်ပြီးလျှင် အီမယ်နှင့် ပိုနီတို့သည် လမ်းပေါ်သွားကြပြီး ပိုနီ ၏စက်ဘီးကို စီးကြည့်ကြသည်။ ဘွားဘွားကလည်း ဆိုဖာပေါ်မှာ လဲ လျောင်းနားနေသည်။ ဒေါ်ဒေါ်မာသာက မီးဖိုထဲဝင်၍ သူ၏နာမည်ကြီး သစ် တော်သီးကိတ်မုန့်များ ဖုတ်နေသည်။

အီမယ်သည် ရှုမင်းလမ်း ခေါက်တုံ့ခေါက်ပြန် စက်ဘီးစီးရာ သူ့ကို ထိမ့်ကျမည်စိုး၍ နောက်ကကိုင်ပေးကာ ပြေးလိုက်ရသည်။ ထို့နောက် ပိုနီက စက်ဘီးနှင့် နံပါတ်ရှစ်ပုံ၊ သုံးပုံတွေပေါ်အောင် ဝိုင်းကာပတ်ကာစီးသည်ကို အီမယ်က ကြည့်နေသည်။

ထိုအခိုက် ရဲသားတစ်ယောက် သူတို့ဆီလာ၍ "ပေါ့- ဟိုင်းဘိုးမိသား

www.burmeseclassic.com

www.burmeseclassic.com



နေ နေတဲ့တိုက်ခန်း မင်းတို့သိလား၊ နံပါတ် (၁၅)ဆိုတာ ဒါလား" ဟု မေးရာ ပိုနီက "ဟုတ်တယ်၊ ဒါပဲ၊ ကျွန်မ ပိုနီဟိန်းဘိုးပဲ၊ ခဏစောင့်ပါ၊ ကျွန်မလိုက်ပြ မယ်" ဟု ပြောပြီး သူ့စက်ဘီးကို သိမ်းထားရန် မြေအောက်တိုက်ခန်းဆီသို့ တွန်းသွားသည်။

အီမယ်မှာ ဆာကျင်ဂျက်ကေးအတွက် စိတ်က မအေးသေးသဖြင့် "ဘာ တွေ ဖြစ်ပြန်လို့လဲ" ဟု မေးရာ ရဲသားက "ဘာတွေမှ မဖြစ်ပါဘူး၊ ဒါထက် မင်းများလား အီမယ်တစ်ရှဘီးဆိုတာ" ဟု ပြန်မေးသည်။

အီမယ်က ခေါင်းညိတ်သည်။ ရဲသားက "ဒါဖြင့် မင်းကိုချီးကျူးဂုဏ် ပြုရမှာပေါ့ကွာ" ဟု ပြောနေသည်ကို ပိုနီပြန်လာ၍ ကြားသဖြင့် "ဘာလို့ ချီးကျူး ဂုဏ်ပြုရမှာလဲ" ဟု မေးသည်။

ရဲသားသည် ဘာမှမပြောသေးဘဲ အပေါ်သုံးထပ်ကိုသာ သူတို့နှင့် အတူ တက်လိုက်လာသည်။ ဒေါ်ဒေါ်မာသာက တံခါးဖွင့်ပေး၍ ဧည့်ခန်းထဲ မှာ ထိုင်ခိုင်းသည်။ ဘွားဘွားလည်း တစ်ရေးရ၍နိုးပြီးထထိုင်ကာ ဘာများပါ လိမ့်ဟု သိချင်ဇောနှင့်စောင့်နေသည်။ ပိုနီနှင့် အီမယ်တို့မှာလည်း မတ်တတ် ရပ်ကာ သိချင် ကြားချင်လှပြီ၊ ရဲသားက ပြောပြသည်မှာ–

"ဒီလိုပါခင်ဗျာ၊ ဒီမနက် အီမယ်တို့လိုက်လို့ မိတဲ့ သူခိုးက အရင်လထဲ က ဟင်နီဗာမြို့မှာ ဘဏ်ဝင် ဓားပြတိုက်သွားတဲ့ လူပဲဆိုတာ စုံစမ်းသိကြရ ပါတယ်။ ကျွန်တော်တို့ရဲက သူ့ကို လိုက်ရှာနေတာကြာပါပြီ၊ အခု သူ့အကျီ အိတ်ထဲမှာ ချုပ်ထည့်ထားတဲ့ ငွေစက္ကူတွေအားလုံး ရာတန်တွေပဲ၊ တစ်ခါ တည်းတွေ့လို့ သူ့ပြစ်မှုကို အားလုံးဝန်ခံချက်ပေးပြီးပါပြီ"

"ဗျူး" ဟု ပိုနီက ဝင်တောလိုက်သည်။ ရဲက ဆက်ပြောသည်။

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပဲ ဘဏ်က ဆုငွေထုတ်ပြန်တယ်၊ ဒီ သူခိုးဖမ်းပေးနိုင်ရင် ပေးမယ်ပေါ့" ဟု ပြောပြီး အီမယ်ဘက်သို့လှည့် ခေါင်းညိတ်ကာ အခုတော့ မင်းပဲ ဖမ်းမိတာဆိုတော့ မင်းဆုငွေရမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကလည်း မင်းကို သတိရတဲ့အကြောင်းပြောပါလို့ မှာလိုက်တယ်။ မင်းလို သတ္တိရှိပြီး စွမ်းစွမ်းတမံလုပ်တဲ့သူကို ဂုဏ်ပြုရတာ ဝမ်းသာပါတယ်တဲ့ "

အိမယ်မှာ ဘာစကားမှမပြောတတ်တော့သဖြင့် ခေါင်းကိုသာ ညွှတ်လိုက်ရသည်။

ရဲသားသည် သူ့အိတ်ထဲက ငွေစက္ကူအထပ်ကြီးထုတ်၍ ရေတွက်ပြီးလျှင် စားပွဲပေါ်တွင် ချသည်။ ဒေါ်ဒေါ်မာသာက သူလုပ်တာကို လိုက်ကြည့်ရင်း ပါးစပ်က လိုက်ရေတွက်နေသည်။

ရဲသားက နောက်ဆုံးငွေစက္ကူချပ်ချလိုက်သည်နှင့် ဒေါ်ဒေါ်မာသာက "ဟင် ပေါင်ငါးဆယ်တောင်ပါလား" ဟု ပါးစပ်က ထွက်သွားသည်။ ပိုနီကလည်း အံ့ဩကာ "ဘုရားရေ" ဟု တ လိုက်သည်။

ရဲသားပေးသည့် ငွေပြေစာကို ဘွားဘွား လက်မှတ်ထိုးလိုက်ရသည်။



အိမယ်၏ဘွားဘွားက "ငါတော့ ယုံကို မယုံနိုင်ဘူးကွာ ယုံကို မယုံနိုင်ဘူး" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲသားမပြန်မီ ဒေါ်ဒေါ်မာသာက ချယ်ရီအဖျော်ရည် တိုက်လိုက်သေးသည်။

အီမယ်သည် သူ့ဘွားဘွားအနား ကပ်ထိုင်ကာ ဘာမှမပြောနိုင်ဘဲရှိသည်။ ဘွားဘွားက သူ့ကို ဖက်ထားသည်။ ခေါင်းခါပြီး "ငါတော့ ယုံကို မယုံနိုင်ဘူးကွာ၊ ယုံကိုမယုံနိုင်ဘူး" ဟုပြောသည်။

ပိုနီသည် ကုလားထိုင်ပေါ်မတ်တတ်ရပ်ပြီး တီးဝိုင်းခေါင်းဆောင်လုပ်သည့်ဟန်နှင့် "ဟိုကောင်လေးတွေ အားလုံးကို လက်ဖက်ရည်သောက် ဖိတ်မယ်၊ လက်ဖက်ရည်သောက် ဖိတ်မယ်" ဟု မြည်နေသည်။

အီမယ်မှာ အတော်ကြာမှ အသံထွက်လာပြီး "အေး၊ တို့ဖိတ်နိုင်ပြီ၊ ပြီးတော့ ဒါမလုပ်ခင် အရင်တစ်ခုလုပ်ရမယ်ကွ၊ မေမေ့ကို ဘာလင်လာခဲ့လို့ ခေါ်လိုက်မယ်"

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

## မစ္စစ်တစ်ရှဘီးကို မှာလိုက်ခြင်း

ချူးစဒပ်မြို့ မုန့်ဖုတ်ဖိုပိုင်ရှင်၏ဇနီး မစ္စစ်ဝပ်သည် နောက်တစ်နေ့ နံနက်စောစောတွင် မစ္စစ်တစ်ရှဘီးအိမ်သို့သွား၍ တံခါးခေါင်းလောင်း နှိပ်လိုက်သည်။

တံခါးပွင့်လာ၍ မစ္စစ်တစ်ရှဘီးထွက်လာလျှင် "မင်္ဂလာနံနက်ပါ၊ ဘယ့်နှယ်လဲ နေကောင်းရဲ့လား" ဟု နှုတ်ဆက်သည်။

"မင်္ဂလာနံနက်ပါ မစ္စစ်ဝပ်၊ ကျွန်မတော့ သိပ်စိတ်ပူနေတယ်။ ကျွန်မ သားလေး သွားကတည်းက ဘာသတင်းမှလည်း မကြားရသေးဘူး၊ တံခါး ခေါင်းလောင်းသံကြားတိုင်း စာပို့သမားမှတ်နေတာ၊ ဟုတ်လည်းမဟုတ်ဘူး၊ ညော် ဒါထက် ဆံပင်လုပ်ဖို့လာချိန်းတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ သတင်းစကား လာပြောတာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲရှင်"

"အိမ်ယ်ဆီကလေ သူက မေတ္တာတွေလည်း ပို့လိုက်ပါတယ်တဲ့"

"အို ဘုရားသခင်ကျေးဇူးတော်ပဲ၊ သူ အခုဘာဖြစ်နေလို့လဲ၊ ဘယ်ရောက်နေလဲ၊ ဘယ်လိုလုပ် သတင်းရတာလဲ၊ ဘာအကြောင်းလဲ ပြောပါဦး"

မစ္စစ်တစ်ရှာဘီးမှာ စကားဆက်နားမထောင်နိုင်အောင် ပျာယာခတ်နေသည်။

"ဒီလိုပါရှင့် မပူပါနဲ့၊ အိမ်ယ် နေကောင်းပါတယ်၊ ပြီးတော့ ရှင်ပြောရင် ယုံမလား၊အိမ်ယ်လေ ဟိုမှာ ဘဏ်သူခိုးဖမ်းမိလို့တဲ့၊ ဆုငွေထုတ်ထားဆိုပဲ၊ အဲဒီဆုငွေ အိမ်ယ်ရတာပေါ့၊ ပေါင်ငါးဆယ်တောင်မှပဲရှင့်၊ အဲဒါ ရှင်ဘယ်လိုသဘောရလဲ၊ ပြီးတော့ အခုနေ့လယ်ရထားနဲ့ ဘာလင်ကိုလိုက်ခဲ့ပါလို့ မှာလိုက်တယ်"

"ရှင် ဘယ်လိုလုပ် သိတာလဲ"

"ရှင့်ညီမ မစ္စစ်ဟိန်းဘိုးက ကျွန်မတို့ဆိုင်ကို တယ်လီဖုန်းဆက်တယ်၊ ဒီအကျိုးအကြောင်း ရှင့်ဆီကို ပြောလိုက်ပါတဲ့၊ အိမ်ယ်ကိုယ်တိုင်လည်းပြောတယ်၊ ရှင်တစ်ခါတည်း လိုက်လာခဲ့စေချင်သတဲ့၊ ရှင်သွားမယ် မဟုတ်လား၊ ရှင့်သား အိမ်ယ်မှာ ပိုက်ဆံတွေပေါနေပြီပဲ"

"အင်း သွားရမှာပေါ့လေ၊ ပေါင်ငါးဆယ်တဲ့လား၊ သူခိုးဖမ်းပေးလို့ ဆုရတယ်တဲ့လား၊ ဩော် ဖြစ်ရလေ ငါ့သားနှယ်၊ ဘာတွေများလျှောက်လုပ်နေပြန်ပါလိမ့်၊ ဒီလိုချည်းပဲ မဟုတ်တာတော့ အတော်လုပ်တတ်တာ" ဟု မစ္စစ်တစ်ရှာဘီးမှာ အမြီးမှန်းမသိ၊ ခေါင်းမှန်းမသိ လျှောက်ပြောနေတော့သည်။

မစ္စစ်ဝပ်က "ဘယ်က မဟုတ်တာ လုပ်ရမှာလဲ၊ ပေါင်ငါးဆယ်ဆိုတာ နည်းမှတ်လို့" ဟုပြောရာ မစ္စစ်တစ်ရှာဘီးက "ပိုက်ဆံအကြောင်းချည်း မပြောစမ်းပါနဲ့ရှင်" ဟု စိတ်မရှည်သလိုပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ အလည်အပတ်သွားရင်း ဒါထက်ဆိုးတာတွေ ကြုံကြသေးတာပဲ၊ ရှင် ဘာလင်ကို လိုက်သွားမှာပေါ့ ဟုတ်လား"

"လိုက်သွားမှဖြစ်မှာပေါ့ရှင့်၊ ဒီကောင်လေး မတွေ့ရမချင်း စိတ်ကိုအေးသေးဘူး"

"ကောင်းပါလေ့ရှင်၊ ခရီး ချောချောမောမောဖြစ်ပါစေ၊ ကဲ ပျော်ပျော်သေးနေခဲ့ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ မစ္စစ်ဝပ်" ဟု ပြောပြီး မစ္စစ်တစ်ရှာဘီးမှာ အံ့သြလွန်း၍ ခေါင်းတခါခါသာ ယမ်းနေမိတော့သည်။

ထိုညနေ ဘာလင်သွား မီးရထား စီးလာရာ မစ္စစ်တစ်ရှာဘီးမှာ တစ်ယောက်တည်း မနေတတ်မထိုင်တတ် စိတ်သာများနေတော့သည်။ မီးရထားပြတင်းပေါက် ခေါင်းထွက်ကြည့်လိုက်၊ ဟိုဟိုသည်သည် တွဲထဲမှာ လျှောက်ကြည့်လိုက်၊ လမ်းပေါ်က ကြေးနန်းတိုင်တွေ ရေတွက်ကြည့်လိုက်နှင့် စိတ်ကိုငြိမ်နိုင်ဖြစ်နေသည်။ မီးရထားကို နှေးသည်ထင်၍ ဆင်းတွန်းလိုက်ချင်သည်။ သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် လူတစ်ယောက် ထိုင်၍ သတင်းစာဖတ်နေသည်။ သူ့မျက်စိက ဟိုဟိုသည်သည်ကြည့်ရင်း သတင်းစာဆီသို့ ရောက်သွားရာ "အမလေး ဘုရားရေ" ဟု အော်တဲ့ပြီး ထိုလူလက်ထဲမှ သတင်းစာကို ဆွဲလုလိုက်သည်။ ထိုလူမှာ သည်မိန်းမကြီး ရူးများနေပလားဟု ထင်မိသည်။

"ကြည့်စမ်း ကြည့်စမ်း အီမယ်ရယ်၊ ကျွန်မသားလေး" ဟု ပြောပြီး သတင်းစာထဲ မျက်နှာဖုံးတွင်ပါသည့် ဓာတ်ပုံကို ထောက်ပြသည်။

"ဪ ဟုတ်လား၊ ခင်ဗျားက တစ်ရှာဘီးဆိုတဲ့ သူငယ်ရဲ့ အမေကိုး၊ ချီးကျူးပါတယ်ဗျာ၊ ဂုဏ်ပြုပါတယ်" ဟု သတင်းစာရှင်က သည်မိန်းမရူးတာမဟုတ်လို့တော်ပါသေးရဲ့ဟု စိတ်သက်သာရာရကာ ပြောလိုက်သည်။

"ဒါလောက်နဲ့ ဂုဏ်ပြုစရာ မဟုတ်သေးပါဘူးရှင်" ဟု ခပ်တိုးတိုးပြန်

www.burmeseclassic.com



ပြောသည်။ ပြောရင်းပင် သတင်းခေါင်းစဉ် စာလုံးကြီးများကိုဖတ်မိနေသည်။

**'သူငယ်စုံထောက်ကလေး၏ အစွမ်း၊ ဘာလင်မြို့ ကလေးတစ်ရ ကျော် သူခိုးဖမ်းခြင်း'**

ခေါင်းစဉ်အောက်တွင် အီမယ်၏အဖြစ်အပျက်များကို နျူးစဒပ်မြို့ ရထားစီးထွက်လာသည့်အချိန်မှ ရဲဌာနချုပ်ကိုရောက်သည်အထိ အပြည် အစုံ ရေးသားထားသည်။ မစ္စစ်တစ်ရှဘီး ကိုင်ထားသော သတင်းစာမှ လေမတိုက်ဘဲနှင့် တဖျပ်ဖျပ်လှုပ်နေသည်။ သတင်းစာရှင်ကလည်း ဖတ်ချ လှ၍ မစောင့်နိုင် ဖြစ်နေသော်လည်း အီမယ်၏ဓာတ်ပုံနှင့် သူ့သတင်းမှ သတင်းစာမျက်နှာဖုံး တစ်ခုလုံး အပြည့်ဖြစ်၍ သူ့အမေမှာ အတော်ကြ ဖတ်ရသည်။

နောက်ဆုံး ဖတ်ပြီး၍ သတင်းစာကို ချထားလိုက်ပြီး အီမယ်၏ အမေ က စိတ်ပျက်လက်ပျက်နှင့် ဟင်းချကာ ပြောလိုက်သည်။ "ကြည့်လေ၊ သ ချည်း တစ်ယောက်တည်း လွှတ်လိုက်မိတာနဲ့ ဒီဥစ္စာတွေ လျှောက်ဖြစ်က တာပဲ၊ ပြီးတော့ သေသေချာချာ မှာလိုက်သား၊ ငွေကိုမပျောက်စေနဲ့လို့ ဘယ်လိုများလုပ်ပြီး ဖြစ်တယ်မသိ၊ အိမ်မှာ ဘယ်လောက် ကျပ်တည်းတ ဆိုတာလည်း သိသားနဲ့များ၊ ငွေခုနစ်ပေါင်လုံးလုံး အိတ်ထဲကနေပြီး လူခို သွားခံရသတဲ့တော်"

"ဒါတော့ သူလည်း မောပန်းပြီး အိပ်ပျော်သွားတာကိုး၊ သူခိုးကလည် သူ့ကို အိပ်မွေ့ချချင်ချမှာ၊ ဒါမျိုးက ဖြစ်ဖူးလုပြီ၊ ပြီးတော့ လူငယ်လေ တွေ တော်လိုက်ကြတာနော်၊ တကယ်ပဲ လုပ်တတ် ကိုင်တတ် ရှိကြတာ တကယ့်ကို ထူးတဲ့ လူငယ်တွေပဲ၊ ထူးပါတယ်" ဟု သတင်းစာနှင့်လ ပြောရာ မစ္စစ်တစ်ရှဘီးမှာ အတော်ပင် သဘောကျသွားသည်။

"ဟုတ်ပါတယ်လေ၊ အီမယ်က တော်ရှာပါတယ်၊ စာလည်း ကြိုး တယ်၊ အတန်းထဲမှာလည်း ထိပ်က နေတာပဲ၊ ဒါပေမဲ့လေ သူတို့လုပ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုများ ခြေချော် လက်ချော်ဖြစ်ရင် မခက်ပါလား၊ တွေးမိတိုင်း ရင်တုန်လိုက်ပါဘိတော့တယ်။ အခုတော့ ပြီးတာပြီးလို့ ကောင်းကောင်းမွန်မွန် ဖြစ်သွားတာတော်ပါသေးရဲ့၊ နောက်များတော့ သူ့ကို ဘယ်တော့မှ တစ်ယောက်တည်း မလွှတ်ဘူး၊ သူ့ဘာများ ဖြစ်ဦးမလဲလို့ ပူတာနဲ့ သေရလိမ့်မယ်"

"ဒီခါတ်ပုံက သူနဲ့တူရဲ့လား"

"ဟုတ်ကဲ့ တူပါတယ်၊ ရုပ်ကလေးက သနားကမားလို့ မထင်ဘူးလား"

"ဟုတ်တယ်၊ ရုပ်ကလေးက မခေဘူး၊ လူတော်လေးပဲ၊ ကြီးရင်လည်း လူတော် လူကောင်းဖြစ်မှာပဲ"

"ဟုတ်ကဲ့ ကြည့်ပါဦး၊ ဓာတ်ပုံရိုက်တဲ့ဥစ္စာ နည်းနည်းပါးပါးလေးမှ ဂရုမစိုက်ဘူး၊ အပေါ်အင်္ကျီကြီးက တွန့်လို့၊ ထိုင်တဲ့အခါ ကြယ်သီးဖြုတ်ထားလို့ ပြောတာကို ဘယ်တော့မှ ဂရုမစိုက်ဘူး"

"အဲလေ ဒီအပြစ်လောက်ပဲရှိတယ်ဆိုရင် တော်သေးတာပေါ့" ဟု သတင်းစာနှင့်လူက ရယ်မောပြောလိုက်သည်။

"အိုး သူကကောင်းရှာပါတယ်၊ အပြစ် အကြီးအကျယ်ဆိုလောက်အောင် မရှိပါဘူး" ဟုပြောပြီး အီမယ်၏အမေသည် ဝမ်းသာဝမ်းနည်းဖြစ်ဟာ နှပ်ညှစ်လိုက်သည်။

ထိုလူ မီးရထားပေါ်မှ ဆင်းသွားသောအခါ သတင်းစာကို ပေးထားခဲ့သဖြင့် အီမယ့်အမေသည် သူ့သား၏ စွန့်စားခန်းများကို ဖရက်ဒြစ်ဘူတာရောက်မီ ဆယ့်တစ်ကြိမ်တိတိ ထပ်ထပ်ဖတ်သည်။

ဘူတာရုံတွင် အီမယ်သည် သူ့အမေကို ဂုဏ်ပြုသောအားဖြင့် ဝတ်စုံအသစ် ကျကျနနဝတ်ကာ ကြိုနေသည်။ အမေ့ကို ပြေးဖက်၍ "ကဲ မေမေ ဘယ်လို သဘောရလဲ" ဟု မေးရာ "အေး ဒါနဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ဦး" ဟု သတိပေးသည်။ အီမယ်က "မေမေလိုက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဝမ်းသာတာပဲ" ဟု ပြောကာ လက်ချင်းတွဲ ခေါ်ယူလာသည်။

"သူခိုးလိုက်ရတာနဲ့ ဝတ်စုံလည်း ကြေကုန်ပါပကော" ဟု အမေက ဆူသည်။ သို့သော် တကယ်စိတ်ဆိုး၍ ဆူသည်မဟုတ်မှန်းအီမယ်သိသည်။

"အသစ်ဝယ်တာပေါ့ မေမေရာ၊ မေမေသဘောတူရင်လေ"

"ဘယ်ကများ ဝယ်မှာလဲ ပြောစမ်းပါဦး"

"တချို့ဆိုင်တွေက ကျွန်တော်ရယ်၊ ဂူးစတပ်ရယ်၊ ပရော်ဖက်ဆာရယ်ကို ဝတ်စုံတွေ အခမဲ့ ချုပ်ပေးချင်တယ်တဲ့၊ စုံထောက်ကလေးတွေ သူတို့ဆိုင်က ဝတ်စုံဝတ်တယ်ဆိုတာ ကြော်ငြာချင်တာပေါ့ သိလား"

"အင်း ဒီလိုကိုး" ဟု အမေကပြောရာ အီမယ်က ဟန်ပန်နှင့်ပြောပြန်သည်။ "ဒါပေမဲ့ ကျွန်တော်တို့က ဘယ်လက်ခံမလဲ၊ ဝတ်စုံတွေမလိုချင်ဘဲ ဘောလုံးလိုချင်ရင်လည်း ရမယ်လို့ပြောပါတယ်။ သူတို့ကလည်း ဘာလို့များ ဒါတွေ လျှောက်လုပ်တယ်မသိဘူး၊ ရှုပ်လိုက်တာလွန်ရော၊ လူကြီးတွေများ ဒီလိုပဲ ထင်ပါရဲ့၊ ကျွန်တော်တို့က ဒါမျိုးဘာရမလဲ"

"အေး ကောင်းပေ့၊ ကောင်းပေ့" ဟု အမေက သြဘာပေးလိုက်သည်။

"ငွေကို ဦးလေးက ဗီရိုထဲ ထည့်သိမ်းထားတယ်။ ဦးဆုံး မေမေ့ဆိုင်မှာ သုံးဖို့ လျှပ်စစ်နဲ့လည်တဲ့ ဆံပင်အခြောက်လှန်းတဲ့စက် ဝယ်ရမယ်၊ ပြီးတော့ သားမွေးတွေ ဘာတွေပါတဲ့ တကယ့် ဆောင်းတွင်း ကုတ်အင်္ကျီဝယ်ရမယ်၊ ကျွန်တော့်အတွက်တော့ ဘာဝယ်ရဦးမယ် မသိသေးပါဘူး၊ ဘောလုံးဖြစ်ဖြစ်ပေါ့၊ ဒါမှမဟုတ်ရင်လည်း ကင်မရာပေါ့၊ ကြည့်ဦးမယ်လေ"

"ငွေကို ဘဏ်အပ်ထားလိုက်ရင် ကောင်းမယ်ထင်တယ်၊ ဒါမှနောက်ကျရင် ဝမ်းသာမှာ"

"ဦးဆုံး ဆိုင်ဖို့ ဆံပင်အခြောက်လှန်းစက်နဲ့ ကုတ်အင်္ကျီဝယ်ရမယ်၊ ကျန်တာတော့စုထားပေါ့"

"အေးကွာ၊ ကြည့်သေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ခေတ်ပုံ သတင်းစာထဲပါတာ သိလား၊ ကျွန်တော်တို့လူစု အကြောင်းတွေ စုံလို့၊ သူတို့ရေးကြတယ်"

"အေး မီးရထားပေါ်မှာ သတင်းစာတစ်စောင် ဖတ်ခဲ့ရတယ်၊ မေမေဖြင့် ဘွာ အစမှာ သိပ်စိတ်ပူသွားတာပဲ၊ မင်းနေကောင်းတယ်နော်၊ ဘာမှမဖြစ်ဘူး ဆုတ်လား"

"ကောင်းပါတယ်မေမေ၊ ပြီးတော့မှ အကုန်ပြန်ပြောပြဦးမယ်၊ ဒီပြင် ကောင်လေးတွေနဲ့လည်း တွေ့ရမယ်"

"ဒီပြင်ကောင်လေးတွေက ဘယ်မှာလဲ"

"ဒေါ်ဒေါ်မာသာတို့ အိမ်မှာလေ၊ မနေ့က သစ်တော်သီး ကိတ်မုန့်ဖုတ် တယ်၊ ဒီညနေ ဟိုကောင်တွေအားလုံးဖိတ်ပြီး ကျွေးမှာလေ၊ အခုဆိုရောက်လို့ အတော်ဆူနေကြရော့မယ်"

ဒေါ်ဒေါ်မာသာတို့အိမ်တွင် ဆူညံနေသည်။ ဝူးစတပ်၊ ပရော်ဖက်ဆာ၊ ဘရမ်း၊ မစ်တလားညီအစ်ကို၊ ဂျာရဒ်၊ ဖရက်ဒြစ်၊ ထရော့၊ ဖိုးအင်္ဂါလေးနှင့် ကျို့လူကလေးများ အားလုံး လာကြသည်။ ကုလားထိုင်မလောက်ကြသဖြင့် ထပ်ထိုင်ကြရသည်။ ပိုနီမှာ ချောကလက်အဖျော်ပူပူကို အိုးကြီးနှင့်ထည့်၍ သူတို့ပန်းကန်တွေထဲ လိုက်ထည့်ပေးနေရသည်။ ဒေါ်ဒေါ်မာသာ၏ သစ် တော်သီးကိတ်မှာ အလွန်စားကောင်းလှသည်။ ဘွားဘွားမှာ ဆိုဖာပေါ် ထိုင်၍ သူတို့ကိုကြည့် ရယ်မောနေပုံမှာ ဆယ်နှစ်ခန့် ငယ်သွားပုံရသည်။

အီမယ်တို့သားအမိ ဝင်လာကြသောအခါ တစ်ခဲနက် ဩဘာပေး၍ ကြိုဆိုကြသည်။ အီမယ်က သူ့မိတ်ဆွေတွေနှင့် မိတ်ဆက်ပေးသည်။ အမေ က တစ်ယောက်စီ တစ်ယောက်စီ ကျေးဇူးတင်စကားပြောသည်။

အီမယ်က အဆိုသွင်းလိုက်သည်။ "တို့တစ်တွေ ဆိုင်တွေက ပေးမယ် ဆိုတဲ့ ဘောလုံးတို့ အကျီဝတ်စုံတို့ကို မယူကြဘူး၊ သူတို့ကြော်ငြာချင်လို့ပေး တာတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂူးစတပ်က "တို့ကလည်း ဒီလိုတာတာပါပဲ" ဟု ပြော၍ သူ့ဟွန်းကို တီးလိုက်ရာ၊ ဒေါ်ဒေါ်မာသာ၏ ပန်းအိုးတွေတောင် လှုပ်ကုန်သည်။

ထို့နောက် ဘွားဘွားက သူ့ရှေ့အနားရစ်နှင့် လက်ဖက်ရည်ပန်းကန်ကို ဇွန်းနှင့်ခေါက်၍ အချက်ပေးပြီး ဤသို့ပြောသည်။

"နားထောင်ကြစမ်းကွယ်ရို့၊ မင်းတို့ကို ပြောစရာတစ်ခုရှိတယ်၊ မင်းတို့တော်ကြောင်း ချီးကျူးမလို့ မဟုတ်ဘူး၊ ဒါတွေကတော့ မင်းတို့ကိုပြောတဲ့ လူတွေအများကြီး မိုးလျှံနေပြီ၊ မင်းတို့သွေးမြောက်ကုန်မှာတောင် စိုးရသေးတယ်၊ ဒီတော့ ငါကတော့ ထပ်မချီးကျူးဘူး၊ တကယ့်ကို ငါကတော့ ထပ်မချီးကျူးဘူး"



ချောကလက် အဖျော်ပူပူကို ဇွန်းကြီးနှင့်ထည့် တို့လူကလေးများ၏ ပန်းကန်တွေထဲ ထည့်ပေးနေသည်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးငြိမ်နေကြသည်။ အစားတောင် ဆက်မစားကြဘဲ နားထောင်နေကြသည်။

"အေး၊ ကလေးတွေ တစ်ရာလောက် ဝိုင်းကူပေးလို့ သူခိုးမိတာများတော့ ဘာမှ တော်တယ်လို့ ပြောနေစရာ မဟုတ်ဘူးလို့ ငါထင်တယ်။ ဒါပြောလို့ စိတ်မဆိုးကြနဲ့နော် ဟုတ်လား"

ဘွားဘွားက ပြုံး၍ ကြည်နူးသောအမူအရာနှင့် အားလုံး မျက်နှာတွေကို ကြည့်သည်။

"ဒါပေမဲ့ မင်းတို့ထဲက တစ်ယောက်ရှိတယ်။ သူများလို သူခိုးနောက်ဘ လိုက်ချင်တယ်၊ ခတ်လှေကားမောင်းတဲ့ ကောင်လေးဝတ်တဲ့ယူနီဖောင်းသည်းဝတ်ချင်တယ်။ ဒါပေမဲ့ အိမ်မှာ ထိုင်နေပါ့မယ်လို့ ကတိပေးပြီး အိမ်မှာပဲနေတယ်။ ကတိအတိုင်း တစ်သဝေမတိမ်းလုပ်ရှာတယ်"

သူတို့အားလုံး ဖိုးအင်္ဂါလေးကို ကြည့်ကြရာ၊ ဖိုးအင်္ဂါလေးမှာ မျက်နှာနီ၍ မျက်နှာမထားတတ်ဖြစ်နေသည်။

"ဟုတ်တယ်၊ ဖိုးအင်္ဂါလေးကိုပြောတာ။ သူ့ခမျာ အိမ်ထဲမှာ နှစ်ရက်အားလုံးနေပြီး တယ်လီဖုန်းစောင့်နေရတယ်၊ သူ့တာဝန်အနေနဲ့ ကျေပွန်အောင်လုပ်တယ်၊ ဘာမှ အထိတ်တလန့်ပျော်စရာ စိတ်အားတက်စရာ မရှိဘူး၊ ဒါပေမဲ့ ဘွားဘွားကတော့ ချီးကျူးတယ်။ မင်းတို့အားလုံးလည်း သူ့ကို ဂုဏ်ယူကြစေချင်တယ်။ ကဲ- ဖိုးအင်္ဂါလေးကို ဩဘာ သုံးကြိမ် ပေးကြပါ"

ထိုသို့ ဘွားဘွားက ပြောလိုက်ရာ၊ အားလုံး စိတ်ပါလက်ပါ ထခုန်ကြသည်။

ပိုနီသည် သူ့ပါးစပ်ကို လက်နှင့်ကာ၍ ပိုအသံထွက်အောင်လုပ်သည်။ ဒေါ်ဒေါ်မာသာနှင့် အီမယ်အမေတို့လည်း မီးဖိုထဲကထွက်လာ၍ ဝင်ပြီးဩဘာပေးကြသည်။

အားလုံးပြန်ထိုင်ကြလျှင် ဖိုးအင်္ဂါလေးက သက်ပြင်းတစ်ချက်ပင့်၍

www.burmeseclassic.com

www.burmeseclassic.com



ပြီး "ကျေးဇူးတင်ပါတယ်ကွာ၊ ဒါလောက်လည်း မပြောလောက်ပါဘူး၊ ထပ် မပြောကြပါနဲ့တော့" ဟု ဆိုသည်။

ပိုနီက လက်ထဲတွင် ချောကလက်ဖျော်ရည်ပူပူ ကရားကြီးကိုင်ကာ-

"ယူကြဦးမလားဟေ့၊ အခု အီမယ်အတွက် ဩဘာပေးပြီး သောက် ကြရအောင်" ဟု လိုက်ပြောနေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

## သင်ခန်းစာယူကြဖို့

ညနေအတော်စောင်းမှ လူစုခွဲလိုက်ကြသည်။ သူငယ်လေးများ မပြန်မီ၊ ပရော်ဖက်ဆာ့အိမ်သို့ နောက်တစ်နေ့ ပိုနီနှင့် အီမယ်တို့ လက်ဖက်ရည်သောက် လာပါမည်ဟု ပြောလိုက်သည်။ မကြာမီပင် မစ္စတာဟိမ်းဘိုး ပြန်လာ၍ ညစာစားကြသည်။ စားသောက်ပြီးလျှင် မစ္စတာဟိမ်းဘိုးက သေတ္တာထဲက ငွေထုတ်၍ မစ္စစ်တစ်ရှဘီးကို ပေးသည်။

"ငွေကို ဘဏ်မှာ အပ်ထားလိုက်တာ ကောင်းမယ်" ဟု အကြံပေးရာ မစ္စစ်တစ်ရှဘီးက "ဟုတ်တယ်၊ ကျွန်မလည်း ဒီလိုလုပ်မလို့ပါ" ဟု ပြောသည်။

အီမယ်က ဝင်၍ "ဟင်– ဒီလိုမဟုတ်ဘူး၊ ဒီလိုဆိုရင် ငွေ့တာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသေးလဲ၊ မေမေ့ဆိုင်အတွက် ဆံပင်အခြောက်လှန်းစက် ဝယ်ရမယ်၊ ဆောင်းကာကုတ်အကျႌဝယ်ရမယ်။ ကျွန်တော့်ပိုက်ဆံပဲ၊ ကျွန်တော့်ကိုပေးတာ ကျွန်တော်သုံးချင်သလို သုံးလို့မရဘူးလား"ဟု ပြောရာ သူ့ဦးလေးက–

"မရဘူးကွဲ့၊ မင်းက ကလေးရှိသေးတာ၊ မင်းအမေကပဲ ဘယ်လိုသုံးဖို့ ဆုံးဖြတ်နိုင်တယ်"ဟု ပြောလိုက်သည်။

အီမယ်သည် နေရာမှထ၍ ပြတင်းပေါက်နားသို့ လျှောက်သွားသည်။

ပိုနီက ကြားဝင်၍ "ဖေဖေတို့ လူကြီးတွေကလည်း သိပ်ခက်တာပဲ၊ အီမယ်က သူ့အမေဖို့ဝယ်ချင်တယ်ဆိုတာ မသိကြဘူးလား"ဟု ပြောသည်။

ဘွားဘွားက ဝင်ပြောသည်။ "အေးလေ၊ ဆံပင်ခြောက်စက်နဲ့ ကုတ်အကျႌ ဝယ်ပေးစေပေါ့၊ ကျန်တာတော့ ဘဏ်အပ်ပေါ့ ဟုတ်လား အီမယ်"

"ဟုတ်ကဲ့ မေမေသဘောတူရင် ပြီးတာပါပဲ"

"အေးပါ သူ့ငွေးလေးရယ်၊ တို့သဘောတူပါတယ်"

"ဒါဖြင့် မနက်ကျရင် ဈေးဝယ်ထွက်မယ်၊ ပိုနီလည်း လိုက်ခဲ့ပေါ့ ဟုတ်လား"ဟု အီမယ်ကပြောရာ ပိုနီက "အေး၊ ငါလိုက်မှာပေါ့၊ မင်းတို့ဈေးဝယ်ထွက်နေတုန်း ငါကအိမ်မှာ ဘာလုပ်ပြီး ကျန်ခဲ့ရမှာလဲ၊ ခြင်ဖမ်းနေရမှာလား၊ ဒေါ်ဒေါ်ဖို့ ဆံပင်ခြောက်လှန်းစက်ဝယ်ပေးပြီးရင် မင်းအတွက်လည်း မင်းဝယ်ဦး၊ ငါ့လို စက်ဘီးဝယ်ပါလားကွ၊ နို့မို့ ငါ့စက်ဘီး မင်းစီးတာနဲ့ ပျက်ကုန်မှာ"ဟု ပြန်ပြောသည်။

အီမယ်အမေက "ဟင် အီမယ်၊ ပိုနီရဲ့စက်ဘီးကိုများ ချိုးပစ်ထားပြီးပြီလား"ဟု စိုးရိမ်တကြီးမေးလိုက်သည်။

"မဟုတ်ပါဘူး မေမေရာ၊ ကျွန်တော်နဲ့ နိမ့်နေလို့၊ ထိုင်ခုံကို နည်းနည်းမြှင့်တင်ထားတာပါ၊ ပြီးတော့လည်း ပိုနီက စက်ဘီးအပြိုင်စီးသလို၊ ရှုံ့ကုန်းကုန်း စီးတတ်သေးတာ"

ထိုအခါ ပိုနီက "အံမယ်၊ မင်းကလား၊ ငါ့စက်ဘီးကို နောက်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



များကလိုရင် မင်းမခေါ်တော့ဘူးကွ"

"ဟော့ ပိုနီ၊ မင်းသာ ပိန်တာရိုးကောင်မလေးမဟုတ်ရင် ငါ့အကြောင်း သိသွားမယ်၊ ဒီနေ့ မင်းနဲ့ရန်မဖြစ်ချင်ပါဘူး၊ ငါ့ပိုက်ဆံနဲ့ငါ ဘာဝယ်ဝယ်-ခဝယ်ဝယ် မင်းနဲ့မဆိုင်ပါဘူး" ဟု ပြော၍ အိမယ်က ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ဟန်ပန်နှင့် ပြောလိုက်သည်။

ဘွားဘွားက "မင်းတို့နှစ်ကောင် တော်ကြစမ်း၊ ရန်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူး" ဟု ဝင်ဖျန်ဖြေသဖြင့် ကိစ္စပြီးသွားသည်။

အတန်ကြာလျှင် မစ္စတာဟိမ်းဘိုးသည် ခွေးနှင့်လမ်းလျှောက်ဦးမည် ပြော၍ ထွက်သွားသည်။ အမှန်တွင် သူတို့မှာ ခွေးမရှိချေ။ ညနေတိုင် သူ့အဖေ ဘီယာတစ်ခွက် သွားသောက်သည်ကို ပိုနီက 'ခွေးနှင့်လမ်းလျှောက် သည်' ဟုခေါ်သည်။

သူအပြင်ထွက်နေစဉ် ဘွားဘွား၊ ပိုနီ၊ အိမယ်နှင့် သူတို့အမေတို့သည် လွန်ခဲ့သည့် နှစ်ရက်က ဖြစ်သည့် အဖြစ်အပျက်များကို ပြန်ပြောနေကြသည်။

ဒေါ်ဒေါ်မာသာက "အဲလေ အနာခံမှ အသာစံရသတဲ့" ဟုပြောရာ အိမယ်က "ကျွန်တော်လည်း သိသွားပြီ၊ သူတစ်မိမ်းဆိုရင် ဘယ်တော့မှ စိတ်မချတော့ဘူး" ဟု ပြောသည်။ သူ့အမေကလည်း "နောက်များကို ကလေးတစ်ယောက်တည်း ခရီးမလွှတ်တော့ဘူး" ဟု ဆိုသည်။

ဘွားဘွားက "နှင့်ဥစ္စာ မဟုတ်သေးပါဘူး၊ တောက်တီးတောက်တဲ့" ဟု မာန်သည်။

ပိုနီက ကုလားထိုင်ပေါ်တွင် ခွစီးပြီး "တောက်တီးတောက်တဲ့၊ တောက် တီးတောက်တဲ့" ဟု လိုက်အော်သည်။

ဒေါ်ဒေါ်မာသာက "ဒါဖြင့် ခုလိုဖြစ်ရတဲ့ကိစ္စမှာ သင်ခန်းစာယူစရာ မရှိဘူးလို့ ထင်သလား" ဟု မေးရာ ဘွားဘွားက-

"ဟာ- ယူရမှာပေါ့၊ ယူရမှာပေါ့" ဟု ဘွားဘွားကပြောရာ အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



ပင် "ဒါဖြင့် ဘယ်လိုလဲ" ဟု တစ်သံတည်း မေးကြသည်။

ဘွားဘွားက "မှတ်ထား၊ ငွေဆိုတာ အမြဲစာတိုက်ကပို့တာ အကောင်းဆုံးပဲ" ဟု ရယ်မောပြောလိုက်ရာ ပိုနီက "သရီးချီးယား" ဟု အော်၍ သူခွစီးနေသည့် ကုလားထိုင်ကို အပြင်ဘက်သို့ တွန်းသွားလေသတည်း။ ။

ခင်မျိုးချစ်

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်ခင်မျိုးချစ်

၁၉၁၅– စစ်ကိုင်းမြို့တွင် ၁၂၇၇ ခုနှစ် ကဆုန်လဆုတ် ၄ ရက်၊ စနေနေ့ (၁၊ မေ၊၁၉၁၅) ၌ အဘ ရာဇဝတ်ဝန်ထောက် ဦးတော်၊ အမိဒေါ်သန်းတင်တို့မှ ဖွားမြင်သည်။ မွေးချင်းသုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ မခင်မြ ဖြစ်သည်။

၁၉၂၀– ပြည်မြို့အစိုးရကျောင်းမှ မူလတန်း အောင်မြင်သည်။

၁၉၂၈– သရက်မြို့အစိုးရ အထက်တန်းကျောင်းမှ သတ္တမတန်း အောင်မြင်သည်။

၁၉၃၂– မိတ္ထီလာအမျိုးသားကျောင်းမှ ဆယ်တန်းအောင်မြင်၍ တက္ကသိုလ်သို့ ဆက်သွား၏။ တစ်နှစ်သာနေပြီး ကျောင်းထွက်လိုက်ရ၏။

၁၉၃၂–၃၃– တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း ဝသန္တစာစောင် တွင် ဆာဝါလတာစကော့၏ ကဗျာတစ်ပုဒ်ကို မှီငြမ်းပြု ထားသော တေးထပ်နှစ်ပုဒ်ကို ပို့လိုက်ရာ 'ခင်မျိုးချစ်' ဟူ၍ ကလောင်အမည်တပ်၍ ဖော်ပြခြင်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၃–၃၄– ဒဂုန်မဂ္ဂဇင်း၌ စာစတင်ရေးသားခဲ့၏။

၁၉၃၆– သူရိယသတင်းစာတွင် 'ကောလိပ်ကျောင်းသူ' အခန်းဆက် ဝတ္ထုရှည်ကိုရေးခဲ့၏။ လုံးချင်းအဖြစ် ပုံနှိပ်ထုတ်ဝေခြင်းခံရ၏။

၁၉၃၈– ကျောင်းသားသပိတ်ကြီးတွင် သပိတ်မှောက်သူတစ်ဦးအဖြစ် နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့၏။

၁၉၃၉– ဦးခင်မောင်လတ် (အင်္ဂလိပ်လုပ်သားသတင်းစာအယ်ဒီတာချုပ်ဟောင်း၊ နိုင်ငံဂုဏ်ရည် ဒုတိယအဆင့်) နှင့် အိမ်ထောင်ပြုခဲ့သည်။ သားဖြစ်သူမှာ သချၤာပါမောက္ခ ဒေါက်တာခင်မောင်ဝင်းဖြစ်သည်။

၁၉၄၀– နဂါးနီစာအုပ်တိုက်အတွက် စစ်နှောင်ကြိုး၊ စစ်သူလျှိုများ၊ လူ့မုန်တိုင်း၊ ဘုန်းမယ့်သခင် စာအုပ်များကို ဘာသာပြန်ဆိုပေးခဲ့၏။

၁၉၄၁–၄၅– ဘီစီအေစစ်ရုံး၌ အမှုထမ်းခဲ့၏။ အမှုထမ်းနေစဉ် 'သုံးနှစ်တာ ဂျပန်လက်အောက်ခံဘဝ – Three Years under the Japs' အမည်ရှိသော စာအုပ်ငယ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည်။

၁၉၄၇– အိုးဝေသတင်းစာ၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့၏။ အိန္ဒိယ နိုင်ငံနယူးဒေလီမြို့တွင် ကျင်းပသော အာရှညီလာခံသို့ ဦးကျော်မြင့် ခေါင်းဆောင်၍ ဒေါက်တာသာလှ၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးဝင်း(မြင်းသုဝဏ်) တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈– တိုင်းရင်းသူ ဂျာနယ်၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၉–၅၂– စာပေဗိမာန်တွင် စာပြုအဖြစ် အမှုထမ်းခဲ့၏။ ရိပ်သာယာ၊ သတင်းစာလောက စသည့်စာအုပ်များ ပြုစုခဲ့သည်။

၁၉၅၂– တက္ကသိုလ် ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာအဓိက) စာမေးပွဲကို အောင်မြင်ခဲ့၏။

၁၉၅၃–၅၄– အပျင်းဖြေနည်း၊ ကမ္ဘာကျော်ကြား စာနှင့်စကား၊ ရှိတ်စပီးယားပုံပြင်များ (ပတွဲ ဒုတွဲ) ကို စာပေဗိမာန် စာစဉ်များအဖြစ် ရေးသားပြုစုခဲ့၏။

၁၉၅၆– မေလ ဂါးဒီးယန်း မဂ္ဂဇင်းတွင် '၁၃ ရတီစိန်ကြီး– 13 Carat Diamond' ဝတ္ထုကို စတင်ဖော်ပြခြင်းခံရသည်။ ၎င်းဝတ္ထုကို ဂျာမန်၊ ရုရှ၊ ယူဂိုဆလပ်၊ အီတလီ ဘာသာများသို့ ပြန်ဆိုခြင်းခံရသည်။

၁၉၅၈–၆၂– အင်္ဂလိပ်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အယ်ဒီတာအဖြစ် အမှုထမ်းရင်း Heroes of Old Burma ဝတ္ထုရှည်၊ The Quest for Peace ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ဆောင်းပါးအမြောက်အမြား ရေးသားခဲ့၏။

၁၉၆၉– The 13-Carat Diamond & Other Stories စာအုပ်ကို ထုတ်ဝေခဲ့၏။ 'နှစ်လောကတိုက်ပွဲ' အမည်ဖြင့် ဒင်းနစ်ဝှစ်လီ၏ စာအုပ်ကို ဘာသာပြန် ထုတ်ဝေခဲ့၏။

၁၉၇၀– အရှေ့တောင်အာရှ နိုင်ငံများမှ စာရေးဆရာများ ပါဝင်ယှဉ်ပြိုင်ကြသော အင်္ဂလိပ်ဘာသာဝတ္ထုတို ပြိုင်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



Her Infinite Variety ဝတ္ထုတိုသည် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့၏။

- တို့လူလေးများ ဆိုသလေးနှင့် ဥရောပစာပေ၊ ရှေးခေတ် အလယ်ခေတ်စာအုပ်များကို ပြုစုထုတ်ဝေခဲ့၏။
- အင်္ဂလိပ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အခန်းဆက်ရေးသားသော Heroes of Old Burma ဝတ္ထုရှည်ကို စာပေဗိမာန်မှ Anawrahta of Burma အမည်ဖြင့်ထုတ်ဝေရာ နိုင်ငံခြားသားများ ကြိုက်နှစ်သက်စွာ ဖတ်ရှုခြင်းခံရသည်။
- ခင်ပွန်းဖြစ်သူနှင့်တွဲဖက်၍ 'မိသားစုအတွက် ပျော်တော်ဆက် ဟာသစာစောင်' ကို ထုတ်ဝေခဲ့၏။ ထိုစာစောင်တွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့၏။

၁၉၇၄- 'မိုင်ကယ်အိန်ဂျယ်လို' စာအုပ်ကို ဘာသာပြန် ထုတ်ဝေခဲ့သည်။

၁၉၇၆- 'စွန့်ခဲ့ရ ကျွန်မဘဝပါရှင်' အမည်ဖြင့် အာ၊ ဂျေမင်းနီး ရေးသော စာအုပ်ကို ဘာသာပြန်ထုတ်ဝေခဲ့၏။

- 'ဥရောပယဉ်ကျေးမှု အနုပညာမိတ်ဆက်' စာအုပ်ကို ထုတ်ဝေခဲ့၏။
- မြန်မာယဉ်ကျေးမှု အနုပညာ၊ ဘာသာရေး ဓလေ့ထုံးစံနှင့် ပတ်သက်၍ အင်္ဂလိပ်လို ရေးသားချက်များကို စုပေါင်း၍ 'Colourful Burma' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၇- 'Colourful Burma' နှင့် 'Burmese Scenes & Sketches 'စာအုပ် ၂ အုပ်ကို ပူးပေါင်း၍ 'Colourful Burma - enlarged edition ' ကို ထုတ်ဝေခဲ့၏။

၁၉၈၀- 'Flowers and Festivals Round the Burmese Year' အမည်ရှိ စာအုပ်ကို ပြုစုထုတ်ဝေခဲ့၏။

- Asia Magazine၌ 'Kyaikhtiyo' အမည်ဖြင့် ကျိုက်ထီးရိုးဘုရားအကြောင်း ဆောင်းပါး ဖော်ပြခြင်းခံရသည်။

၁၉၈၁- 'A Pagoda where Fairytale Characters Come to Life' အမည်ရှိ အင်္ဂလိပ်ဘာသာဖြင့် မယ်လမုဘုရားအကြောင်း ရေးသားသည့် ဆောင်းပါးကို Asia Magazine၌ဖော်ပြခြင်းခံရသည်။

၁၉၈၃- မတ်လတွင် မော်ကွန်းဝင် တတိယအဆင့်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။

၁၉၉၉- ဇန်နဝါရီ၊ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ဒေါ်ခင်မျိုးချစ်၏ ကလောင်အမည်ကွဲများ

၁။ ခင်မျိုးချစ်

၂။ မခင်မြ

www.burmeseclassic.com